# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကမမွတာစံကြရာ**

**အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။**

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်၊ သောကြာနေ့။ | Friday, 3 April 2020 | ၉၉၇၄


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ ယမန်နေ့က ပြည်သူလေးဦးနှင့် ဆွေးနွေးခဲ့သည်များနှင့်ပတ်သက်၍

## ပြီးစီးဆောင်ရွက်နိုင်ခဲ့သည်များ အသိပေးဖော်ပြထား

**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီ ၁ ရက်မှစတင်၍ ဖေ့စ်ဘွတ်ကို စတင်အသုံးပြုခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် “Facebook ကိုသုံးဖို့ ဆန္ဒလုံးဝမရှိခဲ့ပါ။ ဒီအချိန်မှာတော့ COVID-19 စိန်ခေါ်မှုတွေနဲ့ပတ်သက်ပြီး ပြည်သူတွေနဲ့ မြန်မြန်ဆန်ဆန်ထိထိရောက်ရောက်ဆက်သွယ်နိုင်ဖို့ သုံးလိုက်ပါတယ်” ဟု ရေးသားထားသည်။

ယနေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ “မနေ့ကပြည်သူ(၄)ဦးနဲ့ဆွေးနွေးခဲ့တာတွေနဲ့ပတ်သက်လို့ ဒီနေ့ထိ ပြီးစီးဆောင်ရွက်နိုင်ခဲ့တာတွေကို အသိပေးချင်ပါတယ်။

ငပုတောမြို့နယ်မှ သူနာပြုဆရာမလေး ဒေါ်နန်းထက်ထက်ခိုင် တင်ပြချက်များနဲ့ပတ်သက်လို့ကတော့ ရေရရှိရေးအတွက် လူကယ်ပြန်ဝန်ကြီးဌာနနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့ တာဝန်ယူ လုပ်ဆောင်ပါမယ်။ PPE (၁၀)စုံ၊ လက်အိတ်(၂၀၀)၊ mask(၂၀၀)နဲ့ thermometer (၅)ခု ပုသိမ်မှ ပို့လိုက်ပါပြီ။ လှိုင်သာယာမှ ဒေါက်တာခင်ရူပါစိုး တင်ပြချက်များနဲ့ပတ်သက်လို့ကတော့ ဒီနေ့ PPE အစုံ(၅၀၀) ထုတ်ပေးပြီးပါပြီ။

We Love Yangon မှ ဦးဆန်းမောင်မောင်တင်ပြချက်များနဲ့ပတ်သက်လို့ကတော့ ဖယ်ရီကား(၄)စီး တိုင်းဒေသကြီးအစိုးရက စီစဉ်ထားပြီး အလှူရှင်များလည်း ဆက်သွယ်လှူဒါန်းနေပါတယ်။ ဘုန်းတော်ကြီးကျောင်းများဆွမ်းတာဝန်ကို ရန်ကုန်တိုင်းအစိုးရနဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ တာဝန်ယူပါမယ်။

“အောင်” ပရဟိတမှ ဦးကောင်းမြတ်သူ တင်ပြချက်များနဲ့ပတ်သက်လို့ကတော့ ဖယ်ရီကား(၂)စီးကို ရန်ကုန်တိုင်းအစိုးရက ပံ့ပိုးပါမယ်။ ကွန်ပျူတာ(၁၀)လုံး၊ အလှူရှင်မရှိပါက ရန်ကုန်တိုင်းအစိုးရ ပံ့ပိုးပါမယ်။

ပြည်သူတွေအတွက် လိုအပ်ချက်တွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနေပါတယ်။ ပြည်သူတွေနဲ့ ဆက်သွယ်ခွင့်ရတာ ဝမ်းသာကျေးဇူးတင်ပါတယ်။ ဘုန်းတော်ကြီးကျောင်းထွက်၊ အညာသားလေး ဖေဖေက မိန့်ခွန်းပြောရင် တစ်ခါတလေ ပါဠိစကားလေးတွေနဲ့အဆုံးသတ်ပါတယ်။ ဖေဖေ တစ်ခါက ပြောခဲ့သလို–“မြန်မာတွေအားလုံး အဝေရာဟောန္တု” ထပ်ဆင့်ပြီး – ကမ္ဘာသူကမ္ဘာသားတွေအားလုံး အဝေရာဟောန္တု။” ဟု ရေးသားထားသည်။

သတင်းစဉ်




# ကုန်စည်များသယ်ယူပို့ဆောင်ရန် မြန်မာအမျိုးသားလေကြောင်းလိုင်း ရန်ကုန်-ဗန်ကောက် စင်းလုံးငှားခရီးစဉ် ပျံသန်းမည်

**ရန်ကုန် ဧပြီ ၂**

ကိုဗစ်-၁၉ ကာလအတွင်း မြန်မာအမျိုးသားလေကြောင်းလိုင်းက နိုင်ငံအတွင်း လူသုံးကုန်ပစ္စည်းများ မပြတ်လပ်စေရေး၊ ကုန်စည်များတင်ပို့နိုင်ရေး၊ ဆေးနှင့်ဆေးပစ္စည်းများသယ်ဆောင်ရေးအတွက် စင်းလုံးငှားလေကြောင်းခရီးစဉ် ရန်ကုန်- ဗန်ကောက်-ရန်ကုန်အား ပျံသန်းပေးမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်မှူးကြီး ဦးခုတ်ခန့်မောင်က ပြောသည်။


စာမျက်နှာ ၄ ကော်လံ ၄ သို့ ❐


**ကြေးမုံ ယနေ့ ဖတ်စရာ**

■ နေပြည်တော်ကောင်စီနယ်မြေ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့်ချေးငွေကို ကူးသန်းရောင်းဝယ်ရေးဘဏ် ရွှေပြေးစီမံကိန်း စတင်ထုတ်ချေး


စာမျက်နှာ » ၄


■ ဒိုင်ဗင်တင်လှနှင့် ရုပ်ရှင်စကားဝိုင်း


စာမျက်နှာ » ၆


■ COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ


စာမျက်နှာ » ၁၇



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## အသိတရားဖြင့် ကြည်ကြည်ဖြူဖြူလက်ခံ

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၊ ပြည်သူလူထု ရောဂါကင်းဝေးစေရန် အသိပေးခြင်း၊ လိုက်နာဆောင်ရွက်စေခြင်းတို့ကို မကြာခဏ ပြောကြားလျက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧပြီလ ၁ ရက်နေ့က ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ရာ ယခုအခါ တစ်ကမ္ဘာလုံး၌ တစ်ဦးချင်းစီက မိမိကိုယ်တိုင် ကာကွယ်ထိန်းသိမ်းရေးနှင့် တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ် မနေထိုင်ရေးသည် အရေးကြီးကြောင်း၊ Quarantine ၁၄ ရက်ကာလကို ကြည်ကြည်ဖြူဖြူ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ Quarantine ၁၄ ရက်ကာလသည် များစွာကြန့်ကြာသည့် ကာလ မဟုတ်ကြောင်း၊ Quarantine ၁၄ ရက်ကာလကို အခက်အခဲဟုရှုမြင်ပြီး ညွှန်ကြားချက်များကို မလိုက်နာပါက ယခု ကိုဗစ် - ၁၉ ကပ်ရောဂါကို မည်သို့မျှ ကျော်လွှား နိုင်မည် မဟုတ်ကြောင်း သတိပေးပြောကြားခဲ့သည်။

ယခုအခါ ပြည်သူလူထုအားလုံးတို့သည် ကပ်ရောဂါဘေးမှ ကင်းဝေးစေရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အား လိုက်နာဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ သို့သော် အချို့သောပြည်သူများမှာ အသိအမြင် ဗဟုသုတနည်းပါး၍လည်းကောင်း၊ ညွှန်ကြားချက်များကို အလေးမထားသဖြင့်လည်းကောင်း လုပ်မြဲ၊ ကိုင်မြဲ၊ နေမြဲ ရှိနေကြသေးသည်။ အထူးသဖြင့် တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်နေထိုင်မှုများ ရှိနေဆဲဖြစ်ပြီး ပြည်ပမှရောက်ရှိလာသူများ၊ စောင့်ကြည့်ရမည့်သူများ သံသယရှိသူအချို့သည် Quarantine ၁၄ ရက်ကာလကို ကြည်ကြည်ဖြူဖြူ မလိုက်နာမှုလည်း ရှိနေသည်။

ယခုအခါ ရောဂါတွေ့ရှိသူ ၁၆ ဦးတွင် လွန်ခဲ့သော ၁၄ ရက်အတွင်း ခရီးသွားရာဇဝင် မရှိသောသူများလည်း ပါဝင်လာသည်ကို တွေ့ရသည်။ ခရီးသွားရာဇဝင်မရှိဘဲ ပြည်တွင်းနေသူတို့၌ ရောဂါတွေ့ရှိခြင်းသည် စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်လာနိုင်သည်။ ထို့ကြောင့် ရောဂါကာကွယ်ရေးအတွက် သက်ဆိုင်ရာတို့က နေ့စဉ်အသိပေးလျက်ရှိသည့် ညွှန်ကြားချက်များကို အတိအကျလိုက်နာကြရန် လိုအပ်ပေသည်။ မိမိတို့၏ စိတ်အလိုကိုလိုက်၍ ရောဂါဖြစ်နိုင်သည်တို့ကို မျက်ကွယ်ပြုလိုက်ပါက ရောဂါကူးစက်နိုင်သည်ကို သတိချပ်ရမည် ဖြစ်သည်။

ယခုကဲ့သို့ အချိန်အခါမျိုးတွင် စိတ်ဓာတ်ခိုင်မာရမည်ဖြစ်ကြောင်း၊ ထိန်းမနိုင်သိမ်းမရအခြေအနေအထိ မဖြစ်ပွားအောင် ထိန်းချုပ်ထားနိုင်မည်ဆိုလျှင် စိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အတူတကွ လက်တွဲရင်ဆိုင်ရန်းကန်ရင်း ညီအစ်ကိုမောင်နှမစိတ်ဓာတ်များ ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများအနေဖြင့် ပြည်သူလူထုကိုသည်းခံပြီး ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကို ၎င်းတို့ရှင်းလင်းစွာ နားလည်သည်အထိ ထပ်တလဲလဲ ရှင်းပြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် လူထုပါဝင်မှုမြင့်မားကြောင်း၊ တတ်နိုင်သမျှ ကူညီကြခြင်းသည် လွန်စွာတန်ဖိုးရှိသည့် အလေ့အထဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အသိပေးပြောကြားထားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် စွန့်စွန့်စားစား အနစ်နာခံဆောင်ရွက်နေကြသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ကျေးဇူးတင်အသိအမှတ်ပြုရမည်ဖြစ်သလို ပါဝင်ဆောင်ရွက်နေကြသည့် ပြည်သူလူထုကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသားများ၏ အခြေအနေကို နားလည်သိရှိသဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ကိုင်ရာတွင် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်ပေးရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မှာကြားချက်များသည် ပြည်သူလူထုအပေါ်ထားရှိသည့် စေတနာမေတ္တာ ဖြစ်သည်။

ထို့ကြောင့် ပြည်သူပြည်သားအပေါင်းတို့သည် ကိုဗစ်-၁၉ ရောဂါ လျော့ပါးကင်းဝေးရေးအတွက် နိုင်ငံတော်အစိုးရနှင့် စေတနာ့ဝန်ထမ်း ပြည်သူအပေါင်းတို့က အမျိုးသားရေးအသိဖြင့် အလေးထားဆောင်ရွက်ပေးနေချိန်တွင် ကိုဗစ်-၁၉ ရောဂါကင်းဝေးစေရန် အသိတရားဖြင့် ကြည်ကြည်ဖြူဖြူ နားလည်လက်ခံကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြိတ်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပင်လယ်ပြင်မှ ပြန်လည်ဝင်ရောက်လာမည့် ရေလုပ်သားများအား ကျန်းမာရေးစစ်ဆေးမည်



မြိတ် ဧပြီ ၂

မြန်မာ့ပင်လယ် ငါးလုပ်ငန်း ရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသော ငါးဖမ်းလှေများ၊ ငါးသယ်လှေများသည် ဧပြီလ ပထမပတ်တွင် ပင်လယ်ပြင်မှ ပြန်လည်ဝင်ရောက်လာကြမည်ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ရောက်ရှိလာကြမည့် နေရပ်ပြန် ငါးဖမ်းလှေများရှိ ရေလုပ်သားများအား ကျန်းမာရေး စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငါးဖမ်းလှေများနှင့် ငါးသယ်လှေများသည် လုပ်ငန်းသဘောသဘာဝအရ မြန်မာလ လပြည့်နေ့မတိုင်မီ လုပ်ငန်းခွင်မှ ပြန်လည်ဝင်ရောက်လေ့ရှိသဖြင့် ဧပြီ ၄ ရက်မှ ၈ ရက်အထိ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီတို့တွင် ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးမှုများကို တိုးမြှင့်ကာ ရောက်ရှိလာကြမည့် ငါးသယ်လှေများရှိ ရေလုပ်သားများအား ဆိပ်ငယ်ဇောတံတား အရှေ့ရေပြင်တွင်လည်းကောင်း၊ ငါးဖမ်းလှေများရှိ ရေလုပ်သားများကို ထူးထူးတိုးတံတားမှ ငါးလေလံဈေးအထိ အရှေ့ရေပြင်တွင်လည်းကောင်း ကျန်းမာရေးစစ်ဆေးဆောင်ရွက်သွားမည် ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ရောက်ရှိလာကြမည့် ငါးဖမ်းလှေများရှိ ရေလုပ်သားများအား ကျန်းမာရေး စစ်ဆေးနိုင်ရန်အတွက် ကျွန်းစုမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း၊ မြိတ်ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဦးစီးကော်မတီနှင့် ငါးလုပ်ငန်း အဖွဲ့ချုပ်တို့က နေရပ်ပြန် ငါးဖမ်း/သယ် လုပ်ငန်းလုပ်ကိုင်နေကြသော ဒေသခံ ရေလုပ်သားများအား ပြန်လည် ရောက်ရှိလာပါက စစ်ဆေးဆောင်ရွက်မည့် အစီအမံများ ညှိနှိုင်းဆွေးနွေးပွဲတွင် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

ငါးဖမ်းကွက်များအတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသော ငါးဖမ်းလှေများ၊ ငါးသယ်လှေ အစင်းရေ ၁၀၀ ကျော်၊ ရေလုပ်သား နှစ်သောင်းခန့် ပြန်လည်ရောက်ရှိလာပါက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးမှုများကို တိုးမြှင့်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း၊ ပင်လယ်ပြင်မှ ပြန်လည် ဝင်ရောက်လာကြမည့် ငါးဖမ်း/သယ်လှေများရှိ ရေလုပ်သားများအားလုံး ကျန်းမာရေးစစ်ဆေးခံရန် ကုမ္ပဏီများ၊ ရေလုပ်ငန်းရှင်များ၊ လှေအေးဂျင့်များကို သိရှိလိုက်နာ ပူးပေါင်းဆောင်ရွက်ရန် ငါးလုပ်ငန်း ဦးစီးဌာနက အကြောင်းကြားထားကြောင်း၊ ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ကြိုတင်ကာကွယ်ခြင်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက မတ် ၂၅ ရက်မှစတင်ကာ မြိတ်စစ်ဆေးရေးစခန်း၌ စစ်ဆေးခံသော ငါးဖမ်း၊ ငါးသယ်လှေများရှိရေလုပ်သားများအား ပုံမှန်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

## ရွှေသောင်ယံမြို့တွင်း၊ မြို့ပြင် ကျန်းမာရေးအသိပညာပေးအချက်အလက်များ လိုက်လံနှိုးဆော်

ရွှေသောင်ယံ ဧပြီ ၂

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့တွင် ယမန်နေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီတို့က မြို့တွင်းရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် ကိုဗစ် - ၁၉ ရောဂါနှင့် ပတ်သက်၍ အသိပညာပေးအချက်အလက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် လိုက်လံနှိုးဆော်မှုများ ပြုလုပ်ခဲ့သည်။

ထို့ပြင် အုပ်စုကျေးရွာများဖြစ်သည့် နွယ်ညို ချောင်းကျေးရွာ၊ သဲကျင်းကျေးရွာ၊ ပိုးလောင်းကျေးရွာတို့ရှိ နေအိမ်၌သာနေရန် ထားရှိသောနေရာများသို့ သွားရောက်၍ အပူချိန်တိုင်းပေးခြင်း၊ လိုအပ်ပါက နှာခေါင်းစည်းများ ဝေငှပေးခြင်း၊ ကျန်းမာရေး စာစောင်များဝေငှခြင်း၊ ပိုးသတ်ဆေးများ ဖျန်းပေးခြင်း စသည်ဖြင့် လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကိုကိုမောင်(ပြန်/ဆက်)

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂-၄-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၅၀၀ | ၂,၅၅၇ | ၂၄,၇၅၆,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၄၀၀ | ၆,၈၃၉ | ၂၃,၃၇၄,၄၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၂၆ | ၂၀၂,၈၀၀ |
| FPB | ၂၁,၀၀၀ | ၂၁,၀၀၀ | ၂၆၄ | ၅,၅၄၄,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁၉ | ၅၁,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂

ရန်ကုန်(ရွှေဈေး) ၁၁၃၅၀၀၀ မန္တလေး(ရွှေဈေး) ၁၁၃၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၃၀ ကျပ် | ၅၃၀/၅၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၀၀/၅၆၅ ကျပ် | ၆၀၅/၆၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၆၀/၄၀၀ ကျပ် | ၄၃၀/၄၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၄၅ ကျပ် | ၅၄၅/၅၅၅ ကျပ် |

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၄၃၅/၄၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၄၅/၄၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၂၉၀/၃၁၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၈.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၇.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၀၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၄၂၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၀.၆၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၃၀၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၃.၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၉၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၅၃.၉၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၈.၃၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မိုမိုအောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးတွေ့ဆုံပွဲ တက်ရောက်

**နေပြည်တော် မေ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေး တွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီက ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ကိုဗစ်-၁၉ ရောဂါသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း၊ ယခုလို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံရသည်မှာ အုပ်ချုပ်ရေးမှူးများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ဆောင်ရသည့်နေရာတွင် အဓိကကျသည့်လူများဖြစ်သောကြောင့် တခြားလူကိုမကူးစက်အောင် ကာကွယ်ပေးရမည့် နည်းလမ်းများကို ပြောကြားပေးရမည်ဖြစ်ကြောင်း၊ ရောဂါသည်သာမန်မဟုတ်ဘဲ မိမိတို့နိုင်ငံအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မဆောင်ရွက်လျှင် အခြားဥရောပတိုက်က ဒုက္ခရောက်သည့် နိုင်ငံများလိုဖြစ်လာနိုင်ကြောင်းနှင့် အကောင်းဆုံးနည်းလမ်းမှာ ကြိုတင်ကာကွယ်ခြင်းဖြစ်ကြောင်း၊ ကာကွယ်ရာတွင်လည်း လူတစ်ဦးနဲ့တစ်ဦး သုံးပေအကွာနေခြင်း၊ လူစုလူဝေးကိုရှောင်ကြဉ်ခြင်း၊ မကြာခဏ လက်ကိုဆပ်ပြာနှင့်ဆေးခြင်းနှင့် နှာခေါင်းစည်းဖြင့် ကာကွယ်ထားခြင်းတို့ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိအုပ်ချုပ်ရာ နယ်နိမိတ်အတွင်းရှိ အိမ်ထောင်စုတိုင်းကို ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉)မကူးစက်အောင် ကာကွယ်ပေးရမည့် နည်းလမ်းများကို နားလည် သဘောပေါက်အောင် စည်းရုံးရှင်းလင်း ပြောကြားပေးရမည်ဖြစ်ပြီး နိုင်ငံခြားမှ ပြန်လာသူများကိုလည်း စည်းရုံး၍ ၁၄ ရက်ကြာ စောင့်ကြည့်လူနာများထားရှိရာ နေရာများ သို့ ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးပြောကြားပြီး နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်ဝဏ္ဏစိုးက ကိုဗစ်-၁၉ ရောဂါ ဖြစ်ရသည့်အကြောင်းရင်းများ၊ နည်းပညာဆိုင်ရာအချက်အလက်များနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်မှုအတွက် ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးနေလင်းက နေပြည်တော်ကောင်စီနယ်မြေအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာများနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



## ကိုဗစ် - ၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး ညောင်တုန်းမြို့၌ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ညောင်တုန်း မေ ၂**

ညောင်တုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများ၊ ကာကွယ်ဆေးဖျန်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

### ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်

ပြည်ပနိုင်ငံများမှ နေရပ်သို့ပြန်လည်ရောက်ရှိလာသူ ၁၀၀ ကျော်ကိုလည်း မြို့ပေါ်နှင့် ကျေးလက်ဒေသများရှိ အ.ထ.ကကျောင်းများတွင် ကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိရာ ကျန်းမာရေးဌာန၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

ညောင်တုန်းမြို့တွင် ရောင်းချပေးလျက်ရှိသော ဆန်နှင့် အခြေခံစားသောက်ကုန်များ၊ အခြားသောကုန်ပစ္စည်းများမှာလည်း ဈေးနှုန်းမြင့်တက်ခြင်းမရှိဘဲ ပုံမှန်အတိုင်းရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ဆန်စက်လုပ်ငန်းရှင်များအသင်းကလည်း စားသုံးသူပြည်သူများ အခက်အခဲမရှိစေရေးအတွက် ဧည့်မထဆန်တစ်အိတ်လျှင် ကျပ်၂၄၀၀၀၊ ပြည်ကောက်ဝယ်ယူလိုသူများ အနေဖြင့်တစ်ပြည် ကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချပေးနိုင်ရေးအတွက်လည်း ဆန်အိတ်ပေါင်း တစ်သိန်းကျော်စီစဉ်ထားကြောင်း သိရသည်။

ပင်စင်ထုတ်သူများ၊ လစာထုတ်သူများ၊ ငွေသွင်း၊ ငွေထုတ်သူများဖြင့်နေ့စဉ်လူဝင်၊ လူထွက်အများဆုံးဖြစ်သော ညောင်တုန်းမြို့ မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာနှင့် ဝန်ထမ်းများကလည်း ကိုဗစ် – ၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် ပညာပေးဆောင်ရွက်ကြသည့်အပြင် ဘဏ်သို့လာရောက်သူတိုင်း စနစ်တကျလက်ဆေးခြင်း၊ အပူချိန်တိုင်းခြင်းများကို နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

### ပိုးသတ်ဆေးများ ဖျန်းပေး

အနာဂတ်လမ်းလူငယ်ကွန်ရက်(ROE Youth Network)ကဦးဆောင်ကာ ပီတိလူငယ်ပရဟိတအသင်း၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များပါဝင်သော ဆေးဖျန်းအဖွဲ့ကလည်း စောင့်ကြည့်ရေးစင်တာများ၊ ဌာနဆိုင်ရာရုံးများ၊ ဈေးများ၊ ဈေးဆိုင်များ၊ မော်တော်ဆိပ်များ၊ ဘဏ်များ၊ ဆေးခန်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အဦများ၊ လူစည်ကားရာနေရာများ၊ ရပ်ကွက်များသို့ မေ ၁ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် ပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခဲ့ကာ ပညာပေးလက်ကမ်းစာစောင်များလည်း ဝေငှခဲ့ကြသည်။

**နေလင်း(ညောင်တုန်း)**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်ခြင်း

တောင်သူလယ်သမားဦးကြီးများအနေဖြင့် လယ်ယာလုပ်သား အခက်အခဲများကြောင့် လယ်ယာလုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရန်နှင့် လယ်ယာကုန်ထုတ်လုပ်မှု မထိခိုက်စေရန်တို့အတွက် လူအင်အားအနည်းဆုံးဖြင့် စက်ကိရိယာများအသုံးပြု၍ ထွန်ယက်ရေး၊ စိုက်ပျိုးရေးနှင့် ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြရန် အလို့ငှာ စက်မှုလယ်ယာဦးစီးဌာနက စွမ်းအားရှိသရွေ့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် နီးစပ်ရာ စက်မှုလယ်ယာစခန်းများတွင်လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များသို့လည်းကောင်း ဆက်သွယ်အကူအညီ ရယူနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

| | | |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ် | - | ၀၉-၅၀၀၇၅၇၆<br>၀၆၇-၃၄၃၁၂၁၀ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | - | ၀၉-၂၅၀ ၂၈၉ ၂၉၉<br>၀၆၇-၃၄၃၁၂၁၂ |
| ညွှန်ကြားရေးမှူး(လုပ်ငန်း) | - | ၀၉-၄၂၂ ၀၀၀ ၂၂၁ |
| ညွှန်ကြားရေးမှူးချုပ်ရုံး | - | ၀၆၇ ၃၄၃၁၂၃၄ |
| စက်မှုလယ်ယာဦးစီးဌာန(လုပ်ငန်းဌာနခွဲ) | - | ၀၆၇-၃၄၃၁၂၁၈ |

တိုင်းဒေသကြီးနှင့် ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနရုံးများ
မြို့နယ်စက်မှုလယ်ယာစခန်းများ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## တောင်သူလယ်သမား ဦးကြီးများသို့ အသိပေးကြေညာချက်

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်အရင်းအနှီးများအတွက် နှစ်စဉ်ရာသီအလိုက် **စိုက်ပျိုးစရိတ်ချေးငွေ** နှင့် **စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေး ၂ ဆင့် ချေးငွေ** (JICA, Two Step Loan)၊ **စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ ၂ ဆင့် ချေးငွေ (MEB, Two Step Loan)** တို့ကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူဦးကြီးများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ရရှိစေရေးအတွက် လက်ရှိထုတ်ချေးပေးလျက်ရှိသော စိုက်ပျိုးစရိတ်ချေးငွေနှင့် JICA, Two Step Loan ချေးငွေ၊ MEB, Two Step Loan ချေးငွေများအပေါ် ကောက်ခံသည့် အတိုးနှုန်းများကို အောက်ဖော်ပြပါအတိုင်း လျှော့ချပြင်ဆင် ကောက်ခံသွားမည်ဖြစ်ပါသည်-

| စဉ် | ချေးငွေအမျိုးအစား | လက်ရှိအတိုးနှုန်း (၁ နှစ်) | ပြင်ဆင်သည့်အတိုးနှုန်း (၁ နှစ်) |
|---|---|---|---|
| (က) | စိုက်ပျိုးစရိတ်ချေးငွေ | ၈ % | ၇ % |
| (ခ) | JICA , Two Step Loan | ၈ % | ၆.၅ % |
| (ဂ) | MEB, Two Step Loan | ၉ % | ၈ % |

၃။ တောင်သူများ၏ စုဆောင်းအပ်နှံငွေအပေါ် ပေးမည့်အတိုးနှုန်းကိုလည်း ထုတ်ချေးငွေအပေါ် အတိုးနှုန်းနှင့် လိုက်လျောညီထွေဖြစ်စေရန် လက်ရှိအတိုးနှုန်း **၁ နှစ် ၈% မှ ၆.၅%** သို့ ပြင်ဆင်မည်ဖြစ်ပါသည်။

၄။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးငွေနှင့် စုဆောင်းအပ်ငွေတို့အပေါ် ပြင်ဆင်သည့် အတိုးနှုန်းသည် ၂၀၂၀ ပြည့်နှစ်၊ မေလ(၁)ရက်နေ့မှ စတင် အကျိုးသက်ရောက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## ‘ဝ’အမျိုးသားပါတီ (WA NATIONAL PARTY)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၇၇ / ၂၀၂၀ )
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက် )

**‘ဝ’အမျိုးသားပါတီ (WA NATIONAL PARTY )ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့၊ ပန်လုံလမ်းရပ်ကွက်၊ ပန်လုံလမ်း၊ အမှတ်(၃၉)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **‘ဝ’အမျိုးသားပါတီ (WA NATIONAL PARTY )** ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**‘ဝ’အမျိုးသားပါတီ (WA NATIONAL PARTY )** ၏ မှတ်ပုံတင်အမှတ်သည် (၁၂၈) ဖြစ်ပါသည်။

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၇၈ / ၂၀၂၀ )
၁၃၈၁ ခုနှစ် ၊ တန်ခူးလဆန်း ၁၀ ရက်
( ၂၀၂၀ ပြည့်နှစ် ၊ ဧပြီလ ၂ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ**ကို မှတ်ပုံတင်အမှတ် (၁၀)၊ ၂၁-၅-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၄၇/၂၀၁၀) ဖြင့် လည်းကောင်း၊ **‘ဝ’ဒီမိုကရက်တစ်ပါတီ** ကို မှတ်ပုံတင်အမှတ် (၂၉)၊ ၂-၆-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၆၉/၂၀၁၀) ဖြင့်လည်းကောင်း၊ **‘ဝ’လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ**ကို မှတ်ပုံတင်အမှတ် (၁၀၁)၊ ၁၈-၁၁-၂၀၁၆ ရက်စွဲပါ ကြေညာချက်အမှတ် (၃၁/၂၀၁၆) ဖြင့် လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ**၊ **‘ဝ’ဒီမိုကရက်တစ်ပါတီ** နှင့် **‘ဝ’လစ်ဘရယ် ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ**တို့ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် **‘ဝ’ အမျိုးသားပါတီ (WA NATIONAL PARTY )** အဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ကော်မရှင်က လိုအပ်သလိုစိစစ်ပြီး **‘ဝ’အမျိုးသားပါတီ (WA NATIONAL PARTY )**ကို မှတ်ပုံတင်အမှတ် (၁၂၈)၊ ၂-၄-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၇၇/၂၀၂၀)ဖြင့် မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့ မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၂၅ အရ **‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ**၊ **‘ဝ’ဒီမိုကရက်တစ်ပါတီ**နှင့် **‘ဝ’လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ** တို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းရမည် ဖြစ်ပါသည်။ ထိုသို့ ဖျက်သိမ်းလိုက်သော ပါတီများ၏ ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို **‘ဝ’အမျိုးသားပါတီ (WA NATIONAL PARTY )** ပိုင်ပစ္စည်းများအဖြစ် စာရင်းပြောင်း လက်ခံရယူဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ**၊ **‘ဝ’ဒီမိုကရက်တစ်ပါတီ** နှင့် **‘ဝ’လစ်ဘရယ် ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ** တို့ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းအား ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းကြောင်း ကြေညာလိုက်သည်။

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နေပြည်တော်ကောင်စီနယ်မြေ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့်ချေးငွေကို ကူးသန်းရောင်းဝယ်ရေးဘဏ် ရွှေ့ပြေးစီမံကိန်း စတင်ထုတ်ချေး

**နေပြည်တော် ဧပြီ ၂**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသများရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်သည့် အရင်းအနှီးအတွက် လွယ်ကူလျင်မြန်စွာဖြင့် ချေးငွေစိစစ်ထုတ်ချေးရန် စမ်းသပ်စီမံကိန်း တစ်ခုကို ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါစမ်းသပ်စီမံကိန်းကို ဝန်ကြီးဌာနက ကြီးကြပ်၍ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့က ပူးပေါင်းလုပ်ဆောင်မည်ဖြစ်သည်။



**ထုတ်ချေးခဲ့**

သို့ဖြစ်ရာ စီမံကိန်းတွင် ပါဝင်သောချေးငွေများ စတင်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက နေပြည်တော် မြန်မာ့စီးပွားရေးဘဏ် မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်တို့ ဦးဆောင်၍ ဘဏ်မှတာဝန်ရှိသူများနှင့် ချေးငွေရယူမည့် တောင်သူ ၁၃ ဦးတို့ တက်ရောက်ကြသည်။ အဆိုပါ စီမံကိန်းအရ နေပြည်တော် ပျဉ်းမနားမြို့နယ်မှ စိုက်ပျိုးမွေးမြူရေး ချေးငွေလျှောက်ထားသူ ၁၃ ဦးသို့ ချေးငွေကျပ် ၁၂၆ သန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

**စီးပွားရေးပုံစံများအပေါ် အခြေခံ**

ရွှေ့ပြေးစီမံကိန်းမှ ထုတ်ချေးသည့် ချေးငွေမှာ ပုံမှန်ထုတ်ချေးနေသည့်ကာလတို စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးသည့်ပုံစံဖြင့် မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းဆောင်ရွက်လိုသည့် စိုက်ပျိုးမွေးမြူရေး တောင်သူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းသဘာဝနှင့် ဆောင်ရွက်မည့် စီးပွားရေးပုံစံများအပေါ် အခြေခံ၍ ချေးငွေသက်တမ်း တစ်နှစ်မှ သုံးနှစ်အထိ ခွင့်ပြုပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်သည့် ကူးသန်းရောင်းဝယ်ရေးဘဏ် အတိုးနှုန်းများနှင့်အညီ သတ်မှတ်မည်ဖြစ်သည်။

အဆိုပါ ရွှေ့ပြေးစီမံကိန်းကို နေပြည်တော်တွင်သာမက ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ပြီး ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ တိုးတက်မြင့်မားစေရန်အတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ပါဝင်လုပ်ကိုင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ထုတ်ချေးသွားမည်ဖြစ်သည်။ ယခင် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များမှ ချေးငွေရယူသည့်အခါ အဓိကအားဖြင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၊ မြေနှင့် အဆောက်အအုံတို့ရှိမှသာ ရယူနိုင်သည့်အခြေအနေမှ ဤစီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက ကျေးလက်နေပြည်သူများ၏ အိမ်ဂရန်၊ မြေဂရန် မရှိမှုအခက်အခဲ၊ ပုံစံ(၇)ကို အာမခံအဖြစ် ထားရှိ၍ မရသည့်အခြေအနေ၊ ချေးငွေကို ရာသီအလိုက်သာ ရရှိသည့် အခက်အခဲ၊ ပြင်ပမှ အတိုးကြီးမားစွာဖြင့် ချေးငွေရယူရသည့်ကိစ္စရပ်များကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက သောက်သုံးရေ ဖူလုံစေရေးအတွက် ကျေးရွာများသို့ ရေလှူဒါန်း

**နေပြည်တော် ဧပြီ ၂**

နေပြည်တော် ပျဉ်းမနားမြို့နယ် ကံဦးရပ်ကွက်၊ တောင်သာနှင့် မဲကုန်း ကျေးရွာများသို့ သောက်သုံးရေဖူလုံစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက်လှူဒါန်းသည်။



ထိုသို့ လှူဒါန်းရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ ကံဦးရပ်ကွက်သို့ ရေဂါလန် ၂၀၀၀၊ တောင်သာကျေးရွာသို့ ရေဂါလန် ၂၀၀၀ နှင့် မဲကုန်းကျေးရွာသို့ ရေဂါလန် ၂၀၀၀ စုစုပေါင်း ရေဂါလန် ၆၀၀၀ အား အိမ်ထောင်စုအလိုက် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်ဖြင့် သယ်ဆောင်၍ စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့သည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ ကျေးရွာများသို့လည်း သောက်သုံးရေဖူလုံစေရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက အလှည့်ကျ ရေပေးဝေလှူဒါန်းသွားမည် ဖြစ်ကြောင်းနှင့် ယမန်နှစ်ကလည်း ကျေးရွာခြောက်ရွာသို့ ရေဂါလန် ၆၀၀၀၀ လှူဒါန်းပြီး မိုးမကျမီကာလထိ သောက်သုံးရေ ဆက်လက် လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်**

❒ **ရွှေ့ဖုံးမှ**

“အစီအစဉ်အရတော့ မနက်ဖြန်စပြေးမှာပါ။ အဓိကကတော့ ဆေးနှင့် ဆေးပစ္စည်းတွေကို သယ်ဆောင်ပျံသန်းမှာပါ။ နေ့တိုင်းလည်း ပြေးဆွဲမှာ မဟုတ်ပါဘူး။ ဒီလထဲမှာ ခြောက်ခေါက်၊ ခုနစ်ခေါက်ထက်တော့ မပိုပါဘူး။ အဓိကက ဟိုဘက်က ဆေးနဲ့ဆေးပစ္စည်းတွေ လှူဒါန်းတာတွေရှိတယ်။ ကျွန်တော်တို့ဆီကလည်း ဝယ်တဲ့ပစ္စည်းတွေရှိတယ်။ အဲဒါမျိုးကို အဓိကထားပြီး သယ်ယူပို့ဆောင်ပေးတာဖြစ်ပါတယ်”ဟု လေယာဉ်မှူးကြီး ဦးခုတ်ခန့်မောင်က ပြောသည်။

အဆိုပါ ကုန်တင်စင်းလုံးငှား ခရီးစဉ်ကို ဧပြီ ၃ ရက်၊ ၈ ရက်၊ ၁၁ ရက်၊ ၂၂ ရက်၊ ၂၅ ရက်နှင့် ၂၉ ရက်တို့တွင် ရန်ကုန်-ဗန်ကောက်- ရန်ကုန်ခရီးစဉ် ပျံသန်းသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ဆီမှာ ခရီးသည်တင်လေယာဉ်တွေကိုပဲ ပိတ်တာပါ။ ကွင်းပိတ်တာ မဟုတ်ပါဘူး။ ခရီးသည်တင် လေယာဉ်တွေကိုတော့ အားလုံးရပ်ဆိုင်းထားတယ်။ လေကြောင်းဦးစီးဌာနက ထုတ်ထားတာကတော့ Cargo Flight ပါ။ နောက်ဆေးပစ္စည်းတွေ၊ အထောက်အကူပြုတဲ့ပစ္စည်းတွေရဲ့လေယာဉ်ပျံတွေ၊ အရေးပေါ်ဆေးကုသဖို့ သွားတဲ့ ကိုယ်ပိုင်လေယာဉ်တွေကို ခွင့်ပြုထားပါတယ်”ဟု ၎င်းက ပြောသည်။

ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါအား ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အပါအဝင် မြန်မာနိုင်ငံရှိ မည်သည့်လေဆိပ်များတွင်မဆို နိုင်ငံတကာမှ ခရီးသည်တင်လေယာဉ်များ ဆင်းသက်ခွင့်ကို ၂၀၂၀ ပြည့်နှစ် မတ် ၃၀ ရက် ညသန်းခေါင်မှစတင်ကာ ခွင့်ပြုတော့မည်မဟုတ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

သို့ရာတွင် ကယ်ဆယ်ရေးလေယာဉ်များ၊ ကုန်တင်လေယာဉ်များ၊ ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေး လေယာဉ်များ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အထူးခွင့်ပြုချက်ဖြင့် ဆင်းသက်သော လေယာဉ်များကိုမူ ဆင်းသက်ခွင့်ဆိုင်းငံ့ခြင်းတွင် ပါဝင်ခြင်းမရှိဘဲ ဆင်းသက်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် အဆိုပါလေယာဉ်များအနေဖြင့် ညအိပ်ရပ်နားမှုများရှိပါက လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် လေယာဉ်အမှုထမ်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာခံယူရမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေးမင်းသူ၊ ဇာနည်မောင်**
**ဓာတ်ပုံ-MNA**

## စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်

ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှု စတဲ့အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်း ရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကို အရယူနိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားခွဲပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် ]*



## ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းအရောင်းဆိုင်များတွင် ကုန်ပစ္စည်းများ ပုံမှန်ဈေးနှုန်းအတိုင်းရောင်းချပေးလျက်ရှိ

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းများ၏ အရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသည့် လူသုံးကုန်၊ အိမ်သုံးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ စနစ်တကျ ရောင်းချနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက သမဝါယမအသင်း အရောင်းဆိုင်များသို့ သွားရောက်စစ်ဆေးသည်။

ဧပြီ ၁ ရက် နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ်နှင့် အလုံမြို့နယ်တို့ရှိ သမဝါယမ စံပြအရောင်းဆိုင်များအား သွားရောက်စစ်ဆေးပြီး သမဝါယမအသင်း ဆိုင်တာဝန်ခံများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။

ယနေ့နံနက်ပိုင်းကလည်း ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းစု၊ ခရမ်းစတိုး သမဝါယမအသင်းနှင့် ရွှေငါးကြင်းအထွေထွေ ရောင်းဝယ်ရေး သမဝါယမအသင်းများသို့ သွားရောက်၍ အသင်းများမှ ရောင်းချလျက်ရှိသော လူသုံးကုန်နှင့် အိမ်သုံးပစ္စည်းများအား နဂိုပုံမှန်ဈေးနှုန်းအတိုင်း ရောင်းချမှုရှိ/မရှိ သွားရောက်စစ်ဆေးသည်။

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူက ဆိုင်တာဝန်ခံများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ယခုကာလသည် ကိုဗစ်-၁၉ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်မှုများ မြန်မာနိုင်ငံတွင် တွေ့ရှိနေပြီဖြစ်၍ မိမိတို့၏ ဝန်ထမ်းများအနေဖြင့် ဈေးဝယ်ရန် လာရောက်သည့် ပြည်သူများ၏ ကျန်းမာရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ညွှန်ကြားထားသည့် ညွှန်ကြားချက်အတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ရေး၊ စားသောက်ကုန်များရောင်းချရာတွင် အန္တရာယ်ဖြစ်စေမည့် စားသောက်ကုန်များ မဖြစ်စေရေး၊ လူသုံး၊ အိမ်သုံးနှင့် စားသောက်ကုန်များ ရောင်းချရာတွင်လည်း ဈေးနှုန်းကို ပုံမှန်ဈေးနှုန်းဖြင့်သာ ရောင်းချရေး၊ ဈေးရောင်းသူနှင့် ဈေးဝယ်သူများအကြား ရောဂါကူးစက်မှု မရှိစေရေးအတွက် သတ်မှတ်ထားသော အကွာအဝေးမှသာ ပါဆယ်စနစ်ဖြင့်ရောင်းချရေး၊ စားသောက်ကုန်ဖြစ်သော ဆန်နှင့်ဆီတို့ကို အိမ်တိုင်ရာရောက်ပို့ပေးသောစနစ်ဖြင့် ရောင်းချခြင်းကို ပိုမိုဆောင်ရွက်ရေး၊ ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးအတွက် မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## မြန်မာ့ရိုးရာမဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အထူးအစီအစဉ်များထည့်သွင်းပြသသွားမည်

၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁၀) ရက်မှ (၁၉) ရက်နေ့အထိ မြန်မာ့ရိုးရာ မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း မူလပြသနေသည့် ရုပ်သံဇာတ်လမ်းတွဲများအပြင် မိသားစုနှင့်အတူ အပန်းဖြေကြမည့် မိဘပြည်သူများအတွက် ထိုင်းရုပ်သံဇာတ်လမ်းတွဲ ( နတ်ဆိုးမလေးရဲ့ကိုယ်ရံတော်) ရုပ်သံဇာတ်လမ်းတွဲကို ညနေ (၄) နာရီခွဲအချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်ဖြစ်သည့်အတွက် နိုင်ငံခြားဇာတ်လမ်းတွဲများကိုမှ ကြိုက်နှစ်သက်သည့် ပရိသတ်များအတွက် အကြိုက်တွေ့စေမည်ဖြစ်ပါသည်။



နတ်ဆိုးမလေးရဲ့ကိုယ်ရံတော်
(ထိုင်းဇာတ်လမ်းတွဲ)
(၁၀-၄-၂၀၂၀) မှ (၁၉-၄-၂၀၂၀) ထိ
ညနေ (၄း၃၀)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ ဧပြီလ (၁) ရက်နေ့ မှ (၃၀) ရက်နေ့ထိ နေ့စဉ် နံနက်(၁၀) နာရီခွဲအချိန်တိုင်းမှာ ပျော်ရွှင်ကြည်နူးစရာဇာတ်လမ်းများကို အခြေခံထားသည့် Forever Group ၏ “Flowers and Butterflies” မြန်မာရုပ်သံဇာတ်လမ်းတွဲကို ကြည့်ရှုခံစားကြရမည် ဖြစ်ပါသည်။




Flowers & Butterflies
(မြန်မာရုပ်သံဇာတ်လမ်းတွဲ)
(၁-၄-၂၀၂၀) မှ (၃၀-၄-၂၀၂၀)ထိ
နံနက် (၁၀း၃၀)မှ (၁၁း၃၀)ထိ

## ဓနုဖြူမြို့ ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီးနှင့် မြန်မာ့စီးပွားရေးဘဏ်တို့၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဓနုဖြူ ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက် နံနက်ပိုင်းက ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီးနှင့် မြန်မာ့စီးပွားရေးဘဏ်တို့၌ ဆိုဒီယမ်ဟိုက်ပိုကလိုရိုက်စ် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာတွင် မအူပင်ခရိုင် မီးသတ်ဦးစီးမှူး ဦးကိုကိုဦး၏ မှာကြားမှုဖြင့် ဓနုဖြူမြို့နယ်မီးသတ်ဦးစီးဌာန၊ ဦးစီးအရာရှိ ဦးနောင်နောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီး၏ ဘုရားတန်ဆောင်းများ၊ အလှူခံဌာနများ၊ ဂေါပကရုံးခန်းများတွင် ပိုးသတ်ဆေးဖျန်းခြင်းနှင့် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေလွှဲ၊ ငွေထုတ်ပြည်သူများ ထိုင်ရန် ထားရှိသည့်ထိုင်ခုံများ၊ ရုံးတွင်း၊ ရုံးပြင်နေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထက်ဝေဖြိုး**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဧပြီ ၂**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

## မြန်မာ့ပင်လယ်ပြင်

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒိုင်ဗင်တင်လှနှင့် ရုပ်ရှင်စကားဝိုင်း

### တွေ့ဆုံမေးမြန်း ဒါရိုက်တာ ကြည်စိုးထွန်း

ရုပ်ရှင်စတန့်မင်းသားတွေဟာ သက်စွန့်ဆံဖျား အသက်ကိုရင်းပြီးတော့ စတန့်တွေကို လုပ်ခဲ့ကြတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ တချို့ဆိုရင်လည်း စိတ်တွေဘာတွေ ကယောက်ကယက်ဖြစ်ပြီးတော့ အသက်တိုကြရတာ၊ ဒီလိုဟာတွေ တော်တော်များများကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ စတန့်မင်းသားရဲ့ ဘဝဆိုတာဟာ တကယ့်ကိုနုနုနယ်နယ်နဲ့ ပျော့ပျော့ပျောင်းပျောင်း ဘဝခရီးကို လျှောက်ရတဲ့ပုဂ္ဂိုလ်တွေမဟုတ်ပါဘူး။ ဒါကြောင့်လည်း ဒီအချိန်မှာတော်တော်များများ စတန့်မင်းသားတွေဟာ မရှိကြတော့ပါဘူး။ အဲဒီအထဲမှာ ရှားရှားပါးပါးနဲ့ ကျွန်တော်တို့ ထူးထူးခြားခြားတွေ့ရတဲ့ စတန့်မင်းသား တစ်ယောက် ရှိပါတယ်။ သူကတော့ အခုကျွန်တော်နဲ့ ဆွေးနွေးမယ့်ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သူ့ရဲ့အသက်ကို ပြောရမယ်ဆိုရင်တော့ အခုဆိုရင် ၉၄ နှစ်ထဲကို ရောက်နေပါပြီ။ သူကတော့ ကျွန်တော်တို့အရွယ်တွေ တော်တော်များများသိကြ၊ အားပေးခဲ့ကြ၊ လက်ခုပ်တီးခဲ့ကြ၊ လက်ခေါက်မှုတ်ခဲ့ကြတဲ့ စတန့်မင်းသား ဒိုင်ဗင်တင်လှ ဖြစ်ပါတယ်။

**ကြည်စိုးထွန်း။** ။ အခုကျွန်တော်စတန့်မင်းသားဒိုင်ဗင်တင်လှနဲ့ ရုပ်ရှင်စကားဝိုင်းကို ဆွေးနွေးမှာဖြစ်ပါတယ်။ အဘရေ နေကောင်းတယ်နော်။

**ဒိုင်ဗင်တင်လှ။** ။ နေကောင်းတယ် နေကောင်းတယ်။

**ကြည်စိုးထွန်း။** ။ ဝမ်းသာပါတယ်။ အခုလိုတကယ့်ကို အသက်အရွယ်ကြီးရင့်တဲ့ ရုပ်ရှင်ထဲက ပုဂ္ဂိုလ်ကြီးတစ်ယောက်နဲ့ ကျွန်တော်တို့တွေ့ရတာ ဝမ်းသာပါတယ်။ အခုအသက်ဘယ်လောက်ရှိပြီလဲ။

**ဒိုင်ဗင်တင်လှ။** ။ အခု ၉၄ နှစ်။ ဝါဆိုလမှာ ၉၄ နှစ် ပြည့်သွားပြီ။

**ကြည်စိုးထွန်း။** ။ အခုကျန်းမာရေးကောင်းတယ်နော်အဘ။

**ဒိုင်ဗင်တင်လှ။** ။ ကျန်းမာရေး ကောင်းတယ်။ အခုလည်း အားကစားလေးဘာလေး နည်းနည်းလုပ်ရတယ်။ လှုပ်ရှားရတာပေါ့။

**ကြည်စိုးထွန်း။** ။ အားကစားတွေ ဘာတွေလုပ်တယ်ပေါ့။ အခုနေ ဒိုင်ဗင်ထိုးမယ်ဆို ထိုးနိုင်ပါ့မလား။

**ဒိုင်ဗင်တင်လှ။** ။ ထိုးနိုင်တယ် ဘုရင့်နောင်တံတားပေါ်က အခု ထိုးလို့ရတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ဒါပေမယ့် အဘ သွားတွေတော့ မရှိ တော့ဘူးနော်။

**ဒိုင်ဗင်တင်လှ။** ။ သွားတော့မရှိတော့ဘူး။

**ကြည်စိုးထွန်း။** ။ နောက် နားကလည်း နည်းနည်းလေး။

**ဒိုင်ဗင်တင်လှ။** ။ မျက်စိ ကောင်းတယ် နားလေးသွားပြီ။

**ကြည်စိုးထွန်း။** ။ အဘကို တွေ့ရတာ ဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ စတန့်မင်းသားတွေ တော်တော်များများက မရှိကြတာများတဲ့အထဲမှာ အဘက အခု အသက် ၉၄ နှစ်အရွယ်ထိအောင် တစ်ခါတည်း ကျန်းကျန်းမာမာနဲ့။

**ဒိုင်ဗင်တင်လှ။** ။ ဝမ်းသာ ပါတယ်၊ သာဓုပျာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အဲဒီတော့ အဘ ဘယ်အရွယ်မှာ ရုပ်ရှင်ထဲကိုဝင်တာလဲ။



**ဒိုင်ဗင်တင်လှ။** ။ ဆယ့်လေး ငါးနှစ်သားကတည်းက ရုပ်ရှင်ထဲဝင်တာ။

**ကြည်စိုးထွန်း။** ။ သြော် ဆယ့်လေးငါးနှစ်သားကတည်းက။ မွေးတော့ ဘယ်မှာမွေးတာလဲ။

**ဒိုင်ဗင်တင်လှ။** ။ မွေးတော့ အင်းစိန်ရွာမမှာ မွေးတယ်။

**ကြည်စိုးထွန်း။** ။ သြော် အင်းစိန်ရွာမသား၊ ရန်ကုန်သားပေါ့။ မွေးချင်းပေါက်ဖော် ဘယ်နှယောက်ရှိသလဲ။

**ဒိုင်ဗင်တင်လှ။** ။ မွေးချင်းပေါက်ဖော် အဘတစ်ယောက်တည်းပဲ ရှိတယ်။

**ကြည်စိုးထွန်း။** ။ သြော်။ အဲဒီတော့ ငယ်ငယ်တုန်းက ဒိုင်ဗင်ကို ဘယ်လိုလေ့ကျင့်ခဲ့လဲ အဘ။

**ဒိုင်ဗင်တင်လှ။** ။ ငယ်ငယ်တုန်းက ဒိုင်ဗင်ကို ချောင်းတွေ ဘာတွေထဲမှာ ထိုးတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။ နောက် အင်းလျားကန်မှာ ထိုးတယ်။

**ကြည်စိုးထွန်း။** ။ ဘာဖြစ်လို့ ဒီလိုဒိုင်ဗင်တွေ ဘာတွေထိုးတာ ဝါသနာပါသလဲ၊ ရုပ်ရှင်မင်းသားဖြစ်ချင်ရတာလဲ။ ဘယ်သူ့ကိုကြည့်ပြီးတော့ ရုပ်ရှင်မင်းသားဖြစ်ချင်တာလဲ။

**ဒိုင်ဗင်တင်လှ။** ။ ကိုချစ်ရွှေကြီးကို ကြည့်ပြီးတော့။



အမည် - ဒိုင်ဗင်တင်လှ
( ၉. ၇. ၁၉၁၆ - ၁၂. ၇. ၂၀၁၂ )
အနုပညာအမည် - ဒိုင်ဗင်တင်လှ
အမည်ရင်း - ဦးလှတင်
အနုပညာလုပ်ငန်းများ - စတန့်မင်းသား (အသံတိတ်၊သံစုံသွင်း၊ အသံထွက် ရုပ်ရှင်ခေတ်)

**ကြည်စိုးထွန်း။** ။ သြော် ချစ်ရွှေကြီး။

**ဒိုင်ဗင်တင်လှ။** ။ မီးပုံးပျံစီးတယ်လေ။

**ကြည်စိုးထွန်း။** ။ မိချောင်းနဲ့လည်း သတ်တယ်၊ မြွေနဲ့လည်း သတ်တယ်၊ ကျားနဲ့လည်း သတ်တယ်၊ အမျိုးစုံပဲနော်။ သူ့ကိုအားကျပြီးတော့ အဘမင်းသားဖြစ်ချင်တာ။

**ဒိုင်ဗင်တင်လှ။** ။ အားကျတာပေါ့၊ နောက် ကိုကျော်ညွန့်။

**ကြည်စိုးထွန်း။** ။ ကျော်ညွန့် ဖူးစာနှစ်ခိုင်တို့။

**ဒိုင်ဗင်တင်လှ။** ။ သူကလည်း ဘားကျွမ်းဆိုသိပ်ကောင်းတာ။ အဲဒါ သူတို့ကြည့်အားကျပြီးတော့ ကိုယ်ကလည်း လေ့ကျင့်တာပေါ့။

**ကြည်စိုးထွန်း။** ။ ကျော်စိုး၊ ကျော်တိုး၊ ကျော်မိုးတို့ကိုရော ကြည့်ဖူးသလား။

**ဒိုင်ဗင်တင်လှ။** ။ ကိုကျော်မိုးက ကျွန်တော့်ဆရာကြီးပဲ။

**ကြည်စိုးထွန်း။** ။ သူက ဒါရိုက်တာလည်း လုပ်ပါတယ်နော်။

**ဒိုင်ဗင်တင်လှ။** ။ ဟုတ်ကဲ့၊ နောက် ကိုတင်ဖေ ကျွန်တော့်ဆရာ။

**ကြည်စိုးထွန်း။** ။ သူ့ကားတစ်ကားကို အဘရိုက်တာ ကျွန်တော်တွေ့တယ်နော်။



အမည် - ဦးကြည်စိုးထွန်း
(၉. ၁၂. ၁၉၄၅ - )
အနုပညာအမည် - ကြည်စိုးထွန်း
တာဝန်ယူခဲ့သော - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ
အနုပညာလုပ်ငန်းများ - နာယက၊မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

**ဒိုင်ဗင်တင်လှ။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ သူ့ကားကဘာလဲဆိုတော့ သူလည်းပါတယ် "လင်းလုရောင်ခြည်"။

**ဒိုင်ဗင်တင်လှ။** ။ "လင်းလုရောင်ခြည်"။

**ကြည်စိုးထွန်း။** ။ "လင်းလုရောင်ခြည်" ဆိုတဲ့ကားမှာ တင်ဖေရယ်၊ ဒိုင်ဗင်တင်လှရယ်။

**ဒိုင်ဗင်တင်လှ။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ ခင်မြင့်လေးရယ်၊ နွယ်နွယ်ရယ်။

**ဒိုင်ဗင်တင်လှ။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ အဲဒါအသံထွက်။ အသံမထွက်ခင်တုန်းက အသံတိတ်တုန်းကလည်း။

**ဒိုင်ဗင်တင်လှ။** ။အသံတိတ်တုန်းက"စောရသက်ပြင်း"တို့၊ "စောရလက်ဝဲ"တို့ အောင်ဇေယျရုပ်ရှင်က။

**ကြည်စိုးထွန်း။** ။ အောင်ဇေယျရုပ်ရှင်က အဲဒါ ဒါရိုက်တာ မောင်လှတင်။

**ဒိုင်ဗင်တင်လှ။** ။ မောင်လှတင်။

**ကြည်စိုးထွန်း။** ။ နေဦး အဘနာမည်အရင်းက

**ဒိုင်ဗင်တင်လှ။** ။ မောင်လှတင်။

**ကြည်စိုးထွန်း။** ။ မောင်လှတင်ပဲ၊ ဘာဖြစ်လို့ ဒိုင်ဗင်တင်လှ ဖြစ်သွားတာလဲ။

**ဒိုင်ဗင်တင်လှ။** ။ဒိုင်ဗင်မှာ ကျွမ်းလွန်းအားကြီးလွန်းလို့အောင်ဇေယျရုပ်ရှင်ကပဲ ဒိုင်ဗင်တင်လှဆိုပြီး ဘွဲ့ပေးလိုက်တာ ရုပ်ရှင်ကပေးတာ။

**ကြည်စိုးထွန်း။** ။ သြော်ရုပ်ရှင်ကပေးတဲ့ နာမည်၊အခုကောလိပ်ဂျင်နေဝင်းတို့လိုပေါ့၊ အဲဒီလိုပေါ့ နာမည်ရသွားတာပေါ့နော်။

**ဒိုင်ဗင်တင်လှ။** ။ ကောလိပ်ဂျင်နေဝင်းက စကားပြောသိပ်ကောင်းတယ်၊ သူက တော်ကီ။

**ကြည်စိုးထွန်း။** ။ အဘကတော့ ဒိုင်ဗင်ထိုးကောင်းတယ်။ ကိုနေဝင်းက ဒိုင်ဗင်မထိုးတတ်ဘူး။ စကားပြောကောင်းတယ်။

**ဒိုင်ဗင်တင်လှ။** ။ စကားပြော ကောင်းတယ်။

(ဆက်လက်ဖော်ပြပါမည်)





# ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချပါက အရေးယူမည်

**ရန်ကုန် မေ ၂**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူမည်ဖြစ်ပြီး ယင်းဥပဒေအရ ငွေဒဏ်နှင့်အတူ ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်အရေးယူနိုင်ကြောင်း စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက မေ ၂ ရက်တွင် ပြောသည်။

"ကုန်ပစ္စည်းဆိုတာကတော့ ဝယ်လိုအားနဲ့ ရောင်းလိုအားအရ ဈေးနှုန်းကတော့ အပြောင်းအလဲတွေ အမြဲဖြစ်တာပါ။ အဲဒါကို ကျွန်တော်တို့အနေနဲ့ ဈေးနှုန်းကို တည်ငြိမ်အောင်လုပ်ဖို့က ကျွန်တော်တို့ နိုင်ငံမျိုးမှာ အင်မတန်မှ ခက်ခဲပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒီရောင်းချတဲ့အပေါ်မှာ သူ့ရဲ့ ဝယ်ဈေးရောင်းဈေးပေါ်မှာ လိုတာထက်ပိုပြီးတော့ အမြတ်စွန်းများများနဲ့ ရောင်းသလား၊ ဒါမှမဟုတ် ပုံမှန်ဈေးအတွင်းက ရောင်းသလားဆိုတာ စိစစ်မှာဖြစ်ပါတယ်။ ဒီအခြေအနေတွေကြည့်ပြီးတော့ ကျွန်တော်တို့ ထုတ်ပြန်ထားတဲ့ တားမြစ်ချက်ကို ချိုးဖောက်ခြင်း ရှိ၊ မရှိ စိစစ်ပြီး အရေးယူ ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ဦးဆွေတင့်ကြူးက ပြောသည်။

သို့ဖြစ်၍ ကုန်စည်များကို ဈေးနှုန်းမြှင့်တင် ရောင်းချပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ဖွင့်လှစ်ထားသော စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံရေးစင်တာ(CICC) ၄၈ ခုတွင် တိုင်ကြားနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။

"အခု ကျွန်တော်တို့ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး နောက်ပိုင်း ဒီထုတ်ပြန်ထားတဲ့ကုန်စည်တွေက ဥပဒေအရ အရေးယူဆောင်ရွက်မှာပါ။ နေပြည်တော်ကို တိုင်ထားတဲ့ဟာ နှစ်မှုရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကိုတိုင်ရင်လည်း ချက်ချင်းအရေးယူ ဆောင်ရွက်ဖို့ ညွှန်ကြားပြီးဖြစ်ပါတယ်"ဟု ဦးဆွေတင့်ကြူးက ပြောသည်။

ပြီးခဲ့သည့်လက ပြည်ထောင်စုအစိုးရအဖွဲ့၏ မတ် ၃၀ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကုန်စည်များအပေါ် တားမြစ်မိန့်ထုတ်ပြန်ခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(က)အရ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို အရေးကြီးကုန်စည်များအဖြစ် သတ်မှတ်ခဲ့သည်။

ထို့ကြောင့် အဆိုပါကုန်စည်များကို ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း၊ သို့မဟုတ် ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းကို မတ် ၃၀ ရက်မှစ၍ တားမြစ်ခဲ့ပြီး ထိုသို့ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ခံရမည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်လည်းချမှတ်ခြင်း ခံရမည်ဖြစ်ကြောင်း ဦးဆွေတင့်ကြူးက ဆက်ပြောသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်ပြီး အစိုးရမှ ထုတ်ပြန်သော အမိန့်ညွှန်ကြားချက်များကို လိုက်နာရန်လိုအပ်ကာ လုပ်ငန်းရှင်များအနေဖြင့်လည်း "ဘယ်သူသေသေ ငတေမာပြီးရော" ဆိုသည့် စိတ်ဓာတ်မျိုးမလုပ်ဆောင်ရန် အလေးအနက်တိုက်တွန်းလိုကြောင်း စားသုံးသူရေးရာဦးစီးဌာနထံမှ သိရသည်။

**ငြိမ်းငြိမ်း**



## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသို့ အလှူငွေပေးအပ်လှူဒါန်း

**တောင်ကြီး မေ ၂**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသို့ ကမ္ဘောဇဘဏ်လီမိတက်မှ ကနဦးမတည်ငွေကျပ် သိန်း ၂၀၀၀ လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကမ္ဘောဇဘဏ်မှ ကမ္ဘောဇအုပ်စုဥက္ကဋ္ဌရုံး(တောင်ကြီး) ညွှန်ကြားရေးမှူး ဦးခင်အောင်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီဖြစ်ပေါ်လာပုံနှင့် ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များကို ဦးသူရစောသိန်းက လည်းကောင်း၊ အလှူငွေရရှိမှုနှင့် ပစ္စည်းဝယ်ယူမှုအခြေအနေများကို ဦးစိုင်းမြင့်ဒွေးက လည်းကောင်း ရှင်းလင်းတင်ပြပြီး ကမ္ဘောဇဘဏ်လီမိတက် တာဝန်ခံ ဒေါ်စန္ဒာဝင်းက အလှူငွေများ ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက လက်ခံရယူခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့်ဇနီး ဒေါ်နန်းရွှေမြင့်၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆန်၊ ဆီ၊ ကုလားပဲ ထုပ်ပိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## ကွန်ဟိန်းမြို့၌ နယ်စပ်ဝင်ပေါက်မှဝင်ရောက်လာသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ကွန်ဟိန်း မေ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ယနေ့ နံနက် ၈ နာရီက ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ဝင်ရောက်လာသည့် မော်တော်ယာဉ်များတွင် မြို့နယ်အတွင်းနေထိုင်သူများ ပါရှိခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့်နည်းလမ်းများအပြင် လူစုလူဝေးရှိသည့် နေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ရန်နှင့် သတ်မှတစောင့်ကြည့်ကာလ ၁၄ ရက်ကို အသွားအလာကန့်သတ်ပြီး အိမ်၌သီးခြားနေထိုင်ရန် ပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါ



ဆောင်ရွက်မှုတွင် မြို့နယ်အုပ်ချုပ် ရေးမှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်စာရေးများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည့်(ပြန်/ဆက်)**

## ရန်ကုန်-ကိုကိုးကျွန်းသင်္ဘောခရီးစဉ် ခေတ္တဆိုင်းငံ့ထားမည်

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ပြည်သူများသွားလာမှု အဆင်ပြေစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း ဆောင်ရွက်သည့်အခါ အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က ရန်ကုန်-ကိုကိုးကျွန်း သင်္ဘောခရီးစဉ်ကို ပြေးဆွဲလျက်ရှိသည်။

ပထမအကြိမ် ရန်ကုန်-ကိုကိုးကျွန်း သင်္ဘောခရီးစဉ်ကို ဇန်နဝါရီ ၂၁ ရက်က ပြေးဆွဲခဲ့သည်။ ဒုတိယအကြိမ် သင်္ဘောခရီးစဉ်ကို မတ် ၄ ရက်တွင် ပြေးဆွဲရန်စီစဉ်ထားသော်လည်း ကိုကိုးကျွန်းတွင် သင်္ဘောကပ်ရန် အခက်အခဲကြောင့် မတ် ၇ ရက်သို့ ပြောင်းလဲပြေးဆွဲပေးခဲ့သည်။ တတိယအကြိမ် သင်္ဘောခရီးစဉ်ကို မေ ၃ ရက် တွင် ပြေးဆွဲရန် စီစဉ်ထားသော်လည်း ခေတ္တဆိုင်းငံ့ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ ရန်ကုန်-ကိုကိုးကျွန်းသင်္ဘော ခရီးစဉ်ပြေးဆွဲမှုကို တစ်လတစ်ကြိမ်ပြေးဆွဲနိုင်ရန် ဆောင်ရွက်သွားမည်ဟု သိရသည်။ သယ်ယူပို့ဆောင်မှုအပိုင်းတွင် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို တင်ဆောင်ပြေးဆွဲပေးလျက်ရှိပြီး အလည်အပတ်ခရီးသွားမည့်သူများ မပါဝင်ကြောင်း သိရသည်။

တတိယမြောက် ရန်ကုန်-ကိုကိုးကျွန်း ခရီးစဉ်ကိုခေတ္တဆိုင်းငံ့ထားပြီး ပြေးဆွဲသည့်ကာလရောက်လျှင် ကုန်စည်အနေအထားပေါ်မူတည်ပြီး ညီညွတ်မျှတသည့် ပို့ဆောင်ခကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

## "မောင်တို့ချယ်ရီမြေ" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲ ဒုတိယပိုင်း MRTV တွင် ဆက်လက်ရိုက်ကူး

**ရန်ကုန် မေ ၂**

"သင်္ကြန်ရင်ခုန်သံ" အစီအစဉ်အဖြစ် "မောင်တို့ချယ်ရီမြေ" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲ ဒုတိယပိုင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို၌ ဆက်လက်ရိုက်ကူးသည်။

**စီစဉ်ရိုက်ကူး**

သင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရပ်ဆိုင်းထားချိန်တွင် မြန်မာ့ရိုးရာသင်္ကြန်၏ပုံရိပ်ကို ထင်ဟပ်စေသည့် ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲများကို ရုပ်မြင်သံကြားနှင့် အင်တာနက်တို့မှတစ်ဆင့် ထုတ်လွှင့်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (FDC)မှ တာဝန်ရှိသူများပူးပေါင်း၍ ထိုသို့စီစဉ်ရိုက်ကူးခြင်း ဖြစ်သည်။

ထိုသို့ ရိုက်ကူးရာတွင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က အစီအစဉ်မှူးအဖြစ် ပါဝင်ဆောင်ရွက်ပြီး "မောင်တို့ချယ်ရီမြေ" ရုပ်ရှင်ဇာတ်ကား တည်းဖြတ်သူ အကယ်ဒမီအောင်လွင်၊ သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ခင်သန်းနုနှင့် ဒေါ်မေမြင့်ရီတို့က ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးရာတွင် "မန္တလေး" ရုပ်ရှင်ထုတ်လုပ်ရေး၏ "မောင်တို့ချယ်ရီမြေ" ဇာတ်ကားကို ဒါရိုက်တာဦးတင်ယုက ရိုက်ကူးနိုင်ရန်အတွက် ဦးဝင်းဦးက ဇာတ်ညွှန်းရေးသားမှုတွင် ပညာသားပါပုံ၊ စကားလုံးအချိတ်အဆက်မိပုံ၊ အကယ်ဒမီ ခင်သန်းနုက ပါဝင်သရုပ်ဆောင်ဖြစ်ခဲ့ပုံ၊ ဦးဝင်းဦးနှင့် အပေးအယူမျှစွာ သရုပ်ဆောင်ပုံ၊ ဇာတ်ကားရိုက်ကူးနေစဉ် သင်္ကြန်ရေကစားကြပုံနှင့် ၎င်းခေတ်အခါက ဝတ်စားဆင်ယင်မှုများ ယခုအခါ ပြန်လည်ဆန်းသစ်လာပုံတို့ကို



ဆွေးနွေးကြသည်။

အဆိုပါ သင်္ကြန်ရင်ခုန်သံစကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များကို သင်္ကြန်ကာလအတွင်း MRTV မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**နီနီမျိုး(FDC)**

# ဗဟိုစံပြငါးဈေးကြီးသို့ နေ့စဉ်ကုန်ပိသာချိန်နှစ်သိန်းကျော် ဝင်ရောက်နေ၍ ဈေးတက်ရောင်းချခြင်းမရှိ

**ရန်ကုန် မေ ၂**

ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိနေသည့်ကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အမြို့မြို့အနယ်နယ်သို့ သားငါးများ လက်ကားဖြန့်ချိနေသော ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီး၌ ငါး၊ ပုစွန်ကုန်တန်ချိန် ပုံမှန်ဝင်ရောက်မှုရှိပြီး ဈေးနှုန်းမြင့်တက်မှုမရှိဘဲ ပုံမှန်ဈေးနှုန်းအတိုင်း ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း ဗဟိုစံပြငါးဈေးကြီး ဈေးသာယာရေးကော်မတီရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"လက်ရှိမှာတော့ ကျွန်တော်တို့ဗဟိုစံပြငါးဈေးကြီးမှာ သားငါးကုန်စည် အဝင်/အထွက်တွေက ပုံမှန်အနေအထားမှာရှိသလို သားငါးဈေးနှုန်းတွေကလည်း အရင်လိုပါပဲ။ ဒီရောဂါကြောင့် ဈေးတွေတက်သွားတာမျိုး၊ ဈေးကွက်လှုပ်ခတ်လာတာမျိုးတွေ မရှိပါဘူး။ ပုံမှန်အနေအထားမှာပဲရှိပါတယ်။ ဒီလိုအရောင်းအဝယ်ပုံမှန်အနေအထားမှာရှိနေသလို တစ်ဖက်ကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းတွေလည်း အဓိကဆောင်ရွက်နေပါတယ်။ ဒါကိုငါးဒိုင်တွေ၊ အဝယ်တွေအနေနဲ့ စည်းကမ်းတကျလိုက်နာဖို့၊ မလိုက်နာရင်အရေးယူတဲ့အထိ ဆောင်ရွက်ဖို့ကိုလည်း ကြပ်မတ်ဆောင်ရွက်နေတာဖြစ်လို့ ပုံမှန်အနေအထားတော့ရှိနေပါတယ်။ ငါး၊ ပုစွန်တွေကိုလည်း ဒီကနေပဲ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် ကျန်တဲ့ပြည်နယ်နဲ့ တိုင်းဒေသကြီးက မြို့နယ်တွေအားလုံးကို ဖြန့်ဖြူးပေးနေတာပါ" ဟု ဗဟိုစံပြငါးဈေးကြီး ဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြမောင်က ပြောသည်။

လက်ရှိတွင် ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးသို့ ငါး၊ ပုစွန်များသည် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး စသောဒေသအသီးသီးအထိ၊ ထိုင်းနယ်စပ် မြဝတီ၊ မဲဆောက် စသောဒေသများမှလည်း ဝင်ရောက်နေကြောင်း၊ သဘာဝနှင့် မွေးမြူရေးငါးများဖြစ်သော ငါးမြစ်ချင်း၊ ငါးကြင်းများ အဓိကဝင်ရောက်နေပြီး ပင်လယ်ငါးအမျိုးမျိုးနှင့် သဘာဝပုစွန်နှင့် မွေးမြူရေး ပုစွန်အမျိုးမျိုးလည်း ဝင်ရောက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ငါး၊ ပုစွန်ဝင်ရောက်မှုကုန်ချိန်သည် ရေချို၊ ရေငန်မျိုးနှင့် သဘာဝအပြင် မွေးမြူရေးအစရှိသည်တို့မှ နေ့စဉ်ကုန်ပိသာချိန် နှစ်သိန်းကျော်မှ သုံးသိန်းအထိရှိကြောင်း ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီး ဈေးသာယာရေးအဖွဲ့မှ သိရသည်။

ယခုအခါ အဆိုပါဈေးကြီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး အပတ်စဉ် ဆေးဖျန်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်**



# အခြေခံမီးဖိုချောင်သုံးစားသောက်ကုန်များ ဖေ့စ်ဘွတ်မှတစ်ဆင့် မှာယူရရှိနိုင်မည်

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်အလိုက် We Love Yangon ပရဟိတအဖွဲ့များက အခြေခံမီးဖိုချောင်သုံးစားသောက်ကုန်များကို သက်သာသည့်ဈေးနှုန်းများဖြင့် အိမ်အရောက်အခမဲ့ပို့ဆောင်ရောင်းချလျက်ရှိသည်။

လတ်တလောကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဈေးများသို့သွားရောက်မဝယ်လိုသူများ၊ လူစုလူဝေးများသည့်နေရာများကို ရှောင်ကြဉ်လိုသူများအတွက် ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

မိသားစုငါးယောက်စာစားသုံးနိုင်မည့် ပက်ကေ့ချ်သုံးမျိုးရှိရာ ကျပ် ၁၆၀၀၀ တန် ပက်ကေ့ချ်၊ ကျပ် ၁၂၀၀၀ တန် ပက်ကေ့ချ်၊ ကျပ် ၁၀၀၀၀ တန်ပက်ကေ့ချ်များ သတ်မှတ်ထားသည်။ ကျပ် ၁၆၀၀၀ တန်ပက်ကေ့ချ်တွင် ဧည့်မထဆန်ခြောက်ပြည်၊ နေကြာဆီ ၅၀ ကျပ်သားတစ်ဘူး၊ ကြက်သွန်နီတစ်ပိဿာ၊ ငါးသေတ္တာငါးဘူး၊ ကော်ဖီမစ်ငါးထုပ်၊ ကွေကာအုပ်ငါးထုပ်၊ ကြက်ဥ ၁၀ လုံး၊ ငရုတ်သီးမှုန့်တစ်ထုပ်၊ အသင့်စားခေါက်ဆွဲခြောက်ငါးထုပ်တို့ ပါဝင်သည်။

ပင်ရင်းစက်ရုံထုတ်ဈေး ( လက်ကားဈေး ) အတိုင်း အမြတ်မယူရောင်းချသည့် အခြေခံမီးဖိုချောင်သုံးစားသောက်ကုန်များကို အိမ်အရောက်အခမဲ့ပို့ဆောင်ရောင်းချပေးသည့် We Love Yangon Facebook Messenger မှသော်လည်းကောင်း၊ ဖုန်း (ရုံးချိန်အတွင်း) ဖြင့်သော်လည်းကောင်း မှာယူရရှိနိုင်ကြောင်း သိရသည်။

**အောင်သူရ**



# မြန်မာ့သရက်သီးဈေးကွက် ကိုဗစ်-၁၉ ရောဂါ ဂယက်ကြောင့် ထိခိုက်မှုမရှိနိုင်

**မန္တလေး မေ ၂**

သင်္ကြန်အပြီးကာလတွင် ရာသီပေါ်သီးနှံအဖြစ် စတင်ထွက်ရှိလာမည့် မြန်မာ့သရက်သီးဈေးကွက် အခြေအနေမှာ ပြည်တွင်းစားသုံးမှုများပြားပြီး ပြည်ပသို့ တင်ပို့ရောင်းချရန် မှာယူမှုများရှိနေသဖြင့် လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့် ဆိုးရွားစွာထိခိုက်မှုမရှိနိုင်ကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောကြားသည်။

လာမည့်သင်္ကြန်အပြီးကာလတွင် မြန်မာ့သရက်သီးမျိုးစုံမျိုးကွဲများ ဈေးကွက်သို့ စတင်ဝင်ရောက်လာတော့မည်ဖြစ်ရာ လက်ရှိအချိန်တွင် တောင်သူများအနေဖြင့် အရည်အသွေးကောင်းမွန်သည့် သရက်သီးများ ခူးဆွတ်တင်ပို့ရောင်းချနိုင်ရန် အိတ်စွပ်ပြင်ဆင်ခြင်းကို လုပ်ဆောင်နေကြပြီး မေလပထမအပတ်အတွင်း၌ ဝင်းမှည့်သည့် သရက်သီးများ ဈေးကွက်သို့ လှိုင်လှိုင်ထွက်ပေါ်လေ့ရှိကြောင်း သိရသည်။

''လက်ရှိကာလမှာ မူဆယ်ဈေးကွက်မှာလည်း ဖရဲ၊ သခွားက အရောင်းအဝယ်တွေပြန်ပြီးကောင်းလာတယ်။ ကျွန်တော်တို့ရဲ့ အားသာချက်က ပြည်တွင်းမှာ သရက်သီးကို ရာသီပေါ်သီးနှံအနေနဲ့ ဖရဲ၊ သခွားထက်ပိုပြီးစားသုံးတဲ့သူများပြားတယ်။ နောက်တစ်ခါ ဒီနှစ်မှာ ဂျပန်နိုင်ငံကလည်း သရက်သီးကနေ အနှစ်ထုတ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ဖို့ အိတ်မစွပ်တဲ့ သရက်သီးတန်ချိန် ၁၂၀၀ ကို စာချုပ်ချုပ်ပြီး ဝယ်ထားတဲ့အပြင် အခြားပြည်ပပို့မယ့် ဝယ်လက်တွေကလည်း မှာယူဖို့ တောင်းဆိုမှုတွေရှိနေကြတဲ့အတွက် မြန်မာ့သရက်ဈေးကွက်က ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့် ဆိုးဆိုးရွားရွားထိခိုက်နိုင်ခြေမရှိဘူးလို့ ပြောလိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သရက်စိုက်တောင်သူတွေကလည်း အလားအလာကောင်းတယ်လို့ ယူဆပြီး ပြည်ပတင်ပို့ဖို့အတွက် အိတ်စွပ်ပြင်ဆင်နေကြပါတယ်'' ဟု ၎င်းကပြောသည်။

မြန်မာ့သရက်သီးများအား ပြည်ပဈေးကွက်တွင် ဈေးနှိမ်ဝယ်ယူခြင်းမရှိစေရန် အရောင်အသွေးတူညီသည့် သရက်သီးများအဖြစ် တင်ပို့ရောင်းချနိုင်စေရေးအတွက် သရက်သီးများအား အိတ်စွပ်သည့်အချိန်တွင် အိတ်များကို မိမိတို့စိုက်ပျိုးရာဒေသအလိုက် တောင်သူများစုပေါင်း၍ ဝယ်ယူကာ အိတ်စွပ်ခြင်းကိုလုပ်ဆောင်စေလိုကြောင်း ၎င်းက ဆက်လက်အကြံပြုပြောကြားသည်။

သရက်သီးကို နှစ်စဉ် အရွက်ပေါ်ချိန်၊ ပန်းပွင့်ချိန်နှင့် အသီးပေါ်ချိန်များတွင် သရက်ခြံများသို့ တိုက်ရိုက်လာရောက်၍ ခြံပြတ်ဝယ်ယူမှုများရှိပြီး ဧပြီလလယ်ပိုင်းတွင် ရောင်းတမ်းဝင်သရက်သီးများ စတင်ထွက်ပေါ်ကာ မေလအတွင်း၌ထွက်ရှိသည့် သရက်သီးများမှာ အရည်အသွေးအကောင်းဆုံးဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း၌ သရက်စိုက်ဧက ၃၂၅၇၅ ဧကရှိကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ကျန်းမာရေးသုံးပစ္စည်းများနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**စလင်း မေ ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာရေးနှင့် ဈေးသန့်ရှင်းရေးအတွက် ကြိုးစားတာဝန်ထမ်းဆောင်နေကြသော မြို့သန့်ရှင်းရေး ဝန်ထမ်းများအား လတ်တလောဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးသုံးပစ္စည်းများနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲကို မတ် ၃၁ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်က ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နေ့စဉ်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှာခေါင်းစည်းများ၊ လက်အိတ်များကို စနစ်တကျဝတ်ဆင်ရန်၊ မကြာခဏ မိမိတို့၏လက်ကို စနစ်တကျဆေးကြောရန်နှင့် ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းကို လိုက်နာဆောင်ရွက်ရန် ရှင်းလင်းပြောကြားပြီး စလင်းမြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးအေးကိုက အပြင်အစားအစာများဝယ်ယူစားသုံးခြင်းထက် မိမိအိမ်တွင် အာဟာရရှိစွာ ချက်ပြုတ်စားသောက်ရေး၊ ကျန်းမာရေး အသိသတိဖြင့် နေထိုင်စားသောက်ရန် ပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်အမှုဆောင်အရာရှိဦးသိန်းနိုင်၊ တာဝန်ခံအင်ဂျင်နီယာဦးစိုးနိုင်ဦး၊ ဒုတိယဦးစီးမှူး ဦးအောင်တိုးမြင့်တို့က သန့်ရှင်းရေးဝန်ထမ်း ၄၀ အတွက် နှာခေါင်းစည်း အခု ၁၀၀၊ လက်အိတ်အစုံ ၅၀၊ လက်ဆေးဆပ်ပြာတောင့် ၄၀ နှင့် တစ်ဦးလျှင် အခြေခံစားသောက်ကုန် ဆန်သုံးပြည်၊ ဆီ ၅၀ သား၊ ကြက်သွန်နီတစ်ပိဿာ၊ မြေပဲဆန်သုံးဘူး၊ ခေါက်ဆွဲခြောက်ထုပ် အကြီးတစ်ထုပ်၊ ကုလားပဲနှစ်ဘူး၊ ဆားတစ်ထုပ်စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးမိုးသူ (စလင်း)**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး မလှိုင်မြို့၌ ပိုးသတ်ဆေးဖျန်း

**မလှိုင် ဧပြီ ၂**

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုအန္တရာယ်မှ ကြိုတင်ကာကွယ်၊ ထိန်းချုပ်သွားနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ မြို့မစည်ပင်သာယာဈေးနှင့် ရုံးများ၊ မော်တော်ယာဉ်ကားဂိတ်များအပါအဝင် မြို့ပေါ်လူစည်ကားရာနေရာများတွင် မတ် ၃၁ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆေးဖျန်းအဖွဲ့များက မြို့မဈေးရှိ အသားတန်း၊ ငါးတန်းနှင့် ကုန်စိမ်းတန်းများရှိ ဈေးဆိုင်ခန်းများ၊ ဈေးအတွင်းမိန်းလမ်းနှင့် ကြားလမ်းများရှိ ဈေးဆိုင်ခန်းများကို ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြသန်း၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမင်းသီဟအောင်၊ မြို့နယ်အမျိုးသမီးကော်မတီဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် ရပ်မိရပ်ဖများ၊ ဈေးအကျိုးဆောင်များနှင့်အတူ ပွဲစားတန်းလမ်းဘက်ရှိစည်ပင်သာယာဈေးအဝင်ပေါက်ရှေ့တွင် 'ကိုဗစ်-၁၉ ကာကွယ်ဖို့ ပြည်သူအားလုံးပူးပေါင်းပါဝင်ကြပါစို့'ခေါင်းစဉ်ပါ ကိုဗစ်-၁၉ အသိပညာပေးမြေစိုက်ပိုစတာကို စိုက်ထူခဲ့ကြသည်။

ထို့နောက် ဆေးဖျန်းအဖွဲ့သည် မြို့ပေါ်လူစည်ကားရာနေရာများဖြစ်သည့် မလှိုင်-မိတ္ထီလာ-မန္တလေးပြေးဆွဲနေသည့် လှိုင်ရွှေဝါခရီးသည်တင်ကားဂိတ်၊ မလှိုင်-ရန်ကုန် ပြေးဆွဲနေသည့် စိန်ကမ္ဘာ၊ မဟာ၊ ရွှေစကြာ၊ Famous ကားဂိတ်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ကားဂိတ်တို့အပါအဝင် လမ်းဘေးဝဲ/ယာတစ်လျှောက် ဆေးများဖျန်းပေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်မီးသတ်စခန်း၊ မြို့နယ်စည်ပင်သာယာရေးရုံး၊ မြို့နယ် ထွေ/အုပ်ရုံး၊ မြို့နယ် လဝကရုံးနှင့် OSS ရုံးများကိုလည်း ပိုးသတ်ဆေးများဖျန်းပေးခဲ့ပြီး ကျန်ရှိနေသည့် အခြားရုံးများကိုလည်း ပိုးသတ်ဆေးများ ဆက်လက်ဖျန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**



# ဟားခါးမြို့၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဟားခါး ဧပြီ ၂**

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့်လုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ ဟားခါးမြို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ စိန်ဂျိုးဇက်ဘုရားကျောင်းနှင့် HBC ဘုရားကျောင်းတို့တွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ချင်းပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်နှင့် ကော်မတီဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင်ရှိန်းက ပိုးသတ်ဆေးပက်ဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဟားခါးမြို့အတွင်းရှိ ဘုရားကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများ၊ မိဘမဲ့ဂေဟာ၊ ဘိုးဘွားရိပ်သာနှင့် ပြည်သူများ သွားလာလေ့ရှိသောနေရာများကို ဆေးဖျန်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဟားခါးမြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေး ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ အသိပညာပေးနှိုးဆော်ခြင်းများ၊ ရောဂါကူးစက်မှုမရှိစေရေး ပိုးသတ်ဆေးဖျန်းခြင်းများနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်နိုင်စိုး**

**(ပြန်/ဆက်)**



# မင်းဘူးခရိုင် ပြည်သူ့စာကြည့်တိုက်၌ ပိုးသတ်ဆေးဖျန်း

**မင်းဘူး ဧပြီ ၂**

မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဧပြီ ၁ ရက် ညနေ ၃ နာရီခွဲက ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မိမိတို့ရုံးအနေဖြင့် ပြည်သူများကို ဝန်ဆောင်မှုပေးသောရုံးဖြစ်သည်နှင့်အညီ ပြည်သူများအသုံးပြုဝင်/ထွက်သွားလာလျက်ရှိပြီး စာကြည့်တိုက်ရှိ စာအုပ်များ လာရောက်ငှားရမ်းကြသော စာပေချစ်မြတ်နိုးသူ ရဟန်းရှင်လူ၊ မိဘပြည်သူ၊ ကျောင်းသား ကျောင်းသူများအားလုံး ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုအန္တရာယ်မှ ကာကွယ်ရန်ရည်ရွယ်၍ လူထုအခြေပြုဖတ်ရှုဌာနခန်းမ၊ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်၊ ရုံးအတွင်း/အပြင်၊ ရုံးရှေ့မြေစိုက်ဘုတ်နှင့် လူဝင်လူထွက်များသောနေရာအားလုံးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင် (မင်းဘူး)**



# မန္တလေးဆေးရုံကြီးအပါအဝင် ဈေးများ၊ ရုံးများ၌ ပိုးသတ်ဆေးဖျန်း

**မန္တလေး ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကာကွယ်နိုင်ရေးနှင့် ထိန်းချုပ်နိုင်ရေးအတွက် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးအပါအဝင် မန္တလေးခရိုင်အတွင်းရှိ ဈေး ၄၁ ဈေး၊ စုပေါင်းရုံးကြီးဝင်းအတွင်းရှိ ဌာနအသီးသီးမှ ရုံးများ၊ လူသွားလူလာများသောနေရာများ၊ မန္တလေးခရိုင်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနရှိ သင်တန်းကျောင်းများနှင့် လူစည်ကားရာနေရာများကို မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်ခဲ့ကြသည်။

"လူအများထိတွေ့သွားလာနေတဲ့နေရာတွေအကုန်လုံး သုံးရက်တစ်ကြိမ် ဆေးတွေဖျန်းပေးနေမယ်ဆိုရင် ဒီရောဂါကတော့ ကာကွယ်နိုင်မယ့်အနေအထားတော့ဖြစ်မှာပါ။ ဆေးဖျန်းချင်တယ်ဆိုရင် နီးစပ်ရာမီးသတ်စခန်းတွေကို လာရောက်ဆက်သွယ်လို့ ရပါတယ်။ ကြိုက်တဲ့မီးသတ်စခန်းကို ဆက်သွယ်လို့ ရပါတယ်" ဟု ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက ပြောသည်။

အဆိုပါပိုးသတ်ဆေးများကိုမန္တလေးခရိုင်အတွင်းရှိ ဘုရားများ၊ ရပ်ကွက်များ၊ ကျောင်းများ၊ ဌာနဆိုင်ရာရုံးများနှင့် လူသွားလူလာများသော နေရာများတွင် သုံးရက်တစ်ကြိမ် အလှည့်ကျ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ထိပ်ထားနိုင်**

# ညောင်တုန်းမြို့နယ်အတွင်းရှိ ရုံးများ၌ ပိုးသတ်ဆေးဖျန်း

**ညောင်တုန်း ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းသူနှင့် ဝန်ထမ်းများက ဧပြီ ၂ ရက် နံနက် ၈ နာရီတွင် မြန်မာ့စီးပွားရေးဘဏ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ဝန်ထမ်းအိမ်ရာများ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝဋ္ဌာနိုင်**

**(ညောင်တုန်း)**



နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ **(စာတည်းအဖွဲ့)**

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၄) နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး



**မောင်စာဂ**

ရွေးကောက်ပွဲတစ်ခုကျင်းပတော့မည်ဆိုလျှင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ခွင့် ရရှိစေရေးသည် အဓိကအချက်ဖြစ်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် နိုင်ငံပြင်ပတွင်လည်း ရှိနေတတ်ကြသည်။ ဤသို့ဆိုလျှင် နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေး ဥပဒေကမည်သို့ ပြဋ္ဌာန်းထားသနည်း။ ယခင်ရွေးကောက်ပွဲအသီးသီးတွင် မည်သို့မည်ပုံ ဆန္ဒမဲပေးခဲ့ကြသနည်း။ စောကြောမိသည်။ အနှစ်ချုပ်မျှဝေပါရစေ။

## ဥပဒေပြဋ္ဌာန်းချက်

ရွေးကောက်ပွဲကျင်းပသည့်အချိန်၌ နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ သံရုံးအဖွဲ့ဝင်များနှင့်အိမ်ထောင်စုဝင်များ၊ ပညာတော်သင်များနှင့် အိမ်ထောင်စုဝင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများနှင့် အိမ်ထောင်စုဝင်များက သက်ဆိုင်ရာမဲဆန္ဒနယ်များအတွက် ကြိုတင်၍ဆန္ဒမဲပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ပေးရသည်။[လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၄၇ ( က ) ]

နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကြိုတင်၍ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူဆက်သွယ်ဆောင်ရွက်ပေးရသည်။ [ လွှတ်တော် ရွေးကောက်ပွဲဥပဒေများ၏ပုဒ်မ ၄၇ (ခ ) ]

## လက်တွေ့ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်

နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်ကိုမကြေညာမီ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံ ဖြန့်ဖြူးနိုင်ရေးအတွက် ပုံစံ (၁၅) (မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြည့်သွင်းရန်ပုံစံ) များကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကြိုတင်ပေးပို့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယင်း ပုံစံ (၁၅) များကို အချိန်မီဖြန့်ဖြူးနိုင်ရေးအတွက် သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများထံသို့ ဆက်လက်ပေးပို့သည်။ သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးသည် ယင်းပုံစံ (၁၅) များကို ဖြန့်ဖြူးသည့်အခါ မိမိထံသို့ မည်သည့်နေ့ရက်အရောက် ဖြည့်စွက်ပေးပို့ရမည်ဖြစ်ကြောင်းကိုပါ တစ်ပါတည်းအကြောင်းကြားရသည်။

အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် လက်ခံရရှိသော ပုံစံ (၁၅) များတွင်ဖြည့်သွင်း၍ သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးထံသို့ အချိန်မီပေးပို့ရသည်။ သက်ဆိုင်ရာအကြီးအမှူးသည် ယင်းပုံစံများကိုစိစစ်၍ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယင်းသို့ပြန်လည်ပေးပို့သည့် ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲအပ်ပေးရသည်။ ကော်မရှင်သည် ယင်းပုံစံများကိုစိစစ်၍ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများထံသို့ ပေးပို့ရသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့သည်။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ယင်းပုံစံများကို စိစစ်၍ မဲဆန္ဒနယ်ပြင်ပရောက် (ပြည်ပ) ကြိုတင်ဆန္ဒမဲပေးသူများစာရင်းပုံစံ ( ၁-၃ ) တွင် သီးခြားရေးမှတ်ပြုစုရသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်းကို ကြေညာပြီးသည့်အခါ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ရသည်။ ကော်မရှင်က ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ပေးပို့ရပြီး နိုင်ငံခြားရေးဝန်ကြီးဌာနက ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးအသီးသီးသို့ ဆက်လက်ပေးပို့ရသည်။

သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးအကြီးအမှူးသည် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် စာအိတ်များကိုရရှိသည့်အခါ ကြိုတင်ဆန္ဒမဲပေးမည့်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် စီစဉ်ပေးရသည်။ ထိုသို့ စီစဉ်ပေးရာ၌ ပထမအချက်အနေဖြင့် သံရုံး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်ရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ လာရောက်နိုင်သမျှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများကို စုရုံးပြီး ကြိုတင်ဆန္ဒမဲပေးရန်နေရာကို သတ်မှတ်ပေးရသည်။

ဒုတိယအချက်အနေဖြင့် သံရုံး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်ရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးတွင် စုရုံးရောက်ရှိလာသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဖြန့်ဖြူးကာ လျှို့ဝှက်ဆန္ဒမဲပေးခြင်းဖြင့် ဆန္ဒပြုစေပြီး သက်ဆိုင်ရာ စာအိတ်အသီးသီးသို့ထည့်သွင်း၍ လုံခြုံစွာပိတ်ရသည်။ထို့နောက် ယင်းစာအိတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ရသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်ပေးပို့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပေးပို့လာသည့် စာအိတ်များပါ မဲဆန္ဒနယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်များကိုစိစစ်၍ သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့သည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မဲပေးသည့်နေ့ ညနေ ၄ နာရီ ထိုးသည်နှင့်တစ်ပြိုင်နက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ယင်းဆန္ဒမဲလက်မှတ်များကို ရေတွက်ရသည်။ ညနေ ၄ နာရီ ထိုးပြီးမှ ရောက်ရှိလာသည့် ဆန္ဒမဲလက်မှတ်များကို လက်ခံရေတွက်ခြင်းမပြုရပါ။

ဤသို့သောလုပ်ငန်းစဉ်များဖြင့် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံမှ ကြိုတင်မဲများရယူရသည်။ [သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ နည်းဥပဒေ ၅၇၊ ၅၉၊ ၆၁၊ ၆၃ တို့ပါ ပြဋ္ဌာန်းချက်များ]

## ယခင်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးနိုင်ခဲ့သည့်အခြေအနေ

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံပြင်ပတွင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်စပ်လျဉ်း၍ ပုံစံ (၁၅) ဖြင့် လျှောက်ထားသူ ခြောက်ထောင်ကျော်ခန့်ရှိခဲ့ပြီး သံရုံးအသီးသီးသို့ လာရောက်ကြိုတင်ဆန္ဒမဲပေးသူများသည်လည်း ခြောက်ထောင်ကျော်ရှိခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်စပ်လျဉ်း၍ ပုံစံ (၁၅) ဖြင့် ကြိုတင်မဲပေးနိုင်ရန်လျှောက်ထားသူ သုံးသောင်းကျော်ရှိခဲ့သည်။ သံရုံးစုစုပေါင်း ၄၄ ရုံးဖြစ်သည်။ ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူ နှစ်သောင်းကျော်ရှိခဲ့သည်။

## ဆန္ဒမဲပေးသူနည်းပါးလျက်ရှိနေသည်

သာဓကအားဖြင့် အိမ်နီးချင်းထိုင်းနိုင်ငံရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် သက်ဆိုင်ရာသံရုံးတွင် လာရောက်ဆန္ဒမဲပေးခဲ့သူ ထောင်ဂဏန်းပင်မပြည့်ကြောင်း သိရှိရသည်။ ထိုင်းနိုင်ငံတွင် အစိုးရ၏ခွင့်ပြုချက်ဖြင့် သွားရောက်လုပ်ကိုင်နေသော အလုပ်သမားများ သန်းနှင့် ချီ၍ရှိသည်။ နိုင်ငံနယ်စပ်ဒေသမြို့များဖြစ်သော မဲဆောက်မြို့၊ မဲဆိုင်မြို့၊ ရနောင်းမြို့များတွင် အလုပ်သွားရောက်လုပ်ကိုင်နေကြသော အလုပ်သမားသောင်းဂဏန်းချီ၍ ရှိနေသည်။ ထိုရွှေ့ပြောင်းအလုပ်သမားများသည် ပြည်ပနိုင်ငံကိုသွားသည်ဆိုကတည်းက (Passport for Job ) စာအုပ်ကိုင်သူများပါရှိသည်။ နောက်တစ်ခုက ( Certificate of Identity ) ကတ်ကိုင်ဆောင်သူများရှိသည်။ ယင်းတို့ကို အစိုးရဝန်ကြီးဌာနတစ်ခုဖြစ်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အိမ်ထောင်စုစာရင်း ( သန်းခေါင်စာရင်း ) နှင့် နိုင်ငံသားမှတ်ပုံတင်ရှိမှ ထုတ်ပေးသည်။ ယင်းနှစ်ချက်အပြင် အခြား Passport, Visa အမျိုးမျိုးဖြင့် သွားရောက်လုပ်ကိုင်နေသူများလည်း ပါရှိသည်။ ထိုသူများသည် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် သွားရောက်လုပ်ကိုင်နေသူများဖြစ်၍ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ကြသည်။

၎င်းတို့သည် ဆန္ဒမဲပေးခွင့်ရှိကြသူများဖြစ်ပြီး ဆန္ဒမဲပေးလိုကြသော်လည်း အခက်အခဲများကြောင့် ပြီးခဲ့သောရွေးကောက်ပွဲများ၌ ဘန်ကောက်ရှိသံရုံးသို့သွားရောက်၍ ကြိုတင်ဆန္ဒမဲ မပေးနိုင်ခဲ့ကြပါ။ ထို့ကြောင့် ဆန္ဒမဲပေးသူ လွန်စွာနည်းပါးခဲ့ရသည်။ အလားတူ အိမ်နီးချင်းနိုင်ငံများအပါအဝင် စင်ကာပူ၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ ဩစတြေးလျ၊ အမေရိကန်၊ အင်္ဂလန်စသည့် ပြည်ပနိုင်ငံအသီးသီးတွင် တရားဝင်သွားရောက်နေထိုင် အလုပ်လုပ်နေသူ အချို့အချို့မှာလည်း ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးကို ပေးသာပေး၍ မရဖြစ်နေသည်။

အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသွားရောက်နေထိုင်လုပ်ကိုင်နေကြသော မဲဆန္ဒရှင်များ ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးမှုနည်းပါးနေရခြင်း၏ အခြေခံအကြောင်းအရင်းမှာ သက်ဆိုင်ရာသံရုံး၊ ကောင်စစ်ဝန်ရုံးစသည်တို့သို့သွားရောက်ရန် ခရီးလမ်းပန်းဆက်သွယ်မှုဝေးကွာ၍ အခက်အခဲဖြစ်ရခြင်းနှင့် ငွေကြေးကုန်ကျမှု အခက်အခဲဖြစ်ရခြင်း နှစ်ချက်ကိုတွေ့ရသည်။ မြန်မာရွေးကောက်ပွဲစနစ်အရ စာတိုက်ဖြင့်ပို့ခြင်း၊ အွန်လိုင်းဖြင့်ပေးပို့ခြင်းတို့ကိုလည်း ခွင့်ပြုပြဋ္ဌာန်းထားခြင်း မရှိပါ။

ယင်းသို့သောအခြေအနေတွင် အဆိုပါအခက်အခဲများကိုကျော်လွှားပြီး အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေထိုင် အလုပ်လုပ်နေသူများအားလုံး ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် ဥပဒေပြဋ္ဌာန်းချက်မူဘောင်အတွင်းမှ မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအပါအဝင် နီးနွယ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးပြီး အကောင်းဆုံးသော နည်းလမ်းများကို သတ်မှတ်နိုင်ကြပါမည်။ နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများအတွက် နိုင်ငံသားတို့၏အခွင့်အရေးကို အပြည့်အဝရရှိနိုင်ကြပါမည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် ရရှိကြစေလိုကြောင်းပါ။

- **ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး ဆန္ဒမဲပေးနိုင်ကြပါစေ၊**
- **နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံး အဆင်ပြေပြေ ဆန္ဒမဲပေးနိုင်ကြပါစေ၊**
- **၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး ချောမောအောင်မြင်စွာ ကျင်းပနိုင်ပါစေ။ ။**

**အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပ သွားရောက်နေထိုင်လုပ်ကိုင်နေကြသော မဲဆန္ဒရှင်များ ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးမှု နည်းပါးနေရခြင်း၏ အခြေခံအကြောင်းအရင်းမှာ သက်ဆိုင်ရာသံရုံး၊ ကောင်စစ်ဝန်ရုံးစသည်တို့သို့ သွားရောက်ရန် ခရီးလမ်းပန်းဆက်သွယ်မှုဝေးကွာ၍ အခက်အခဲဖြစ်ရခြင်းနှင့် ငွေကြေးကုန်ကျမှု အခက်အခဲဖြစ်ရခြင်း နှစ်ချက်ကိုတွေ့ရ...**

# သြစတြေးလျ၌ ပုံနှိပ်သတင်းစာ အစောင် ၆၀ ရပ်နားမည်



**ဆစ်ဒနီ မေ ၂**

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားနေမှုကြောင့် ကြော်ငြာကဏ္ဍတွင် ဝင်ငွေကျဆင်းနေသဖြင့် ဒေသတွင်းရှိသတင်းစာ အစောင် ၆၀ ကို ထုတ်ဝေမှုရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ရူပတ်ဒ် မားဒေါ့စ်၏ သြစတြေးလျသတင်းမီဒီယာကော်ပိုရေးရှင်းက မေ ၁ ရက်တွင် ကြေညာသည်။ နယူးဆောက်ဝေးလ်၊ ဗစ်တိုးရီးယား၊ ကွင်းစ်လန်းနှင့် သြစတြေးလျတောင်ပိုင်းပြည်နယ်တို့မှ သတင်းစာများကို ပုံနှိပ်ထုတ်ဝေခြင်း ရပ်နားပြီး အွန်လိုင်းတွင် ပြောင်းလဲဖော်ပြသွားမည်ဖြစ်ကြောင်း အထက်ပါသတင်းမီဒီယာကော်ပိုရေးရှင်းက ပြောကြားသည်။ ယခုဆုံးဖြတ်ချက်ကို မိမိတို့အနေဖြင့် အလေးအနက်မစဉ်းစားဘဲ ဆောင်ရွက်ခြင်းမဟုတ်ကြောင်း News Corp Australiasia၏ အမှုဆောင်ဥက္ကဋ္ဌ မိုက်ကယ်မီလာက ပြောကြားသည်။ "ယခုဖြစ်ပေါ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် မမျှော်မှန်းထားတဲ့ စီးပွားရေးဆိုင်ရာဖိအားတွေရှိလာပြီး ကျွန်တော်တို့အနေနဲ့ အလုပ်အကိုင်တွေကို တတ်နိုင်သလောက် ထိန်းထားနိုင်အောင်ဆောင်ရွက်ခဲ့ရပါတယ်"ဟု ၎င်းကပြောကြားသည်။

"ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်ကာလမှာ သတင်းစာတွေရဲ့ ကြော်ငြာဝင်ငွေကျဆင်းခဲ့တာကြောင့် ကျွန်တော်တို့ရဲ့ ပုံနှိပ်မီဒီယာအသိုင်းအဝိုင်းကိုလည်း လုပ်ငန်းတွေရပ်ဆိုင်းရတဲ့အထိ ဖိအားတွေဖြစ်ပေါ်ခဲ့ရပါတယ်"ဟု ၎င်းက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်တွင် သြစတြေးလျရှိ မီဒီယာလုပ်ငန်းအများစုမှာ အွန်လိုင်းမီဒီယာကဏ္ဍသို့ ကူးပြောင်းရန်ကြိုးပမ်းခဲ့ကြသည်။ မီဒီယာလုပ်ငန်းအများစုမှ လုပ်ငန်းများရပ်နားကြောင်း ကြေညာချက်များထုတ်ပြန်အပြီး သြစတြေးလျသတင်းမီဒီယာကော်ပိုရေးရှင်း၏ ယခုကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်မည်ကို ကြောက်ရွံ့နေကြသည့် ဈေးဝယ်စင်တာ ငွေကိုင်ဝန်ထမ်းများ

**ရောမ မေ ၂**

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့လျက်ရှိစဉ် ဈေးဝယ်စင်တာများတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများသည် နေ့စဉ်နှင့်အမျှ ဝယ်ယူသူဖောက်သည်များနှင့် ထိတွေ့ဆက်ဆံနေရသည်။ ဝယ်ယူသူများအနက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများလည်း ပါဝင်နိုင်သည်။

အချို့ဈေးဝယ်သူများသည် အရောင်းဝန်ထမ်းများနှင့် အလွန်နီးကပ်စွာနေပြီး ငွေပေးချေမှုများ ပြုလုပ်ကြသည်။ ငွေပေးချေရာတွင် ဝယ်ယူသူအချို့သည် တံတွေးများကို လက်ဖြင့်ပွတ်ကာ ပိုက်ဆံရေတွက်လေ့ရှိကြသည်။ ယင်းသို့ပြုမူခြင်းသည် ဗိုင်းရပ်စ်ကူးစက်မှု ဖြစ်နိုင်ခြေ ပိုမိုများပြားလှသည်။



ထို့ကြောင့် အီတလီနိုင်ငံရှိ ဈေးဝယ်စင်တာများတွင် အလုပ်လုပ်နေကြသော ဝန်ထမ်းများသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မည့်အန္တရာယ်ကို တွေးဆကာ ပူပင်နေကြရသည်။

ကမ္ဘာတစ်ဝန်းတွင် ဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်ရန် သီးခြားစောင့်ကြည့်ခြင်းခံနေရသော ပြည်သူသန်းပေါင်းများစွာရှိသည်။ သို့သော် နေ့စဉ်စားသောက်ရေးအတွက် နေ့စဉ်သုံးပစ္စည်းများကို ပြည်သူများအနေဖြင့် ဝယ်ယူကြရသည်။

အီတလီနိုင်ငံ ဘရက်ဆီးရားမြို့ရှိ ဈေးဝယ်စင်တာတစ်ခု၏အသက် ၄၈ နှစ်အရွယ် ငွေကိုင်ဝန်ထမ်းတစ်ဦးသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီး မကြာသေးမီက သေဆုံးသွားခဲ့သည်။ ၎င်းသေဆုံးခဲ့ပြီးနောက် ဗိုင်းရပ်စ်ဖြစ်ပွားနေစဉ်ကာလအတွင်းမှာ မဖြစ်မနေအလုပ်လုပ်ကိုင်ကြရသည့် လုပ်သားပြည်သူများအတွက် သက်ဆိုင်ရာလုပ်ငန်းရှင်များက ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများနှင့်ပတ်သက်ပြီး မည်သို့တုံ့ပြန်ပေးမည်နည်းဆိုသည့် မေးခွန်းများ နိုင်ငံတစ်ဝန်းတွင် မြင့်တက်လာခဲ့သည်။

အလားတူ ပြီးခဲ့သောရက်သတ္တပတ်က အီတလီနိုင်ငံရှိ ဈေးဝယ်စင်တာတစ်ခုက အသက် ၃၃ နှစ်အရွယ် လုံခြုံရေးဝန်ထမ်းတစ်ဦးသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

"နိုင်ငံတစ်ဝန်းမှာ ဒီလိုသတင်းတွေကြားရတော့ ဈေးဝယ်စင်တာမှာ အလုပ်လုပ်ရတဲ့ ကျွန်မတို့တွေဟာ ဗိုင်းရပ်စ်ကူးစက်ခံရမှာကို အလွန်ကြောက်နေကြပါတယ်"ဟု အီတလီနိုင်ငံ အနောက်မြောက်ဘက် နိုဗီရာမြို့ရှိ ဈေးဝယ်စင်တာတစ်ခု၏ လုပ်သက် ၁၀ နှစ်ရှိသော ငွေကိုင်ဝန်ထမ်း ပီရားက ပြောကြားခဲ့သည်။

"ဒါပေမယ့် အရောင်းဝန်ထမ်းတွေကို လက်ဆေးဆပ်ပြာရည်၊ လက်အိတ်နဲ့ နှာခေါင်းစည်းတွေ ပေးထားပါတယ်။ ဒါပေမယ့် ညစ်ပတ်သွားရင် ပြန်လျှော်သုံးရမှာပါ။ နောက်ပြီး ငွေရှင်းကောင်တာမှာ ရောဂါပိုးအလွယ်တကူ ကူးစက်မှုမရှိအောင် မှန်တွေကာပေးထားပါတယ်"ဟု ပီရားက ဆက်လက်ပြောကြားခဲ့သည်။

"ငွေကိုင်ဝန်ထမ်းတွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကို နှိုင်းယှဉ်ပြောလို့တော့မရပါဘူး။ ဒါပေမယ့် သေချာတာကတော့ အားလုံးကိုထိရောက်တဲ့ ကာကွယ်မှုတွေ လုပ်ဆောင်ပေးသင့်ပါတယ်"ဟု အယ်ကော်ကွန်မြို့ရှိ ငွေကိုင်တစ်ဦးက ပြောကြားခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊**
**ဘာသာပြန်-အောင်ကျော်ကျော်**

# လက်ဘနွန်နိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံး

**ဘေရွတ် မေ ၂**

လက်ဘနွန်နိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး ဘာနာဒီတာကာတယ်လာသည် ကိုဗစ်-၁၉ ရောဂါအား ကုသမှုခံယူနေစဉ် မေ ၂ ရက်အစောပိုင်းက လက်ဘနွန်နိုင်ငံ ဆေးရုံတစ်ခုတွင် သေဆုံးခဲ့ကြောင်း လက်ဘနွန်နိုင်ငံ အမျိုးသားသတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။

အသက်၆၂နှစ်အရွယ်ရှိဖိလစ်ပိုင်သံအမတ်ကြီး ဘာနာဒီတာကာတယ်လာသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ခံရခြင်းကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

ဖိလစ်ပိုင်သံအမတ်ကြီးသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လက်ဘနွန်နိုင်ငံတွင် ဖိလစ်ပိုင်နိုင်ငံ၏ စေတနာလုပ်ငန်းအစီအစဉ်တစ်ရပ်ကို ဦးဆောင်ဦးရွက်လုပ်ဆောင်ခဲ့သူဖြစ်သည်။

လက်ဘနွန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် ဖေဖော်ဝါရီ ၂၁ ရက်ကတည်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ခံရသူ ၇၂၉ ဦးအထိ ရှိလာခဲ့ကာ သေဆုံးသူစုစုပေါင်း ၂၄ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအတွက် အသက်ရှူအထောက်အကူပြုကိရိယာများ ထုတ်လုပ်ရန် အမေရိကန် မော်တော်ကားကုမ္ပဏီများ ကြိုးပမ်း

**ပဲရစ် မေ ၂**

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း အသက်ရှူအထောက်အကူပြုစက်များထုတ်လုပ်ရန် ဂျင်နရယ်မော်တာ၊ ဖို့ဒ်၊ ပီအက်စ်အေ၊ ရီးနော့စ် ဘောက်စ်ဝက်ဂွန်နှင့် ဖော်မြူလာဝမ်းစသော အမေရိကန် မော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီများမှအင်ဂျင်နီယာများက ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။

### ထုတ်လုပ်ရန်ညွှန်ကြားခဲ့

ကမ္ဘာတစ်ဝန်းရှိဆေးရုံများတွင် ကိုရိုနာဗိုင်းရပ်စ်လူနာများ မြင့်တက်နေပြီး အသက်ရှူအထောက်အကူပြုပစ္စည်းများ ရှားပါးမှုကြောင့် ဆရာဝန်များမှာ လူနာများ၏ သေရေးရှင်ရေး အသက်အန္တရာယ်ကြုံတွေ့မှုများတွင် ဆုံးဖြတ်ရခက်ခဲသော အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ကျွမ်းကျင်သူအချို့၏ ပြောကြားချက်အရ အသက်ရှူ အထောက်အကူပြုပစ္စည်းများ ထုတ်လုပ်ရန်အတွက် ကားထုတ်လုပ်ရေးလုပ်ငန်းများနှင့်မတူညီသော နည်းစနစ်များနှင့် လုပ်ငန်းစဉ်များ လိုအပ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်



ထရမ့်က တိုင်းပြည်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်နေသဖြင့် ကားထုတ်လုပ်ရေးလုပ်ငန်းများအား စစ်အတွင်းက စီးပွားရေးအခြေအနေကို နှိုင်းယှဉ်ပြီး အသက်ရှူအထောက်အကူပြုပစ္စည်းများ ထုတ်လုပ်ရန် ပန်ကြားခဲ့သည်။ ထရမ့်က ၁၉၅၀ ပြည့်နှစ် ကာကွယ်ရေးထုတ်လုပ်မှုဥပဒေကအသုံးပြုပြီး ဂျီအမ်ကားကုမ္ပဏီ၏ စက်ရုံတစ်ရုံအား အသက်ရှူ အထောက်အကူပြုပစ္စည်း ထုတ်လုပ်ရန်ညွှန်ကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် ပြင်သစ်တွင်လည်း ပြင်သစ်သမ္မတ မက်ခရွန်က ပီအက်စ်အေနှင့် မော်တော်ကားဆိုင်ရာပစ္စည်းကိရိယာများထုတ်လုပ်သော ဘယ်လီယို ကုမ္ပဏီတို့အား အသက်ရှူ အထောက်အကူပြုပစ္စည်း အခုပေါင်း ၁၀၀၀၀ကို ထုတ်လုပ်ရန်ညွှန်ကြားခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

# ရက်အနည်းငယ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်သန်းထိရှိလာမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ပြောကြား



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တီဒရော့စ်အက်ဟာနွမ်ဂီဘာရီယီးဆပ်

**ဂျီနီဗာ မေ ၂**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် လာမည့်ရက်အနည်းငယ်အတွင်း လူဦးရေ တစ်သန်းအထိ ရှိလာမည်ဖြစ်ကြောင်းနှင့် သေဆုံးသူအရေအတွက်သည်လည်း ၅၀၀၀၀ ရှိလာမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)အကြီးအကဲက ပြောကြားသည်။

မေ ၁ ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တီဒရော့စ်အက်ဟာနွမ်ဂီဘာရီယီးဆပ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအာဏာပိုင်များက ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါစတင်ဖြစ်ပွားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ သတင်းပို့ခဲ့သည်မှာလည်း သုံးလကြာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့လုံးဆိုင်ရာ ကူးစက်ပျံ့နှံ့ဖြစ်ပွားမှုသည် လျင်မြန်စွာမြင့်တက်လာသည့်အတွက် အလွန်အမင်းစိုးရိမ်မိကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက ပြောကြားသည်။

နိုင်ငံအများအပြားက ပြည်သူများအား အိမ်တွင်နေထိုင်ရန် တောင်းဆိုလာသည့်အတွက် ခုခံနိုင်စွမ်းနည်းပါးသူများအား စားနပ်ရိက္ခာနှင့် အခြားသောလူမှုဘဝ၏ အခြေခံလိုအပ်ချက်များရရှိစေမည့်ဆောင်ရွက်မှုများကို လုပ်ဆောင်ရန်လည်း ၎င်းက တောင်းဆိုထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပြောကြားချက်အရ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူအရေအတွက် ၄၇၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်းနှင့် ကူးစက်ခံရသူဦးရေသည်လည်း ၉၄၀၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

## ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းဖောက်ဖျက်သူများအား သေနတ်ဖြင့်ပစ်သတ်မည်ဟု သမ္မတ ဒူတာတေး ဆို



**မနီလာ မေ ၂**

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်ထိန်းချုပ်ရန် အစိုးရအဖွဲ့၏ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို ဖောက်ဖျက်သည့် မည်သူကိုမဆို ပြစ်ဒဏ်ပေးသည့်အနေဖြင့် သေနတ်ဖြင့် အသေပစ်သတ်မည်ဟု ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ယနေ့ သတိပေးပြောကြားခဲ့သည်။

ထို့ပြင် ကျန်းမာရေးဝန်ထမ်းများအား ဝတ္တရားနှောင့်ယှက်သူများကိုလည်း ထိရောက်စွာ အရေးယူမည်ဟု ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ရုပ်သံမိန့်ခွန်းတစ်ခုတွင် ပြောကြားခဲ့သည်။ ပြည်သူများအနေဖြင့် ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ပူးပေါင်းလုပ်ဆောင်ရန် အရေးကြီးကြောင်းနှင့် ရောဂါကူးစက်မှုအန္တရာယ်မှ ကင်းဝေးစေရန် နေအိမ်အတွင်းမှာသာ နေထိုင်ရန် ဒူတာတေးက ပြည်သူများအား တိုက်တွန်းပြောကြားခဲ့သည်။

မေ ၂ ရက် ဆေးမှတ်တမ်းများအရ ဖိလစ်ပိုင်နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၃၁၁ ဦးရှိပြီး ၉၆ ဦး သေဆုံးခဲ့သည်။

"နိုင်ငံအတွင်းမှာ ရောဂါကူးစက်မှု အခြေအနေ တော်တော်ဆိုးရွားနေပါတယ်။ ဒါကြောင့် စည်းကမ်းတွေကို လိုက်နာစေချင်ပါတယ်"ဟု ဒူတာတေးက ဆိုသည်။

"အကယ်၍ပြည်သူတွေအနေနဲ့ စည်းမျဉ်း၊ စည်းကမ်းတွေ ဖောက်ဖျက်မယ်ဆိုရင် အာဏာပိုင်တွေကို သေနတ်သုံးခွင့်ပေးထားပါတယ်"ဟု ဒူတာတေးက ပြောကြားခဲ့သည်။

မနီလာမြို့အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် အာဏာပိုင်များကို ဝတ္တရားနှောင့်ယှက်သည့်အပြင် အစိုးရ၏ အစားအစာထောက်ပံ့မှုနှင့်ပတ်သက်ပြီး ကျေနပ်မှုမရှိသည့်အတွက် ဆန္ဒထုတ်ဖော်သူများအား ဖမ်းဆီးခဲ့သည့် သတင်းထွက်ပေါ်လာပြီးနောက် သမ္မတ ဒူတာတေးက ရုပ်သံမိန့်ခွန်းတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

သမ္မတ ဒူတာတေး၏ ပြောကြားချက်သည် ပြည်သူတွေအနေနဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို လိုက်နာရန် အလေးပေးပြောကြားခဲ့ခြင်းသာဖြစ်ကြောင်း ရဲချုပ်အာချီဖရန်စစ္စကို ဂန်ဘိုရာက ပြောကြားခဲ့သည်။

ကိုးကား- စီအင်န်အေ
ဘာသာပြန်-အောင်ကျော်ကျော်

## စပိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း သေဆုံးသူ ၉၅၀ ရှိ၊ ဥရောပတစ်ခွင်လုံး၌ ရောဂါကူးစက်ခံရသူပေါင်း ငါးသိန်းကျော်ရှိလာ

**ပါရီ မေ ၂**

ဥရောပတစ်ခွင်လုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ငါးသိန်းကျော်ရှိလာပြီဖြစ်ရာ ကမ္ဘာတစ်ဝန်းလုံးရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လူနာစုစုပေါင်း၏ ထက်ဝက်ကျော်ရှိလာကြောင်း တရားဝင်သတင်းရင်းမြစ်များမှ ယနေ့ ရယူထားသည့် အေအက်ဖ်ပီသတင်းဌာန၏ အချက်အလက်များအရ သိရသည်။

ဥရောပတိုက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၀၈၂၇၁ ဦးရှိလာပြီး ယင်းရောဂါကြောင့် ၃၄၅၇၁ ဦးသေဆုံးခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံးရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၉၄၀၈၁၅ ဦးနှင့် ရောဂါကြောင့် သေဆုံးသူဦးရေ ၄၇၈၃၆ ဦးနှင့် နှိုင်းယှဉ်ကြည့်ပါက ဥရောပတွင် ရောဂါကူးစက်ခံရသူ ထက်ဝက်ကျော်ရှိကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ဥရောပတိုက်ရှိ ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးထိခိုက်သွားသည့် နိုင်ငံများမှာ အီတလီနှင့် စပိန်နိုင်ငံတို့ဖြစ်ပြီး အဆိုပါရောဂါကြောင့် အီတလီနိုင်ငံတွင် ၁၃၁၅၅ ဦးနှင့် စပိန်နိုင်ငံတွင် ၁၀၀၀၃ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

စပိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်တာအတွင်း လူနာ ၉၅၀ ခန့်စံချိန်တင် သေဆုံးခဲ့ပြီးနောက် သေဆုံးသူ ဦးရေ ၁၀၀၀၃ အထိ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ထို့အတူ အီတလီနှင့် စပိန်နိုင်ငံတို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အတည်ပြုလူနာ ၁၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

သို့သော် နိုင်ငံအများအပြားတွင် ရောဂါပြင်းထန်သော လူနာ သို့မဟုတ် ဆေးရုံတက်ရန်လိုအပ်သော လူနာများကိုသာ စမ်းသပ်စစ်ဆေးလျက်ရှိသည့်အတွက် အမှန်တကယ် ရောဂါကူးစက်ခံရသူဦးရေသည် နောက်ထပ်တိုးလာဖွယ်ရှိကြောင်း သိရသည်။

ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ

## အမေရိကန်၌ ကိုဗစ်-၁၉ ကူးစက်လူနာ နှစ်သိန်းကျော်နှင့် သေဆုံးသူ ၄၄၀၀ ကျော်အထိ မြင့်တက်လာ

**ဝါရှင်တန် မေ ၂**

အမေရိကန်နိုင်ငံတွင် မေ ၁ ရက်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ နှစ်သိန်းအထိ ရှိလာခဲ့ပြီး သေဆုံးသူ ၄၄၀၀ ကျော်အထိ မြင့်တက်လာခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ပြောကြားသည်။

နယူးယောက်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၃၇၁၂ ဦးဖြင့် အမေရိကန်နိုင်ငံတွင် ကူးစက်လူနာ အများဆုံးပြည်နယ်ဖြစ်ကြောင်း၊ နယူးယောက်ပြည်နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမှာ ဧပြီလကုန်အထိ ရှိလာနိုင်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အန်ဒရူးကျူးမိုက ပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုထိန်းချုပ်ရာတွင် ခပ်ခွာခွာနေခြင်း၏ အရေးပါပုံကို ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ မရှိမဖြစ်ပစ္စည်းများ ဝယ်ယူရန် သို့မဟုတ် အခြားရည်ရွယ်ချက်များဖြင့် အပြင်ထွက်လျှင် တစ်ဦးနှင့်တစ်ဦး ၁ ဒသမ ၈ မီတာခန့်ခွာ၍ နေကြရန် ၎င်းက ပြည်သူများသို့ တိုက်တွန်းခဲ့သည်။

ဖလော်ရီဒါပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၆၇၀၀ ကျော်လာခဲ့ပြီဖြစ်ရာ ပြည်သူများ နေအိမ်၌သာ နေထိုင်ကြရန် ပြည်နယ်အုပ်ချုပ်ရေးမှူး ရွန်ဒီဆန်းတစ်က ဒေသခံများသို့ ညွှန်ကြားခဲ့သည်။ ကမ်းခြေများ၊ စားသောက်ဆိုင်များသို့ လာရောက်လည်ပတ်သည့် အပန်းဖြေခရီးထွက်သူများကြောင့် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့လာနိုင်မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ရှိလာခဲ့သည်။ စီးပွားရေးဆိုးကျိုးဖြစ်လာနိုင်မှုကြောင့် အမိန့်ထုတ်ပြန်ရာတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးအနေဖြင့် ကြန့်ကြာမှုရှိခဲ့သည်။

အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၀၀၀၀ မှ ၂၄၀၀၀၀ အထိ ရောက်ရှိနိုင်ကြောင်း အိမ်ဖြူတော် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး အထူးလုပ်ငန်းအဖွဲ့က မတ် ၃၁ ရက်တွင် ပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ကျော်ထိုက်စိုး

## အစ္စရေးကျန်းမာရေးဝန်ကြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ ဝန်ကြီးချုပ်နေတန်ယာဟု သီးသန့်ခွဲ၍ နေ

**ဂျေရုဆလင် မေ ၂**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ၎င်း၏ကျန်းမာရေးဝန်ကြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် သီတင်းပတ်တစ်ပတ်အတွင်း ဒုတိယအကြိမ်အဖြစ် သီးသန့်ခွဲ၍ နေထိုင်နေရကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ယနေ့ ပြောကြားသည်။

အသက် ၇၀ အရွယ် နေတန်ယာဟုသည် ကျန်းမာရေးဝန်ကြီး ယာကော့ဗ်လစ်သ်ဇ်မန်နှင့် မကြာခဏ ထိတွေ့ဆက်ဆံခဲ့သောကြောင့် လာမည့်သီတင်းပတ် ဗုဒ္ဓဟူးနေ့အထိ သီးသန့်ခွဲ၍ နေရမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် နေတန်ယာဟုသည် ၎င်း၏ ကိုယ်ရေးဆရာဝန်ထောက်ခံချက်နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ ယခုကဲ့သို့ သီးသန့်ခွဲ၍ နေရခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက မှတ်ချက်ပြုပြောကြားသည်။ နေတန်ယာဟုသည် ၎င်း၏ အကြံပေးအရာရှိတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် နှစ်ရက်ကြာ သီးသန့်ခွဲ၍နေကာ မေ ၁ ရက်တွင် လူထုရှေ့မှောက်သို့ ထွက်ပေါ်လာခဲ့သည်။



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု

အစ္စရေးကျန်းမာရေးဝန်ကြီး ယာကော့ဗ်လစ်သ်ဇ်မန်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် မေ ၂ ရက်တွင် ၎င်း၏ဇနီးသည်နှင့်အတူ သီးသန့်ခွဲ၍ နေထိုင်နေရကြောင်း သိရသည်။ ဝန်ကြီး၏ ဇနီးမှာလည်း အဆိုပါ ရောဂါ ကူးစက်ခံရကြောင်း သိရသည်။

သို့သော် ဝန်ကြီးယာကော့ဗ်လစ်သ်ဇ်မန်နှင့် ဇနီးသည် နေကောင်းလျက်ရှိပြီး ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့အပြင် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရေးအတွက် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်သည့် အစ္စရေးကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် မောရှေဘာဆီမန်တော့ဗ်သည်လည်း ယာကော့ဗ်လစ်သ်ဇ်မန်နှင့် မကြာခဏထိတွေ့ဆက်ဆံခဲ့သောကြောင့် သီးသန့်ခွဲ၍ နေထိုင်နေရကြောင်း သိရသည်။

အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လူနာ ၆၂၁၁ ဦးရှိပြီး ၎င်းတို့အနက် ၃၁ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ညမထွက်ရအမိန့် ထိုင်းဝန်ကြီးချုပ် ထုတ်ပြန်ကြေညာ



**ဗန်ကောက် ဧပြီ ၂**

ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့နေသော ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးအတွက် ဧပြီ ၃ ရက်မှ စတင် အကျုံးဝင်မည့် ညမထွက်ရအမိန့်တစ်ရပ်ကို ယနေ့ ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နေ့စဉ်ဒေသစံတော်ချိန် ည ၁၀ နာရီနှင့် နံနက် ၄ နာရီ အကြား အကျုံးဝင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ပရာယုဒ် ချန်အိုချာက ယနေ့ကြေညာလိုက်သည်။

ထိုင်းအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးအတွက် အရေးပေါ်ဥပဒေတစ်ရပ်ကို ကနဦးက ကြေညာခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူလူနာ နေ့စဉ်တိုးတက်များပြားလာကာ ယမန်နေ့အထိ ရောဂါ ကူးစက်ခံရသူလူနာ ၁၈၇၅ ဦးအထိ ရှိလာခဲ့ပြီးနောက် ယခုကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ညမထွက်ရ အမိန့်ကို ပြဋ္ဌာန်းလိုက်ခြင်း ဖြစ်သည်။

ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါအခြေအနေ စီမံခန့်ခွဲရေး ဆိုင်ရာကွပ်ကဲမှုဗဟိုဌာနသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်နိုင်ရေးအတွက် ပြည်သူ များကို နေ့ရော ညပါ နေအိမ်များတွင် နေထိုင်ကြရန် ထပ်ကာတလဲလဲ တိုက်တွန်းလျက်ရှိသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု လျှော့ချရေး အတွက် ဗန်ကောက်မြို့တစ်ဝန်းရှိ လက်လီအရောင်းဆိုင် များ၊ စတိုးဆိုင်များနှင့် ဆဲလ်ဖုန်းဆိုင်များအားလုံးကို နေ့စဉ် ညသန်းခေါင်ယံအချိန်နှင့် ဒေသစံတော်ချိန် နံနက် ၅ နာရီ အကြား ပိတ်ပြီး ယခုလကုန်အထိ အကျုံးဝင်စေရန် ဗန်ကောက်မြို့တော်ဝန် အာဆွင်ကွန်မွာန်က ဧပြီ ၁ ရက် တွင် အတည်ပြုကြေညာခဲ့သည်။

ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့နေသော ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးအတွက် ဗန်ကောက်မြို့ အနီးရှိ နွန်သာဘူရီပြည်နယ်အပါအဝင် အခြားပြည်နယ် အများအပြားတွင် ညမထွက်ရအမိန့်ကို ထုတ်ပြန် ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျော်တီ**

# ဆိုမာလီယာဝန်ကြီးချုပ်ဟောင်း ကိုဗစ်-၁၉ ရောဂါကြောင့် ကွယ်လွန်

**လန်ဒန် ဧပြီ ၂**

ဆိုမာလီယာဝန်ကြီးချုပ်ဟောင်း နူဟတ် ဆန်ဟူစိန်သည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် လန်ဒန်မြို့တော်ရှိ ဆေးရုံတစ်ရုံ၌ ကွယ်လွန် ခဲ့ကြောင်း မိသားစုဝင်များက ပြောသည်။

နူအတ်ဒီအဖြစ် လူသိများသည့် ဆိုမာလီယာဝန်ကြီးချုပ်ဟောင်း သေဆုံးမှုကို ဆွေမျိုးများက အတည်ပြုခဲ့သည်။ အသက် ၈၂ နှစ်အရွယ် နူအတ်ဒီသည် ယမန်နေ့နံနက် ၅ နာရီဝန်းကျင်တွင် ကွယ်လွန်ခဲ့ကြောင်း မိသားစုဝင်တစ်ဦးက ပြောသည်။ နူအတ်ဒီ သည် ၂၀၀၇ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဝန်ကြီးချုပ်ဖြစ်ခဲ့သည်။ ဝန်ကြီးချုပ်သက်တမ်းအတွင်း အီသီယိုးပီးယား ကျောထောက်နောက်ခံအစိုးရနှင့် အီရီထရီးယား အခြေစိုက် သူပုန်များကြား ငြိမ်းချမ်းရေး ဆွေးနွေးမှုကို ဦးဆောင်ခဲ့ခြင်းကြောင့် နူအတ်ဒီသည် လူအများ၏အသိအမှတ်ပြုမှု ခံခဲ့ရသည်။

ဂျဘူတီနိုင်ငံတွင်ပြုလုပ်သည့် ဆွေးနွေးမှု များကြောင့် ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့စည်း လာပြီး သူပုန်ခေါင်းဆောင် ရှာရက်ဖ်ရှိတ်ခ် အာမက်မှာ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက် တွင် ဆိုမာလီယာသမ္မတအဖြစ် ရွေးကောက်ခံ ခဲ့ရသည်။ နိုင်ငံရေးလောကသို့ မဝင်ရောက်မီ နူအတ်ဒီသည် ဆိုမာလီယာ လခြမ်းနီအသင်း တွင် ၁၇ နှစ်ကြာ အထွေထွေအတွင်းရေးမှူး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ နူအတ်ဒီ သည် ဆိုမာလီယာရဲတပ်ဖွဲ့တွင်လည်း တာဝန် ထမ်းဆောင်ခဲ့ပြီး မိုဟာမက်ဆီရတ် ဘာရီ အစိုးရလက်ထက်တွင် ရဲမှူးကြီးအဆင့်အထိ ရာထူးတိုးမြှင့်ခဲ့သည်။



နူအတ်ဒီကို လန်ဒန်မြို့တော်၌ သင်္ဂြိုဟ် မည်ဟု မိသားစုဝင်များက ထုတ်ပြန်ချက် တစ်ခုအတွင်း ပြောကြားသည်။ မိုဂါဒစ်ရှူး မြို့တော်၌ အလံတစ်ဝက်လွှင့်ထူကာ သုံးရက်ကြာ ဝမ်းနည်းခြင်းအထိမ်းအမှတ် အခမ်းအနားကျင်းပမည်ဟု ဆိုမာလီယာ သမ္မတ မိုဟာမက် အဗ္ဗဒူလာဟီဖာမာဂျိုက ကြေညာခဲ့သည်။

**ကိုးကား-ဗွီအိုအေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# တရုတ်ကလှူဒါန်းသော ဆေးဝါးအကူအညီများကို ပိတ်ပင်သည့် အမေရိကန်ကို ကျူးဘား ရှုတ်ချ

**ဟာဗားနား ဧပြီ ၂**

ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုထိန်းချုပ်ရာတွင် တရုတ်နိုင်ငံထံမှ လှူဒါန်းသည့် ဆေးဘက်အကူအညီများ ဟန့်တားမှုကို ကျူးဘားနိုင်ငံက ရှုတ်ချကြောင်း သမ္မတ မီဂွယ်ဒီအက်ဇ်ကာနယ်က တွစ်တာမှ တစ်ဆင့် ပြောကြားလိုက်သည်။

"ကျူးဘားနိုင်ငံအပေါ် အမေရိကန်နိုင်ငံရဲ့ ပိတ်ဆို့မှုကြောင့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက် ရေးမှာ အသုံးပြုမယ့် တရုတ်နိုင်ငံ အလီဘာဘာဖောင်ဒေးရှင်းက လှူဒါန်းလိုက်တဲ့ ဆေးဝါးအကူ အညီတွေ ရောက်မလာသေးတဲ့အတွက် ကျူးဘားနိုင်ငံက ရှုတ်ချပါတယ်" ဟု ၎င်းက ပြောသည်။ အမေရိကန်နိုင်ငံ၏ ပိတ်ဆို့မှုက ကျူးဘားပြည်သူများ၏ လူ့အခွင့်အရေးကို ချိုးဖောက်ရာ ရောက်ကြောင်း သမ္မတ မီဂွယ်က ဆိုသည်။ ကျူးဘားနိုင်ငံသို့ နှာခေါင်းစည်းများ၊ စမ်းသပ်ရေး ကိရိယာများနှင့် အသက်ရှူအထောက်အကူပြုကိရိယာများ သယ်ဆောင်ရန် အလီဘာဘာ ဖောင်ဒေးရှင်းက ငှားရမ်းခဲ့သော အမေရိကန်ကုန်တင်လုပ်ငန်းတစ်ခုသည် အမေရိကန်၏ ကျူးဘား အား အရေးယူပိတ်ဆို့သည့် ဥပဒေကိုလိုက်နာသည့်အနေဖြင့် ကျူးဘားနိုင်ငံသို့ လှူဒါန်းမှုများ ပို့ဆောင်ပေးရန် ငြင်းဆန်ခဲ့သည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ အမေရိကန်အစိုးရသည် ပြီးခဲ့သည့်နှစ် မေလတွင် အမေရိကန်က ကျူးဘားနိုင်ငံအား ပိတ်ဆို့အရေးယူမှုများချမှတ်သည့် အက်ဥပဒေကို အတည်ပြုခဲ့သည်။ အဆိုပါ အက်ဥပဒေအရ ကျူးဘားအစိုးရက နိုင်ငံပိုင်ပြုလုပ်ထားသောလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ သော ပြည်ပနိုင်ငံသားများကို အမေရိကန်နိုင်ငံသားပိုင်ကုမ္ပဏီများက တရားစွဲဆိုခွင့်ရှိသည်။ ကျူးဘားပြည်သူများကို ပံ့ပိုးကူညီမည့် အလီဘာဘာဖောင်ဒေးရှင်းတည်ထောင်သူ ဂျက်မား၏ ကြိုးပမ်းမှုများကို အမေရိကန်အစိုးရက အလွဲသုံးစားလုပ်ခဲ့ကြောင်း တရုတ်နိုင်ငံဆိုင်ရာ ကျူးဘား သံအမတ်ကြီး ကားလို့စ်မီဂွယ်ပီရီယာက ပြောသည်။ ဧပြီ ၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက် လူနာသစ် ၂၆ ဦး တွေ့ရှိခဲ့ရာ ကူးစက်ခံရသူ စုစုပေါင်း ၂၁၂ ဦးအထိရှိလာခဲ့ပြီဟု ကျူးဘားကျန်းမာရေး ဌာနမှ အာဏာပိုင်များက ကြေညာခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်ရန်အတွက် အကျဉ်းသား ၁၄၈ ဦးကို ဆိုမာလီသမ္မတက ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေး

**မိုဂါဒစ်ရှူး ဧပြီ ၂**

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုထိန်းချုပ်ရေး အရေးယူဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်း အနေဖြင့် အကျဉ်းသား ၁၄၈ ဦးကို ဆိုမာလီသမ္မတ မိုဟာမက် ဖာမာဂျိုက ကြာသပတေးနေ့က လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါဗိုင်းရပ်စ်ကူးစက်မှု ဖြစ်ပွားပြီးနောက် နိုင်ငံအတွင်းရှိ အကျဉ်းသားများ၏ အခြေအနေနှင့်ပတ်သက်၍ ရှေ့နေချုပ်ထံမှ အစီရင်ခံစာရရှိပြီးနောက် သေးငယ်သည့်အမှုများ ကျူးလွန်ခဲ့သည့် အကျဉ်းသားများကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သမ္မတ ဖာမာဂျို က ပြောကြားသည်။

ထောင်များအတွင်း ကျန်ရှိနေသည့် အကျဉ်းသားများ၏ ကျန်းမာရေးအန္တရာယ်ကို ကာကွယ်ရန်အတွက် အရေးယူဆောင်ရွက်မှုများကို ပြည့်ပြည့်ဝဝ လုပ်ဆောင်ကြရန် ကျန်းမာရေး ဝန်ကြီးဌာနနှင့် အကျဉ်းထောင်အာဏာပိုင်များကိုလည်း သမ္မတက ညွှန်ကြားထားသည်။

အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပြုရန်အတွက် သမ္မတအား လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၀ ကို ကိုးကားသည်ဟု သမ္မတ ဖာမာဂျိုက ပြောကြားသည်။ အာဖရိက၏ ဦးချိုနေရာတွင်ရှိသည့် ဆိုမာလီနိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ငါးဦးရှိသည်ဟု အတည်ပြုထားသည်။ ၎င်းတို့မှာ ဆိုမာလီ သုံးဦး နှင့် နိုင်ငံခြားသား နှစ်ဦးတို့ဖြစ်သည်။

ဆိုမာလီနိုင်ငံသည် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေမှုကို ထိန်းချုပ်ရန်အတွက် အခြားသော အရေးယူဆောင်ရွက်မှုများအပြင် လူစုလူဝေးများ၊ ပြည်တွင်းနှင့် နိုင်ငံတကာလေယာဉ်ခရီးစဉ် များကို တားမြစ်ထားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**

# ဆေးဘက်ဆိုင်ရာကိရိယာများ အမေရိကန်သို့ ရုရှားပေးပို့

**မော်စကို ဧပြီ ၂**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါတိုက်ဖျက် ရေးတွင် ပံ့ပိုးကူညီရန် အမေရိကန်နိုင်ငံသို့ ဆေးဘက်ဆိုင်ရာ ကိရိယာများ၊ အခြား ပစ္စည်းများ တင်ဆောင်ထားသော သယ်ယူ ပို့ဆောင်ရေးလေယာဉ်တစ်စင်း စေလွှတ်ခဲ့ ကြောင်း ရုရှားနိုင်ငံက ပြောကြားသည်။



ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက ဧပြီ ၁ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ သမ္မတ ဗလာဒီမာပူတင် သည် မတ် ၃၀ ရက်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဖုန်းဖြင့်ဆွေးနွေးမှုအတွင်း အကူအညီပေးမည်ဟု ကမ်းလှမ်းခဲ့ကြောင်း ရုရှားသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပတ်ရှ်ကော့ဗ်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတက လူသားချင်း စာနာထောက်ထားသော အကူအညီအတွက် ကျေးဇူးတင်ရှိသည်ဟု ပြောကြားခဲ့ပြီး အကူ အညီကို လက်ခံခဲ့သည်ဟု ပတ်ရှ်ကော့ဗ်က ဆိုသည်။ လက်ရှိအချိန်တွင် အခြား တိုင်းပြည်များကို အကူအညီပေးရမည့်အချိန် မဟုတ်ဟု ရုရှားနိုင်ငံရှိ ပြည်သူအချို့က ကန့်ကွက်ကြသည်။ ဤသို့ ပံ့ပိုးကူညီမှုက အေးတိအေးစက်ဖြစ်နေသော အမေရိကန်-ရုရှားဆက်ဆံရေးအတွက် အပြုသဘောဆောင် သော အကျိုးသက်ရောက်မှုများ ရှိလာမည်ဟု အချို့က ပြောကြားသည်။ ရုရှားနိုင်ငံက အီတလီ နိုင်ငံသို့ ဆရာဝန်များ၊ အထူးကုများအပြင် ဆေးဘက်ဆိုင်ရာကိရိယာများ ပေးပို့ခဲ့သည်။

ဥရောပမီဒီယာများစွာက ပံ့ပိုးကူညီမှု အတွက် ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ သော်လည်း အကူအညီ၏နောက်ကွယ်တွင် နိုင်ငံရေးတွက်ချက်မှုတစ်ခုရှိမည်ဟု ထင်မြင် ယူဆခဲ့ကြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ရွှေဘိုတွင် စည်းကမ်းမလိုက်နာသည့် စားသောက်ဆိုင်တစ်ဆိုင်ကို အမှုဖွင့်

**ရွှေဘို ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသောစည်းကမ်းကို မလိုက်နာသည့် စားသောက်ဆိုင်တစ်ဆိုင်ကို မတ် ၃၁ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က အမှုဖွင့်အရေးယူထားကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆန်းဦးထံမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၈ ရက် ညနေ ၄ နာရီခွဲခန့်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ချစ်စမ်းမောင်နှင့်အဖွဲ့သည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ရွှေဘိုမြို့နယ် ကျေးရွာရပ်ကွက်များအတွင်း စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ယစ်မျိုးဆိုင်များအား ဆိုင်ထိုင်ရောင်းချခြင်းမပြုရန်၊ ပါဆယ်ဖြင့်သာ ရောင်းချရန် အသိပေးအကြောင်းကြားထားရှိမှုကို လိုက်နာခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေးရာ ရွှေဘိုမြို့ အမှတ်(၇)ရပ်ကွက်နေ ရွှေရတီ စားသောက်ဆိုင်ပိုင်ရှင် မောင်မောင်အောင်၏စားသောက်ဆိုင်အတွင်း၌ ဆိုင်ထိုင်၍ သောက်စားနေသူ ငါးဦးအား တွေ့ရှိခဲ့သဖြင့် တိုင်တန်းသောအမှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စားသောက်ဆိုင်ပိုင်ရှင် မောင်မောင်အောင်ကို ရွှေဘိုမြို့မရဲစခန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ မတ် ၂၅ ရက်မှ ၃၁ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်လိုက်မြို့နယ် မော်တုံကြီးကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်း/ တမလန်း သစ်/ခွဲသား ၈ ဒသမ ၂၈၀၄ တန်၊ ပန်းတောင်းမြို့နယ် ရတနာပုံရပ်ကွက် ယင်းမာ(၁)လမ်း ဥဿျစ်ပင်မြို့တွင် ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ကျွန်းခွဲသား ၁၃ ဒသမ ၀၉၀၆ တန်၊ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်(၃၃/၅) အရှေ့ဘက် ကသဲ အင်းဘုန်းကြီးကျောင်းအဝင်လမ်းဘေး ၁၀ ဘီးယာဉ်နှစ်စီးပေါ်မှ တရားမဝင် ပျဉ်းကတိုး/ တောင်သရက်/ သပြေခွဲသား ၁၆ ဒသမ ၆၀၀၆ တန်၊ မီးသွေး၄၃၃ အိတ်(၁၃၈ ဒသမ ၅၆ တန်)၊ ပန်းတောင်းမြို့နယ် ကြိုးပြင်ခုတ်ကွက်(၁၂၉) နေရာမှ တရားမဝင်ပျဉ်းကတိုးသစ် ၇ ဒသမ ၆၈၆၀ တန်၊ ခပေါင်းကြိုးဝိုင်းအကွက်အမှတ်(၆၉၊ ၇၂၊ ၇၃)နှင့် ဖြူးကွန်းကြိုးဝိုင်းအကွက်အမှတ်(၃၃)အတွင်းမှ တရားမဝင် ကျွန်း/ ပျဉ်းကတိုး သစ်/ခွဲသား/ခွဲခြမ်း ၁၃ ဒသမ ၈၀၄၀ တန်၊ သပိတ်ကျင်းမြို့နယ် ပေါ်တော်မူကျေးရွာ၏ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာမှ တရားမဝင် ကျွန်း/အင်ကြင်း/ ပျဉ်းကတိုးသစ် ၆ ဒသမ ၇၅၀၀ တန်၊ ဝိုင်းမော်မြို့နယ် ဆင်နီခူးကျေးရွာ၏ မြောက်ဘက် သုံးမိုင်ခန့်အကွာမှ တရားမဝင် လောက်ယား/ ကညင်/ ခလောင်/ မအူ/ သစ်ဖြူ/ တောင်တမာ/ ကြေးလံသစ် ၂၁ ဒသမ ၆၂၂၀ တန်၊ တိုက်ကြီးမြို့နယ် ဥက္ကံမြောက်(၂)နယ်မြေ ဥက္ကံကြိုးဝိုင်းအကွက်အမှတ်(၇၇၊ ၈၂)နေရာတို့မှ တရားမဝင် ကျွန်းခွဲသား/ကျွန်းဖုံတို၊ ပျဉ်းကတိုး/ မျောက်ချော/ ထောက်ကြန့်/ ဇင်ပွန်း/ ရုံး/ မှိုက်/ သဒီ/ လိန် သစ်လုံး/ ခွဲသား ၃၀ ဒသမ ၃၇၁၈ တန်၊ အင်ဂျင်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တောင်ဒဂုံမြို့နယ် ရာဇသင်္ကြန်လမ်း (၁၄၄)ရပ်ကွက် အမှတ်(၈၀) ဂိုဒေါင်အတွင်း တရားမဝင် ကျွန်း/ပိတောက်ခွဲသား၊ ပိတောက်တံခါးချပ်/ပိတောက်ပွတ်လုံး (၆၁ ဒသမ ၈၈၉)တန်အား ပြစ်မှုကျူးလွန်သူတစ်ဦးနှင့်အတူ ဆက်စပ်ပြစ်မှုကျူးလွန်သူခြောက်ဦးအားလည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့ နယ် ရေလိမ်ကျေးရွာအုပ်စု လင်းနေချောင်းကျေးရွာ ဦးစိုးပိုင်၊ ဦးကျော်ကျော်၊ ဦးစိုးထွဋ်တို့၏ အိမ်တွင်းစက်မှုလက်မှု သစ်စက်ဝင်းအတွင်းနှင့် လယ်ကွင်းအတွင်း၊ တန့်ငူကျေးရွာအုပ်စု ကြောင်ထောက်ကျေးရွာ ဦးဝင်းအောင်၏ အိမ်တွင်းစက်မှုလက်မှု သစ်စက်ဝင်းအတွင်းတို့တွင် တရားမဝင် တောင်သရက်ခွဲသား ၃၅ ဒသမ ၂၁၈၆ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူခုနစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး တရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# တရားမဝင် ကျောက်စိမ်းများ သယ်ဆောင်လာသူအား အရေးယူ

**မန္တလေး ဧပြီ ၂**

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ သင်ပန်းကုန်းရဲကင်းစခန်းမှ ရဲကင်းမှူးနှင့်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃၁ ရက် ညနေ ၅ နာရီက နယ်မြေအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်စဉ် ပြည်ကြီးတံခွန်မြို့နယ် (င)ရပ်ကွက် ၆၂လမ်းနှင့် မိုလ်ဗထူးလမ်းထောင့်အနီးတွင် ၆၂ လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်အား စစ်ဆေးရာ ကျော်သူရ အောင်ပင်လယ်ရပ်ကွက် ချမ်းမြသာစည်မြို့နယ်နေသူမောင်းနှင်လာပြီး ယာဉ်နောက်ခန်းတွင် ဆာလာအိတ်ဖြင့်ထည့်လျက် ကျောက်စိမ်းတုံး ၂၄ တုံး(၄၈၂ ဒသမ ၀၇ ကီလိုဂရမ်)နှင့် ကျောက်စိမ်းကျောက်အရွယ်အစားမျိုးစုံ ရှစ်အိတ်(ကီလိုဂရမ် ၅၀၀ ခန့်)အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် ကျော်သူရအား ပြည်ကြီးတံခွန်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# တရားမဝင် ခဲများတင်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းမိ

**ဘောလခဲ ဧပြီ ၂**

ကယားပြည်နယ် ဘောလခဲမြို့၌ ယနေ့နံနက် ၆ နာရီခွဲက တရားမဝင်ခဲများ တင်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၆ နာရီခွဲက နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေနီပေါက်ကျေးရွာ ကြိုးတံတားအနီး ဖားဆောင်း-လွိုင်ကော်ကားလမ်းမကြီးပေါ်တွင် ဦးစောဘိုမှူး လွိုင်ကော်မြို့ ပန်ကန်းရပ်ကွက်နေသူ မောင်းနှင်လာသောယာဉ်အား ရပ်တန့်စစ်ဆေးမှုပြုလုပ်ခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် ခဲအိတ် ၃၀ ခန့် တင်ဆောင်လာကြောင်း တွေ့ရှိရသည်။

အဆိုပါ တရားမဝင်ခဲများနှင့် ဆက်စပ်ပစ္စည်းများ တင်ဆောင်လာသော ဦးစောဘိုမှူးအား သတ္တုတွင်းဦးစီးဌာနက ဆက်လက်အမှုဖွင့်အရေးယူနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှရွှေ**



# ဖားကန့်၊ အုတ်ဖိုနှင့် ဝက်လက်မြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

### ဖားကန့်

ကချင်ပြည်နယ် ဖားကန့်မြို့နယ် တာမခံကျေးရွာ၌ ဧပြီ ၁ ရက် မွန်းလွဲပိုင်းက မီးပလပ်ခုံအပူလွန်ကဲရာမှ နေအိမ်ငါးလုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ဧပြီ ၁ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က ဖားကန့်မြို့နယ် တာမခံကျေးရွာ ရပ်ကွက်(၂)နေ မင်းခန့်ကျော်၏နေအိမ်၌ မီးပလပ်ခုံအပူလွန်ကဲကာ မီးလောင်မှုဖြစ်ပွားခဲ့ပြီး နေအိမ်ငါးလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

မီးလောင်ကျွမ်းရာနေရာသို့ ဖားကန့်မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးပြေငြိမ်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ရာ ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မင်းခန့်ကျော်အား ဖားကန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

### အုတ်ဖို

အုတ်ဖိုမြို့နယ် ဆင်ဂေါင်းကျေးရွာအုပ်စု ဆင်ဂေါင်းလေးကျေးရွာနေ ဒေါ်ကြာရွှေနေအိမ်၌ ဧပြီ ၂ ရက် နံနက် ၉ နာရီက နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် နေအိမ် လေးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ/တိရစ္ဆာန် ထိခိုက်ဒဏ်ရာမရရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ အုတ်ဖိုမြို့မရဲစခန်းက ဒေါ်ကြာရွှေအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရွှေမြင့်ဦး(ရွှေပြည်သာ)**

### ဝက်လက်

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် တအုံကျေးရွာ၌ ဧပြီ ၁ ရက် ညပိုင်းက ဝါယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁ ရက် ည ၁၁ နာရီ မိနစ် ၄၀ ခန့်က ဝက်လက်မြို့နယ် တအုံကျေးရွာ၌ မီးလောင်နေကြောင်း သတင်းအရ ဝက်လက်မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်းနိုင် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရွှေပန်းကုံးနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ရဲတပ်ဖွဲ့ဝင် ငါးဦး၊ ကျေးရွာနေပြည်သူ ၂၀၀ တို့ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၀၀ နာရီ မိနစ်၃၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ အိမ်ရှင် ဦးသန်းစိုး၏ နေအိမ်တွင် ညမီးလင်းရန်ထွန်းသည့် ဘက်ထရီဝိုင်ယာအပူလွန်ကဲရာမှ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးသန်းစိုးအား ဝက်လက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**




# ကျိုင်းလပ်၌ အမျိုးသားတစ်ဦး ကားကြိတ်မိ၍သေဆုံး

**ကျိုင်းလပ် ဧပြီ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းလပ်မြို့တွင် ဧပြီ ၁ ရက် ည ၁၀ နာရီ မိနစ် ၂၀ က အမျိုးသားတစ်ဦး ကားကြိတ်မိ၍သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့မှ ဈေးဝယ်ပြီး ကျိုင်းလပ်မြို့သို့ ဦးမြင့်ကျော်မောင်းနှင်၍ ဦးစောဝင်းကြည်နှင့် သူရကျော်စွာတို့ လိုက်ပါစီးနင်းလာသော လိုက်ထရပ်ယာဉ်သည် ကျိုင်းလပ်-တာလေ သွားကားလမ်းမပေါ် ကျိုင်းလပ်မြို့ အမှတ်(၂)ရပ်ကွက်(ဝမ်နတ်) မိုင်တိုင်အမှတ်(၅၄ နှင့် ၅၅)ကီလိုမီတာအကြား အရောက်တွင် ဦးစောဝင်းကြည်၏ ဦးထုပ်ပြုတ်ကျသဖြင့် ကားရပ်ပြီး ဦးထုပ်ဆင်းကောက်စဉ် ယာဉ်နောက်ပြန်ဆုတ်ရာမှ ဦးစောဝင်းကြည်အား တိုက်မိကာ ကားယာဘက်နောက်ဘီးဖြင့် ကြိတ်မိသေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဦးမြင့်ကျော်အား ကျိုင်းလပ် နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဖြူဖြူဝင်း(ပြန်/ဆက်)**

# စည်းလုံးညီညာ အောင်ကြောင်းဖြာ

ဒေါက်တာမော်

ယနေ့ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ဟူသော ကပ်ရောဂါကြီး ဖြစ်လာခဲ့ချေပြီ။ ကပ်ရောဂါဆိုသည်ကို ကြားဖူးကြသော်လည်း၊ ကပ်ရောဂါများဖြစ်လာနိုင်သည်ဟု ပညာရှင်များက အတန်တန် သတိပေးထားသော်လည်း၊ လူ့သမိုင်းမှာ ကပ်ရောဂါများကြုံခဲ့ဖူးသော်လည်း၊ ယနေ့ခေတ်ကဲ့သို့ စီးပွားရေး၊ ပညာရေး၊ လူနေမှုအဆင့်အတန်းများ တိုးတက်၍ ကပ်ရောဂါကို လူအများစုက မေ့နေချိန်ဝယ် အငိုက်မိကာ... ထိုကပ်ရောဂါကြီးမှာ ကမ္ဘာ့အရှေ့ခြမ်းမှ အနောက်ခြမ်း ကမ္ဘာတစ်ဝန်းသို့ အရှိန်အဟုန်ပြင်းစွာ ပြန့်ပွားသွားလေရာ နိုင်ငံအများစုမှာ ပြင်ဆင်ကာကွယ်ချိန် မရလိုက်ကြချေ။

### လူမှန်သမျှကို ကူးစက်နိုင်

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကူးစက်ရောဂါတစ်ခုဖြစ်၍ ထိုမြို့နေလူများ ဘဝပျက်ယောက်ယက်ခတ်နေသည်ကို သိပ္ပံရုပ်ရှင်တစ်ခုအလား ထိုင်ကြည့်နေရာမှ မိမိနောက်ကျောသို့ ချက်ချင်းရောက်လာပြီး မိမိတို့ပါ ဘဝပျက်ယောက်ယက်ခတ်နေရကြောင်း အီတလီနိုင်ငံသူတစ်ဦးက ဆိုထားသည်။ တရုတ်နိုင်ငံတွင် စတင်ဖြစ်ပွားပြီးများမကြာမီကာလမှာပင် ကမ္ဘာ့နိုင်ငံ အားလုံးနီးပါးသို့ ဆင်းရဲချမ်းသာမရွေးပျံ့နှံ့ခဲ့လေပြီ။ ထိုရောဂါသည် အိမ်ရှေ့မင်းသား၊ ရုပ်ရှင်မင်းသားမခွဲခြားဘဲ လူမျိုး၊ ဘာသာ၊ နိုင်ငံ၊ ရာသီအသီးသီးမှာ လူမှန်သမျှကို ကူးစက်နိုင်ပါသည်။

အစပထမတွင် ထိုကူးစက်ရောဂါမှာ မည်သို့သဘောသဘာဝရှိသည်ကို မည်သူကမျှ မသိခဲ့ချေ။ ဝူဟန်မြို့တွင် ရောဂါဖြစ်ပွားသူများ၊ ကူးစက်ပုံများကို လေ့လာရာမှအစ ပညာရှင်များက ဤသုံးလအတွင်း နေ့မအား၊ ညမနား သုတေသနပြုကြသဖြင့် ထိုရောဂါပိုး၏ သဘာဝကို တစ်စိတ်တစ်ပိုင်းသိရှိရပေပြီ။

မော်တို့နိုင်ငံ ကံကောင်းသည်မှာ အခြားနိုင်ငံများထက် သုံးလခန့်နောက်ကျပြီးမှ ထိုရောဂါ စတင်ဖြစ်သည်ဖြစ်သဖြင့် ရောဂါသဘာဝနှင့် ကာကွယ်နည်းများကို သူများနိုင်ငံများထက် တစ်ပန်းသာ သိရှိခွင့်ရနှင့်နေပြီဖြစ်သည်။ ထိုရောဂါ၏ သဘာဝကို မော်တို့ပြည်သူတွေ သိထားနားလည်မှသာ ကာကွယ်ရေးအကြံပေးချက်များကို ယုံယုံကြည်ကြည် လိုက်နာကြမည်ဖြစ်ပေသည်။

> **ဆရာဝန်မဟုတ်သောသူအတွက် မိမိခပ်ထုတ်သော အချွဲများသည် တံတွေးလား၊ သလိပ်လားဟူသည်ကို ခွဲခြားသိရန် ခက်ခဲပေမည်။ ထို့ကြောင့် သူတစ်ပါးကို မကူးရန် “တံတွေး မထွေးပါနှင့်”ဟု မည်သည့်နိုင်ငံမှာမျှ ချမှတ်ထားခြင်းမရှိသော စည်းကမ်းတစ်ခုကို မော်တို့ပြည်သူတွေ လိုက်နာရန်အကြံပြုလိုပါသည်။**

ထို့ကြောင့် ထိုရောဂါသဘာဝကို ဦးစွာရှင်းပြလိုပါသည်။

ထိုကူးစက်ရောဂါဖြစ်ခါစတွင် ဗိုင်းရပ်စ်ပိုးတစ်ခုကြောင့်ဖြစ်သည်ဟုသာသိခဲ့ပြီး ထိုဗိုင်းရပ်စ်ပိုးတွင် အမည်ပင်မရှိခဲ့ချေ။ ယနေ့တွင်ကား ထိုကူးစက်ရောဂါကို ၂၀၁၉ ခုနှစ်မှာဖြစ်သော ကိုရိုနာဗိုင်းရပ်စ် (coronavirus) ရောဂါဖြစ်သဖြင့် ကိုဗစ်-၁၉ ဟုခေါ်တွင်ပြီး ထိုဗိုင်းရပ်စ်ကို Severe Acute Respiratory Syndrome ဖြစ်စေသော coronavirus နှင့်တူသဖြင့် SARS-CoV-2 ဟု အမည်ပေးထားပါသည်။

ထိုဗိုင်းရပ်စ်၏သဘာဝမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ရောဂါရှိသူက ချောင်းဆိုး၊ နှာချေ၊ စကားပြောလိုက်ခြင်းဖြင့် ထွက်လာသော အရည်အမှုန်အမွှားလေးများတွင် ထိုဗိုင်းရပ်စ်ပိုးများပါလာသည်။

ထိုအမှုန်အမွှားလေးများသည် တစ်မီတာမှ နှစ်မီတာအထိရောက်နိုင်သည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရမည်ဟု ညွှန်ကြားထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ညွှန်ကြားချက်နှင့်အညီ တစ်မီတာ (၃ ပေသာသာ) ခွာနေရမည်ဟု ပညာပေးထားပါသည်။ CDC (Center for Disease Control and Prevention)က ထိုအမှုန်လေးများမှာ ၆ ပေ မှ ၁၀ ပေအထိရောက်နိုင်သည်ဟု ဆိုထားသည်။ မည်သို့ဆိုစေ မော်တို့ ပြည်သူများ အလွယ်တကူလိုက်နာစေနိုင်ရန် ခပ်ခွာခွာဆိုသည်မှာ လက်နှစ်ကမ်းခန့် ခွာနိုင်သမျှ ခွာနေကြရန် အကြံပေးလိုပါသည်။ ချောင်းဆိုး၊ နှာချေလျှင် ထိုအမှုန်လေးများတစ်မီတာမျှပင် မရောက်စေရန် တစ်ရှူး၊ အင်္ကျီလက်စသည်တို့ဖြင့် အုပ်ရပေမည်။ လက်ဖဝါးမှ တစ်ဆင့် တံခါးလက်ကိုင်စသော မိမိကိုင်သောပစ္စည်းများသို့ ပြန့်နိုင်ပါသဖြင့် လက်ဖဝါးဖြင့် မအုပ်သင့်ပါ။

(၂) ထိုဗိုင်းရပ်စ်သည် အနီးရှိ စားပွဲ၊ တံခါးစသည့် မျက်နှာပြင်များပေါ်တွင် ကျနေနိုင်ပေသည်။

ထိုစားပွဲ၊ တံခါးလက်ကိုင် စသည်တို့ကို ကိုင်မိသည့်လက်ဖြင့် မျက်စိ၊ နှာခေါင်းပွတ်မိသည့်အခါ၊ အစားအသောက်ကိုင်စားသည့်အခါ ကူးစက်နိုင်ပါသည်။ ထို့ကြောင့် မကြာခဏလက်ဆေးရမည်၊ စားပွဲ၊ ကုလားထိုင်စသည့် လူတိုင်းထိကိုင်နိုင်သော မျက်နှာပြင်များကို မကြာခဏသုတ်သင်သန့်ရှင်းရမည်ဟု ညွှန်ကြားထားခြင်းဖြစ်ပေသည်။

(၃) ထိုဗိုင်းရပ်စ်သည် တံတွေးမှလည်း ကူးစက်နိုင်သည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ကိုဗစ်-၁၉ ရောဂါတွေ့သည့်နေ့၌ “မြန်မာပြည်မှာ ကိုဗစ်ရောဂါစတွေ့ပြီ၊ နေရာတကာ တံတွေးထွေးတတ်ကြသော မြန်မာတွေအတွက် စိတ်ပူမိသည်”ဟု မြန်မာပြည် အခြေစိုက် နိုင်ငံခြားသတင်းသမားတစ်ဦးကပြောသည်ကို ရေဒီယိုမှာကြားလိုက်မိသောအခါ မော်မျက်လုံးပြူးသွားသည်။ ကိုယ့်လူတွေကိုတော့ သတိပေးမှဖြစ်ပေတော့မည်။ ထိုဗိုင်းရပ်စ်ပိုး တံတွေးမှာပါ/မပါကို အရင်လေ့လာကြည့်သည်။ အမေရိကန် ကယ်လီဖိုးနီးယားပြည်နယ် ကူးစက်ရောဂါအထူးကု အတိုင်ပင်ခံဆရာဝန်ကြီးတစ်ယောက်ကို မေးကြည့်ရာ တံတွေးတွင် ထိုဗိုင်းရပ်စ်ပါနိုင်သည်ဟု အတည်ပြုပါ သည်။

ဟောင်ကောင်ယူနီဗာစီတီကလည်း ကိုဗစ်-၁၉ လူနာ ၁၂ ယောက်အနက် ၁၁ ယောက်၏ တံတွေး၌ ထိုဗိုင်းရပ်စ်ပိုးကိုတွေ့သည်ဟု ဂျာနယ်တစ်ခု (Clinical Infectious Diseases) တွင် ရေးသားထားသည်။ ဤကဲ့သို့ တံတွေးတွင် ထိုဗိုင်းရပ်စ်ပါနေခြင်းမှာ တံတွေးဂလင်းမှ လာနိုင်သည်ဖြစ်သလို လေပြွန်အပေါ်ဆုံးရှိ နှာခေါင်းအနောက်ဘက်နေရာ (nasopharynx) မှလာသည်လည်း ဖြစ်နိုင်သည်ဟု ဆက်လက်ဖော်ပြထားပါသည်။

ဆရာဝန်မဟုတ်သောသူအတွက် မိမိခပ်ထုတ်သော အချွဲများသည် တံတွေးလား၊ သလိပ်လားဟူသည်ကို ခွဲခြားသိရန်ခက်ခဲပေမည်။ ထို့ကြောင့် သူတစ်ပါးကို မကူးရန် “တံတွေးမထွေးပါနှင့်”ဟု မည်သည့်နိုင်ငံမှာမျှ ချမှတ်ထားခြင်းမရှိသော စည်းကမ်းတစ်ခုကို မော်တို့ပြည်သူတွေ လိုက်နာရန် အကြံပြုလိုပါသည်။

“တံတွေးမထွေးရရင် မျိုချရမှာလား”ဟု မေးကြသည်။ တံတွေးထွေးသည့်အကျင့်မရှိသူတွင် မျိုချရမည်၊ မမျိုချရမည်မှာ ပြဿနာမဟုတ်ပါ။ တံတွေးဆိုသည်မှာ စားသောက်နေချိန်၊ အစားအသောက်ကို စဉ်းစားနေချိန်တွေမှာသာ အစာချေရန် အများအပြားထွက်ခြင်းဖြစ်ပြီး ထွေးစရာမလိုပါ။ တံတွေးထွေးခြင်းသည် ကွမ်းစားခြင်း၊ အကျင့်ဖြစ်နေခြင်း၊ သလိပ်ထွက်ခြင်းတို့ကြောင့်သာဖြစ်သည်။ ထို့ကြောင့် ထိုအကျင့်ကိုပြင်ရမည်။ ကွမ်းစားခြင်းကို ရပ်ဆိုင်းရပေမည်။

(၄) ထိုဗိုင်းရပ်စ်သည် မစင်မှလည်း ကူးစက်နိုင်သည်။

ထိုဗိုင်းရပ်စ်ကို မစင်နှင့်မစင်အိမ်(rectum) များတွင် တွေ့ရသည်ဟု အချို့ဂျာနယ် (Journal of the American Medical Association, Nature Medicine Journal) များတွင် ဖော်ပြထားပြီး တရုတ်နိုင်ငံ၌ အချို့လူနာများသည် ဗိုက်နာခြင်း၊ ဝမ်းသွားခြင်း၊ အော့အန်ခြင်းများရှိခဲ့သည်ဟု အချို့ဂျာနယ် (American Journal of Gastroenterology, New England Journal of Medicine)တို့တွင် ဖော်ပြထားသည်။ မစင်မှ ကူးစက်ခြင်းကို ကာကွယ်ရန် နည်းလမ်းမှာလည်း စနစ်တကျ “လက်ဆေးခြင်း” သာပင်ဖြစ်ပေသည်။

(၅) ထိုဗိုင်းရပ်စ်သည် ကူးစက်နှုန်းမြန်၏။

ခပ်ခွာခွာမနေလျှင် ရောဂါပိုးရှိသူ တစ်ယောက်မှ နှစ်ယောက်၊ သုံးယောက်သို့ ငါးရက်အတွင်း ကူးစက်နိုင်ပြီး ရက်ပေါင်း ၃၀ ခန့်အကြာတွင် လူပေါင်း ၄၀၀ ကျော်ကို ကူးစက်နိုင်သည်ဟု မြန်မာနိုင်ငံ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားပါသည်။ ထိုဗိုင်းရပ်စ်ပိုးသည် ရောဂါလက္ခဏာမပြမီကတည်းကပင် ကူးစက်နိုင်သဖြင့် ယနေ့ကမ္ဘာ့အခြေအနေအရ လူအားလုံးမှာ အချိန်မရွေး ထိုဗိုင်းရပ်စ်ပိုးရှိနိုင်သည်ဟုယူဆကာ တစ်ဦးမှတစ်ဦး မကူးစက်ရန် သတိကြီးစွာ ကာကွယ်ရပေမည်။

ထိုမျှမြန်ဆန်စွာ ကူးစက်နိုင်သော ကပ်ရောဂါကြီးအား ယနေ့အထိသိပ္ပံပညာရှင်များ လက်လှမ်းမီသလောက်သိထားသော ကာကွယ်ရန်နည်းလမ်းများကို သုံးသပ်ကြည့်လိုက်လျှင် (၁)ခပ်ခွာခွာနေခြင်းနှင့် (၂)သန့်ရှင်းစွာနေခြင်းဟူသော နည်းနှစ်ခုသာရှိပေသည်။ ထိုနည်းနှစ်ခုကို လူတိုင်းလူတိုင်း ကျင့်သုံးကြရင်း ကာကွယ်ဆေး၊ ကုသရန်ဆေးများပေါ်လာမည့် အချိန်ကို စောင့်စားကြပါက ဤကပ်ရောဂါကြီးကို အထိအရှုအနည်းဆုံးဖြင့် ကျော်လွှားနိုင်မည်ဖြစ်ပေသည်။

### ခပ်ခွာခွာနေခြင်း

လူများနှင့် ထိုကဲ့သို့ ခပ်ခွာခွာနေခြင်းကို လူမှုရေးအရ ခပ်ခွာခွာနေခြင်း (social distancing)ဟု အစပိုင်းတွင် ခေါ်တွင်ခဲ့ကြသော်လည်း လူမှုကွန်ရက် (social media)များ ထွန်းကားနေသော ဤခေတ်အခါမှာ အထီးကျန်ဖြစ်စရာမရှိသည့်အတွက် စိတ်မခွာ လူသာခွာနေခြင်း (physical distancing)ဟု ပြောင်းလဲခေါ်တွင်နေကြပါသည်။

အချို့သောသူများမှာ ခပ်ခွာခွာနေ၍ မဖြစ်နိုင်သော အခြေနေများရှိပါသည်။ သို့သော် ဖြစ်နိုင်သမျှ၊ ဖြစ်နိုင်သူများက ခပ်ခွာခွာနေခြင်းဖြင့် မိမိကိုယ်ကိုလည်းကာကွယ်၊ သူတပါးကိုလည်း ကာကွယ်ရာ ရောက်ပါသည်။ မိမိအိမ်တွင်မိမိနေ၍ ခပ်ခွာခွာနေစဉ် ကိုယ်၏ကျန်းမာရေး၊ စိတ်၏ချမ်းသာရေးအတွက် အိမ်တွင်းကိုယ်လက်လှုပ်ရှားမှု (လေ့ကားတက်ဆင်းခြင်း၊ အွန်လိုင်းဗီဒီယိုများ အကူအညီဖြင့် လှုပ်ရှားကခုန်ခြင်း)များ တစ်နေ့လျှင် တစ်နာရီခန့် ပြုလုပ်ခြင်း၊ တရားထိုင်ခြင်း၊ တရားနာခြင်း၊ စာပေများဖတ်ရှုခြင်း၊ အွန်လိုင်းအသုံးပြုကာ အလုပ်လုပ်ခြင်း၊ သူငယ်ချင်း ဆွေမျိုးများနှင့် အွန်လိုင်းမှာ တွေ့ဆုံစကားပြောခြင်း၊ တေးသီချင်းများနားထောင်ခြင်း၊ မအားမလပ်ခဲ့၍ တစ်ခါမျှ မရှင်းခဲ့ဖူးသော အခန်းလေးကို ရှင်းလင်းခြင်း၊ မိမိတွင် အကယ်၍သာ ထိုဗိုင်းရပ်စ်ပိုးရှိနေပါက သူများကိုမကူးစေချင်ဟု ကရုဏာထားခြင်း (ကရုဏာသည် ရောဂါပျောက်ကြောင်းဆေးတစ်ခွက်ပါ)၊ ကိုဗစ်-၁၉ သတင်းများကို တစ်နေ့နှစ်ကြိမ်ခန့်သာ ယုံကြည်စိတ်ချရသော သတင်းဌာနများမှာကြည့်ရှုခြင်း စသည်တို့ဖြင့် ဤရေရှည်တိုက်ပွဲကြီးကို ကျန်းမာချမ်းသာစွာ ဖြတ်သန်းစေချင်ပါသည်။ (Ref: WHO daily media breifing on COVID-19)

### သန့်ရှင်းစွာနေခြင်း

သန့်ရှင်းစွာနေခြင်းဟူသည်မှာ စနစ်တကျလက်ဆေးခြင်း၊ မျက်နှာတွင် စိုစွတ်သော အမြှေးပါးလေးများရှိရာ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်စသည်တို့အား မထိမိစေခြင်း၊ စားပွဲ၊ တံခါးလက်ကိုင်စသော လူအများထိတွေ့နိုင်သည့် မျက်နှာပြင်များကို သန့်ရှင်းအောင်ထားခြင်း၊ တံတွေးမထွေးခြင်းတို့ ပါဝင်ပါသည်။ လက်ဆေးရန်၊ မျက်နှာမထိရန် အသေးစိတ်အချက်များကို “ပြည်သူတာဝန်မေတ္တာမွန်” ဆောင်းပါးတွင် ဖော်ပြထားပြီးဖြစ်ပါသည်။

> **ရန်သူမှာ ထိုဗိုင်းရပ်စ်ဖြစ်သည်။ လူသားအချင်းချင်း မဟုတ်ပါ။ မည်သူကမျှ ထိုရောဂါမဖြစ်ချင်ပါ။ ရောဂါရှိသူ၊ ရောဂါရှိသည်ဟု ဖြစ်နိုင်ခြေရှိသူများကို မကောင်းဆိုးဝါးများကဲ့သို့ မဆက်ဆံသင့်ပါ။ ထိုကဲ့သို့ဆက်ဆံပါက ရောဂါရှိသည်ဟု ဖြစ်နိုင်ခြေရှိသူများအနေဖြင့် အသိဉာဏ်စေတနာရှိ၍ သက်ဆိုင်ရာကို အကြောင်းကြားလိုလျှင်ပင် ထွက်လာရဲမည်မဟုတ်တော့ပေ။ တစ်ဦးအပေါ်တစ်ဦး ကရုဏာထားခြင်းသည် အောင်မြင်ရာလမ်းစဖြစ်သည်။**

ထိုဗိုင်းရပ်စ်သည် လူသားတို့အတွက် ရန်သူအသစ်ဖြစ်သည်။ သူ့အကြောင်းသိရန်၊ သူ့အန္တရာယ်ကိုကာကွယ်ရန်လေ့လာကြိုးစားနေကြဆဲဖြစ်သည်။ ရန်သူ့အကြောင်း ပိုသိလာသည်နှင့်အမျှ လူသားတို့ လုပ်ဆောင်ရမည်များကို WHO၊ CDC၊ နိုင်ငံတော်အစိုးရတို့မှ သိပ္ပံနည်းကျ အထောက်အထားများအရ ညွှန်ကြားသွားမည်ဖြစ်သဖြင့် မျက်စိဖွင့်၊ နားဖွင့် ယုံယုံကြည်ကြည်လက်တွဲလိုက်နာကြရန်လိုပါသည်။

ကြက်သွန်ဖြူ၊ တမာရွက်၊ နနွင်းတက်နှင့် ဂျင်းမိတ်သလင်ကို အားကိုးခြင်းသည် အလေ့အကျင့်ပြောင်းခြင်းထက် လွယ်ကူနေသဖြင့် ထင်ရာမြင်ရာ အလွယ်လမ်းကို မလိုက်စေလိုပါ။ ကိုဗစ်-၁၉ ရောဂါကြောင့်ဆေးရုံမရောက်ဘဲ ကြက်သွန်ဖြူအစားများသဖြင့် အာခေါင်ရောင်ပြီး ဆေးရုံရောက်ရကြောင်းကို The Straits Times သတင်းစာတွင် ဖတ်လိုက်ရသည်။ ကလိုရိုကွင်း (chloroquine)က ကိုဗစ်-၁၉ ရောဂါပျောက်စေသည်ဟုဆိုတိုင်း ဆရာဝန်နှင့် မတိုင်ပင်ဘဲ မသောက်သုံးသင့်ပါ။ ကလိုရိုကွင်းနှင့်မတည့်သူများ၊ ဘေးထွက်ဆိုးကျိုးများသည်ကို သတိပြုစေလိုပါသည်။

ရန်သူမှာ ထိုဗိုင်းရပ်စ်ဖြစ်သည်။ လူသားအချင်းချင်း မဟုတ်ပါ။ မည်သူကမျှထိုရောဂါမဖြစ်ချင်ပါ။ ရောဂါရှိသူ၊ ရောဂါရှိသည်ဟုဖြစ်နိုင်ခြေရှိသူများကို မကောင်းဆိုးဝါးများကဲ့သို့ မဆက်ဆံသင့်ပါ။ ထိုကဲ့သို့ ဆက်ဆံပါက ရောဂါရှိသည်ဟုဖြစ်နိုင်ခြေရှိသူများအနေဖြင့် အသိဉာဏ်စေတနာရှိ၍ သက်ဆိုင်ရာကို အကြောင်းကြားလိုလျှင်ပင် ထွက်လာရဲမည်မဟုတ်တော့ပေ။ တစ်ဦးအပေါ်တစ်ဦး ကရုဏာထားခြင်းသည် အောင်မြင်ရာလမ်းစဖြစ်သည်။

### ညွှန်ကြားချက်များကို လိုက်နာ

ထိုသို့မဟုတ်ပါက ဖမ်းဟယ်၊ ဆီးဟယ်၊ အော်ဟစ်ရိုက်ပုတ်ဟယ် စသည့် အနိဋ္ဌာရုံများနှင့် ရင်ဆိုင်ရပါမည်။ ရောဂါရှိသူ၊ ရောဂါရှိသည်ဟု ဖြစ်နိုင်ခြေရှိသူများကလည်း အများကို မကူးစက်စေရန် ထိုကပ်ရောဂါကြီး၏ အတိမ်အနက်သဘောကိုသိထားပြီး အသိစိတ်ရှိရှိ လူ့တာဝန်သိသိဖြင့် ကုသမှုများ၊ ညွှန်ကြားချက်များကို လိုက်နာရပေမည်။

လူသားအချင်းချင်းဆိုသည်မှာ တစ်နိုင်ငံထဲရှိ ရောဂါရှိသူ၊ မရှိသူများသာမက နိုင်ငံအသီးသီးသည်လည်း ရန်သူဗိုင်းရပ်စ်အကြောင်းသုတေသနများကို စုပေါင်းပြုလုပ်လေ့လာခြင်း၊ ကုသရန်ဆေးများ၊ ကာကွယ်ဆေးများကို စုပေါင်းတီထွင်စမ်းသပ်ခြင်း၊ သိရှိထားသော အချက်အလက်တို့အား မျှဝေခြင်းများကို စည်းလုံးညီညွတ်စွာပြုကြမှသာလျှင် ဘုံရန်သူကို တိုက်နိုင်မည်ဟု WHO ညွှန်ကြားရေးမှူးချုပ်က နေ့စဉ်သတင်းစာရှင်းလင်းပွဲများ၏ ကနဦးနေ့များကတည်းက တိုက်တွန်းထားပေသည်။

ကိုဗစ်က လူသားများ၏ စည်းလုံးမှုစွမ်းအားကို စမ်းသပ်နေလေပြီ။ စိတ်အေးအေးထားပြီး အသိပညာရှိရှိဖြင့် ယုံယုံကြည်ကြည်လက်တွဲကာကွယ်ကြလျှင် အထိအရှု အနည်းဆုံးဖြင့် ဤကပ်ရောဂါကြီးကို ကျော်လွှန်နိုင်ပေမည်။ ဗိုင်းရပ်စ်ကို လိုသလို မဟုတ်မမှန် အမည်တပ်မနေဘဲ လူမှန်လျှင် တိုက်ခိုက်မည်ဖြစ်သော ထိုဗိုင်းရပ်စ်ကို အမိကမ္ဘာမြေပေါ်မှာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကျိုးပြုကာ လက်တွဲ ရှင်သန်တိုးတက်လာကြသော လူသားများက အသိရှိရှိ သတိရှိရှိဖြင့် ညီညာစွာစုပေါင်းတိုက်ပွဲဝင်ကြပါစို့။ ။

ကြေးမုံ
မေ ၂၁ ၂၀၂၀

# Quarantine ထားမယ့်သူတွေကိုကူညီဖို့ စေတနာ့ဝန်ထမ်းအလုပ်ကို ရွေးချယ်ခဲ့တာပါ။

**ကိုသိန်းထိန်**

**ယနေ့အချိန်အခါသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်မြန် အဆုတ်ရောင်ရောဂါ၏ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်လာမှုနှင့်အတူ လူ့အသက်ဆုံးရှုံးမှုများကို ခုခံကာကွယ်နိုင်ရန် အပြင်းအထန် ရုန်းကန်ရင်ဆိုင်နေရသည့် အချိန်အခါပင်ဖြစ်သည်။**

**ကိုဗစ်-၁၉ ရောဂါရှိသူ ၁၆ ဦး စစ်ဆေးတွေ့ရှိလာပြီဖြစ်သည့် မြန်မာနိုင်ငံတွင်လည်း ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်အစိုးရနှင့်အတူ ကျရာနေရာ၊ ကျရာအခန်းကဏ္ဍမှ ပါဝင်ကာ တစ်ဖက်တစ်လမ်းမှ အားဖြည့်ကူညီဆောင်ရွက်ပေးလျက်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားဖော်ပြလိုက်ရပါသည်။**

**တွေ့ဆုံမေးမြန်း**
**သီသီမင်း၊ မင်းသစ်(MNA)**


ဦးညီညီ


ဦးဇော်သက်ထွေး


ကိုသိန်းထိန်


မမိုးမြင့်မာန်


ဒေါက်တာပိုင်ခန့်


ကိုဝေလင်းအောင်

**ဦးညီညီ (လွှတ်တော်ကိုယ်စားလှယ်၊ ရန်ကုန်တိုင်းဒေသကြီး)**

တောင်ဒဂုံမြို့နယ် စိုက်မွေးရပ်ကွက်မှာရှိတဲ့ သီရိဂုဏ်ရည် ဓမ္မရိပ်သာမှာ Community Quarantine အနေနဲ့ကတော့ ၁၇၈ ဦးရှိပြီး Home Quarantine အနေနဲ့ ၁၄၃ ဦး ရှိပါတယ်။

ဒဂုံမြို့သစ်တောင်ပိုင်းမြို့ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေက စီမံခန့်ခွဲပြီး သက်ဆိုင်ရာဌာနဆိုင်ရာတွေ၊ NGO တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ စိုက်မွေးရပ်ကွက် ဓမ္မရိပ်သာ Quarantine မှာ ရပ်ကွက်အုပ်ချုပ်ရေးပိုင်းတွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ ရှိပါတယ်။ ပြောရမယ်ဆိုရင် အကုန်လုံး စုစုစည်းစည်း ဆောင်ရွက်ထားပါတယ်။ အစားအသောက်အတွက်ကတော့ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ကိုဗစ် -၁၉ ကာကွယ်ထိန်းချုပ်ရေး ကော်မတီကနေပြီးတော့ ကျွေးမွေးနေပါတယ်။ တစ်ရက်ကို ရှစ်သိန်းကျော်လောက်ကုန်ကျပါတယ်။ တောင်ဒဂုံမြို့နယ် အတွင်းမှာရှိတဲ့ ၃၂ ရပ်ကွက်ကိုလည်း ကျန်းမာရေး အသိပညာပေးမှုတွေ ဆောင်ရွက်နေပါတယ်။ Quarantine မှာ လုပ်အားပေး ဆောင်ရွက်နေသူတွေကိုလည်း ရောဂါကူးစက်ခံရမှုမရှိအောင် တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံတွေကိုလည်း အလုံအလောက် ဆောင်ရွက်ပေးထားပါတယ်။ အားလုံးကတော့ အန္တရာယ်ကင်းရှင်းပြီး Quarantine ထားရှိတဲ့ သူတွေလည်း ကျန်းမာရေးကောင်းပါတယ်။ အခုဆိုရင် Quarantine ထားရှိမှုအနေအထားက ရက်ပိုင်းသာ လိုပါတော့တယ်။ အလှူရှင်တွေအနေနဲ့ကလည်း ဝိုင်းဝန်း ပြီး ပံ့ပိုးကူညီကြပါတယ်။

တောင်ဒဂုံမြို့နယ်မှာနေထိုင်ပြီး ပြည်ပကိုသွားရောက်လုပ်ကိုင်ကြတဲ့ တောင်ဒဂုံမြို့နယ်သူ မြို့နယ်သားတွေ ထပ်မံရောက်ရှိလာမယ်ဆိုရင်လည်း အဆင်သင့်ဖြစ်အောင် Quarantine ထားဖို့နေရာ (၂) နဲ့ (၃)ကိုလည်း စီစဉ်ထားပါတယ်။ Quarantine (၂)ကို အထက(၂)မှာ စီစဉ်ထားရှိပြီး Quarantine (၃)ကို ရွှေဝါဝင်းဝိပဿနာရိပ်သာမှာ စီစဉ်ထားပါတယ်။ နောက်တစ်ခု သတင်းစကားပေးချင်တာက Quarantine ထားရှိတဲ့သူတွေဟာ လူနာတွေမဟုတ်ပါဘူး။ ရောဂါသည်တွေမဟုတ်ပါဘူးဆိုတာ ပြောချင်ပါတယ်။

**ဦးဇော်သက်ထွေး (တာဝန်ခံ၊ Hlaing Quarantine Center ရန်ကုန်မြို့)**

ကျွန်တော်တို့ကတော့ ရန်ကုန်မှာ Hlaing Quarantine Center ဆိုပြီး ပထမဆုံး လူ ၃၅၀ လောက် ထားရှိဖို့ စီစဉ်ခဲ့ပါတယ်။ အဲဒီလို စီစဉ်တဲ့နေရာမှာ တစ်ခြမ်းချင်း လူတွေက တစ်ယောက်နဲ့တစ်ယောက်မတွေ့ဘဲနဲ့ အခန်းတွေ ရွေးချယ်ထားတာ ဖြစ်ပါတယ်။ ဒီအခန်းတွေက တစ်ချိန်မှာ ပညာရေးဝန်ကြီးဌာနက ဆရာ ဆရာမတွေ နေဖို့ တည်ဆောက်ထားတဲ့ အခန်းတွေပါ။ ကွန်ဒိုလိုမျိုး ဆောက်ထားတဲ့ အဲဒီအခန်းတွေမှာ အိမ်သာ၊ ရေချိုးခန်း နှစ်ခု ပါတယ်။ အခန်းနှစ်ခန်းပါတယ်။ ဒီလိုအခန်းမှာ လူနှစ်ယောက်ကို သီးခြားစီထားပေးထားတယ်။ ဒီလိုအခန်းပေါင်း ၁၆၄ ခန်းရှိတယ်။ လူတွေအားလုံးကို တစ်ယောက်တစ်ခန်းစီ ထားပေးထားတယ်။ လက်ရှိ Quarantine ၃၃၄ ဦး ထားထားတယ်။ ပြီးတော့ ဆရာဝန်၊ဆရာမ၊ ဆေးကျောင်းသားနဲ့ စေတနာ့ဝန်ထမ်းလုပ်အားပေး စုစုပေါင်း အားလုံး ၈၀ ရှိတယ်။ အပြင်စည်းလုံခြုံရေးအတွက် ရဲတပ်ဖွဲ့ရှိတယ်။ အရန်မီးသတ်တပ်ဖွဲ့ ရှိတယ်။ ပရဟိတအဖွဲ့တွေရှိတယ်။ အဓိက လူပေါင်း ၄၂၅ ဦးလောက်ကို ထားရှိတဲ့အခါ ထွက်လာတဲ့အမှိုက်တွေ သူတို့ကို နံနက်၊ နေ့လယ်၊ ညထမင်းကျွေးဖို့အတွက်ကို စည်ပင်သာယာကနေ ၁၄ ရက်အပြင်မထွက်ဘဲ ဆောင်ရွက်မယ့် သန့်ရှင်းရေးဝန်ထမ်းတွေလည်းရှိတယ်။ ဆက်ပြီးတော့ လေဆိပ်နဲ့ တခြားနေရာကနေ Quarantine ထားဖို့ အရေးပေါ် Hlaing Quarantine Center (၂)နဲ့ (၃)ကိုလည်း ပြင်ဆင်ထားတယ်။ (၂) နဲ့ (၃) ကို RC2 ထဲက အဆောင်တွေကို လူ ၂၇၀ လောက် နေနိုင်အောင် ပြင်ဆင်ထားတယ်။ အရေးပေါ်ဖြစ်လာရင် ပြင်ဆင်ထားတာပါ။ အဲဒီမှာလည်း ၁၄ ရက်နေပြီး လုပ်အားပေးမယ့် စေတနာရှင် လုပ်အားပေးတွေကို အရန်သင့် ပြင်ဆင်ထားတယ်။ အဲဒီမှာရှိတဲ့လူတွေ စားသောက်ဖို့အတွက် စေပိုင်ကုမ္ပဏီအပြင် Quarantine ထားသူတွေအတွက် တခြားစေတနာရှင် အလှူရှင်တွေကလည်း ရေသန့်ဘူး၊ ဆေးဝါး၊ လက်သန့်ဆေးရည်၊ နှာခေါင်းစည်းနဲ့ စာပေဖတ်ရှုနိုင်ဖို့ စာအုပ်စာတမ်း စတာတွေ နေ့စဉ်လာရောက် လှူဒါန်းလျက်ရှိပါတယ်။ အဲဒါတွေအားလုံးကို စီမံခန့်ခွဲရေးကနေ စနစ်တကျ လက်ခံပြီးတော့ ဆောင်ရွက်ပေးပါတယ်။

Quarantine ထားတဲ့ အခန်းတွေကိုသွားတဲ့အခါ တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံတွေဝတ်ပြီး ထမင်းဟင်းတွေ ပို့ပေးရတယ်။ ပြန်လာရင် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံတွေကိုချွတ်ကာ တစ်ခါတည်း အမှိုက်တောင်းထဲ ထည့်ပြီး မီးရှို့ဖျက်ဆီးပါတယ်။ အဓိက ရေရှည်မှာလိုအပ်တာက ဝန်ထမ်းတွေနဲ့ စေတနာရှင်လုပ်အားပေးတွေအတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံကလိုအပ်တယ်။ အဲဒီဝတ်စုံက အမြောက်အမြား ကုန်ဖို့ရှိတယ်။ လောလောဆယ်မှာ Hlaing Quarantine Center မှာတော့ ကိုယ်အပူချိန်မြင့်တက်ပြီး အဖျားတက်၊ ချောင်းဆိုးတဲ့လူ တစ်ဦးတစ်ယောက်မျှတော့ မတွေ့ရသေးပါဘူး။

**ကိုသိန်းထိန် (မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ )**

ကျွန်တော်က Hlaing Quarantine Center မှာ လုပ်အားပေး ဆောင်ရွက်နေပါတယ်။ ကျွန်တော် စေတနာ့ဝန်ထမ်း လုပ်လာတာကြာပြီ။ လက်ရှိမှာ ရန်ကုန် နာရေးကူညီမှုအသင်းမှာလည်း စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီရောဂါကပ်ဆိုးကြီး အစတုန်းကတော့ မရောက်လာနိုင်ဘူးဆိုပြီး အားလုံးက တွေးထားကြတယ်။ တကယ်ရောက်လာပြီ ဆိုလာတဲ့အချိန်မှာ နဖူးတွေ့၊ ဒူးတွေ့ ဘယ်လိုရင်ဆိုင်ကြမလဲ။ ရင်ဆိုင်ကြတဲ့အခါမှာ ကိုယ်ကိုယ်တိုင်ကလည်း ပြည်ပက ပြန်လာတဲ့သူဆိုရင် ဘယ်လိုစိတ်နှလုံးသွင်းမလဲ၊ လူတစ်ဖက်သားကို ဘယ်လိုကူညီမလဲ၊ အဲဒီအချိန်မှာ ဆရာမကြီး ဒေါ်သန်းမြင့်အောင်ကနေပြီးတော့ ပရဟိတလုပ်ဖို့အတွက် လူတွေခေါ်တဲ့အချိန်မှာ ကျွန်တော်တို့ သေသေချာချာ စဉ်းစားရမှာက ဒီအလုပ်က တစ်ရက်နှစ်ရက်တည်း လုပ်အားပေးရမယ့် အလုပ်မဟုတ်ဘူး။ ကိုယ်ကိုယ်တိုင်လည်း ပိုးရှိတဲ့လူနာနဲ့ တွေ့တဲ့အခါ ဖြစ်သွားရင် ကိုယ်တိုင်လည်း စောင့်ကြည့်ခံရတဲ့ ပုံစံမျိုး ရောက်သွားနိုင်တယ်။ ရောက်သွားနိုင်တဲ့အတွက် ကိုယ်ကိုယ်တိုင် ဒီအလုပ်ကိုလုပ်နိုင်ပြီလား၊ ပိုးရှိတဲ့လူနာနဲ့ ကိုယ်ကိုယ်တိုင်တွေ့ခဲ့ရင်၊ အကူးခံရရင်၊ ဘယ်လိုစိတ်မျိုး ထားမလဲ၊ အကုန်လုံး အဆုံးစွန်ထိ ရင်ဆိုင်ပြီး Quarantine ထားမယ့်သူတွေကို ကူညီဖို့ ဒီစေတနာ့ဝန်ထမ်း အလုပ်ကို ရွေးချယ်ခဲ့တာပါ။

ကိုယ်တိုင်လည်း ရောဂါကူးစက်မခံရအောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့အတိုင်း ဘာပစ္စည်းကိုပဲကိုင်ကိုင် ကိုင်ပြီးတိုင်း လက်ကို လက်သန့်ဆေးရည်နဲ့ဆေးတယ်။ ဆေးလွန်းအားကြီးတော့ လက်တွေ တောင်ပူလို့ နောက်ပိုင်း ရေနဲ့ဆပ်ပြာနဲ့ပဲ ဆေးတယ်။ ရေနဲ့ဆပ်ပြာကတော့ အကောင်းဆုံးပဲမြင်တယ်။ Quarantine ထားတဲ့သူတွေနဲ့တွေ့တိုင်း တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံတွေဝတ်ရတယ်။ ပြောမယ်ဆိုရင်တော့ မကူးစက်အောင် အတတ်နိုင်ဆုံး ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းရပါတယ်။

**မမိုးမြင့်မာန် (ရန်ကုန်မြို့)**

လှည်းကူး မဇ္ဈိမဂုဏ်ရည်ဘုန်းတော်ကြီးကျောင်းမှာဖွင့်ထားတဲ့ Quarantine စင်တာမှာ စေတနာ့ဝန်ထမ်းအဖြစ် လုပ်အားပေးဆောင်ရွက်နေပါတယ်။ ကျွန်မက အသင်းအဖွဲ့က မဟုတ်ပါဘူး။ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကနေ လုပ်အားပေးခေါ်တာကို အွန်လိုင်းမှာတွေ့လို့ စာရင်းပေးပြီး ဒီမှာ လုပ်အားလာပေးတာပါ။ ဒီမှာ ကျွန်မလို စေတနာ့ဝန်ထမ်း လုပ်အားပေး ၂၀ လောက် ရှိပါတယ်။

အိမ်ကတော့စိတ်ပူတာပေါ့။ ဒါပေမယ့် ခွင့်ပြုပါတယ်။ တွေးပြီး ကြောက်နေတာထက်စာရင် အခုလိုလာပြီး ပူးပေါင်းဆောင်ရွက်တာက အတွေ့အကြုံလည်းရတယ်။ ဒီလိုအခြေအနေမှာ အစိုးရချည်းပဲမဟုတ်ဘဲနဲ့ ကိုယ်တတ်နိုင်တဲ့ဘက်က တစ်ဖက်တစ်လမ်းကနေ အကူအညီပေးရမယ်ဆိုတာ တွေးမိပြီး လာခဲ့တာပါ။ ဒီရောက်တာ ငါးရက် ရှိပါပြီ။

ဒီမှာတော့ Quarantine ထားမယ့်သူတွေကို ထမင်းပို့ပေးတာတွေ သူတို့လိုအပ်တာတွေ ဆောင်ရွက်ပေးရပါတယ်။ အတွေ့အကြုံတွေကတော့ အများကြီးရတယ်။ ဒီမှာ Quarantine ထားတဲ့သူတွေကတော့ ကျန်းမာရေးကောင်းကြပါတယ်။ ကိုယ့်ကိုယ်ကိုယ်တော့ နည်းနည်းစိတ်ပူမိတယ်။ အိမ်ပြန်ရင် မိသားစုရှိတယ်လေ။

ဒီ Quarantine စင်တာမှာ လုပ်အားပေးတာ လူငယ်တွေများပါတယ်။ အားလုံးကလည်း ဆန္ဒပြုပြီးလာခဲ့ကြတာပါ။ ကျွန်မတို့ကလူငယ်တွေလေ။ မတော်တဆကူးခဲ့ရင်တောင် ကိုယ်ခံအားကောင်းတော့ ပြန်ကောင်းနိုင်တယ်။ သူတို့ကို ကူညီမယ့်သူတွေမလာရင် ဘယ်သူတွေကကူညီမှာလဲ။ ဒါက အားလုံးနဲ့ဆိုင်တဲ့ကိစ္စပါ။ လူငယ်တွေအနေနဲ့ ဒီလိုမျိုး အားလုံးနဲ့ဆိုင်တဲ့ကိစ္စတွေမှာပါဝင်တာ နိုင်ငံအတွက် လည်းကောင်းပါတယ်။ ဒီလိုတွေးပြီး ပါဝင်ခဲ့တာပါ။

**ဒေါက်တာပိုင်ခန့် (အတွင်းရေးမှူး၊ မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး Mobile Team ဆပ်ကော်မတီ)**

ကျေးလက်ကျန်းမာရေးဌာန ၃၁ ခုမှာ Facility Quarantine ထားရှိတဲ့ စာသင်ကျောင်းပေါင်း ၁၀၁ ခုမှာ Quarantine ထားတဲ့သူ ၆၅၇ ဦး ရှိပါတယ်။ မြဝတီကနေ မကွေးကို ကားနဲ့ပြန်လာတဲ့သူတွေကို မကွေးတိုင်းဒေသကြီးအစိုးရနဲ့ ကရင်ပြည်နယ်အစိုးရချိတ်ဆက်ပြီး သက်ဆိုင်ရာမြို့နယ်တွေကို ပြန်ပြီးတော့ ဘယ်မြို့နယ်က ဘယ်နှယောက်ဆိုပြီး စာရင်းပေးတယ်။ အဲဒီစာရင်းအတိုင်း သက်ဆိုင်ရာမြို့နယ်တွေကို ပြန်လွှတ်တယ်။ ပြန်လာတဲ့သူတွေကို ကျန်းမာရေးဌာနနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပေါင်းပြီးတော့ သူတို့ကိုခေါ်ပြီး ကျောင်းဆောင်တွေမှာ ထားတယ်။ သူတို့အတွက် နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးအတွက် စီစဉ်ပေးထားတယ်။ Quarantine ထားဖို့ ၁၄ ရက် စီစဉ်ပေးရတယ်။

Quarantine ထားတဲ့သူတွေအတွက် ကူညီဆောင်ရွက်ပေးဖို့ မင်းလှမြို့မှာရှိတဲ့ ဌာနဆိုင်ရာတွေအပြင် ပရဟိတအဖွဲ့တွေကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါတယ်။ လိုအပ်တာတွေကိုကူညီဖို့၊ စောင့်ကြည့်ဖို့အတွက်လည်း ပရဟိတအဖွဲ့တွေက ကူညီပေးကြပါတယ်။

ပြည်ပကနေ ပြန်လာတဲ့သူတွေကို ကျန်းမာရေးဌာနနဲ့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနပေါင်းပြီးတော့ Quarantine ထားမယ့်နေရာ ရောက်တဲ့အချိန်မှာ သူတို့ကို အပူချိန်တိုင်းတာလုပ်တယ်။ ဘယ်လိုနေထိုင်ရမယ်၊ ဘယ်လိုဆင်ခြင်ရမယ်၊ ဘယ်လိုဂရုစိုက်ရမယ်ဆိုတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ရှင်းပြတယ်။ သူတို့နဲ့ထိတွေ့ဆက်ဆံတဲ့အဖွဲ့တွေကိုလည်း ရောဂါဖြစ်တဲ့သူပါလာရင် ကူးစက်မှုတွေမရှိအောင် ခြောက်ပေအကွာကနေ လိုအပ်တာတွေဆောင်ရွက်ပေးဖို့၊ ပြည်ပကနေ ပြန်လာတဲ့သူအချင်းချင်းကိုလည်း သီးခြားတစ်ယောက်ကို ခြောက်ပေ အနည်းဆုံးထားပြီး သီးခြားနေဖို့ ဆောင်ရွက်ပေးထားပါတယ်။ ဒီမှာတာဝန်ထမ်းဆောင်နေတဲ့ ဌာနဆိုင်ရာတွေနဲ့ စေတနာရှင် လုပ်အားပေးတွေကိုလည်း နှာခေါင်းစည်းတွေတပ်ဖို့၊ ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုစင်ကြယ်စွာဆေးဖို့၊ လက်နဲ့မျက်နှာတွေ၊ ပါးစပ်တွေကို မထိတွေ့ဖို့ ပညာပေးတာတွေ လုပ်ထားပါတယ်။

အခက်အခဲ တချို့တော့ရှိပါတယ်။ Quarantine မှာနေတဲ့ တချို့ကျတော့ နားမထောင်တာတွေ၊ စည်းကမ်းမလိုက်နာတာတွေရှိတယ်။ သူတို့ကို နားလည်အောင် ရှင်းပြရပါတယ်။ ပြီးတော့ ရပ်ရွာဒေသခံတချို့ကျတော့ စိုးရိမ်စိတ်ရှိတယ်။ ပြန်လာတဲ့သူတွေကို ဒီနေရာတွေမှာ ထားရင်၊ ပတ်ဝန်းကျင်မှာ ဒီလိုမျိုးဖြစ်ခဲ့ရင်၊ ရောဂါတွေပါလာရင် ငါတို့ကို ကူးမှာလားဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ ကန့်ကွက်တာတွေ ရှိတယ်။ အဲဒီအခက်အခဲတွေလည်း ကျော်လွှားရတာပေါ့။ သူတို့ကိုလည်း ပညာပေးရှင်းပြရပါတယ်။

စာမျက်နှာ ၁၇ သို့❖

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID–19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၁-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီမှ (၂-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီအထိ စောင့်ကြည့်လူနာအသစ် (၄၃) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၂-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံ (သို့မဟုတ်) အိမ်တွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုမှုခံယူနေသူ (၆၂) ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (ဇယား-၁) တွင် ဖော်ပြထားရှိသော လူနာ (၄) ဦး၏ ဓာတ်ခွဲအဖြေတွင် COVID–19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ) ရပြီး ကျန်လူနာ (၅၈) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID–19 ရောဂါပိုးမရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၄။ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (Case- 015) ၏ အနီးကပ်ထိတွေ့ဆက်စပ်သူ မိသားစုဝင် (၄) ဦးအား ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့ရှိ ၎င်းတို့၏နေအိမ်တွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုပြီး ဓာတ်ခွဲနမူနာရယူ၍ စစ်ဆေးခဲ့ရာ ၎င်း၏ ခင်ပွန်းဖြစ်သူ အသက် (၅၇)နှစ်၊ သားဖြစ်သူ အသက် (၁၀)နှစ်၊ သမီးဖြစ်သူ အသက် (၈)နှစ်နှင့် တူမဖြစ်သူ အသက် (၁၈)နှစ်၊ စုစုပေါင်း (၄) ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် COVID–19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပါသည်။ ၎င်းတို့အား သတ်မှတ်ဆေးရုံသို့ စနစ်တကျလွှဲပြောင်း၍ သီးခြားထားရှိ ကုသမှုပေးသွားမည်ဖြစ်ပါသည်။

၅။ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၉) ဦးအနက် ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် လူနာ (၁) ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၉) ဦးနှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင် လူနာ (၁) ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁) ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံမှ ပြောင်းရွှေ့လူနာ (၁) ဦး၊ သတ်မှတ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနိုင်ရေး စီစဉ်လျက်ရှိသည့် လူနာသစ် (၄) ဦး စုစုပေါင်း (၁၇) ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ (၂) ဦးအား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိဆေးကုသမှုပေးလျက်ရှိပါသည်။ ယနေ့အတွက် ဓာတ်ခွဲစမ်းသပ်အဖြေ ထပ်မံထုတ်ပြန်ရန် မရှိပါ။

ဇယား –၁

**COVID– 19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရောက်မှု | ယခုကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသည့် နေရာ | အသွားအလာကန့်သတ်သည့် ရက်စွဲ | COVID–19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 17 | ၅၇ နှစ် | ကျား | မရှိပါ။ | ပေါက်ခေါင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၃၁-၃-၂၀၂၀ | တွေ့ရှိ |
| 18 | ၁၀ နှစ် | ကျား | မရှိပါ။ | ပေါက်ခေါင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၃၁-၃-၂၀၂၀ | တွေ့ရှိ |
| 19 | ၈ နှစ် | မ | မရှိပါ။ | ပေါက်ခေါင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၃၁-၃-၂၀၂၀ | တွေ့ရှိ |
| 20 | ၁၈ နှစ် | မ | မရှိပါ။ | ပေါက်ခေါင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၃၁-၃-၂၀၂၀ | တွေ့ရှိ |

- ကျန် (၅၈) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID–19 ရောဂါပိုးမတွေ့ရှိပါ။

၆။ ယခုအခါ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိလာသဖြင့် အဆိုပါလူနာများနှင့် အနီးကပ်ထိတွေ့ဆက်စပ်မှုရှိသူများအား ရှာဖွေဖော်ထုတ်ပြီး အသွားအလာ တားမြစ်ပိတ်ပင်၍ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကျိုင်းလပ်မြို့၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ရန် ပိုးသတ်ဆေးဖျန်း



**ကျိုင်းလပ် ဧပြီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နယ်စပ်ဒေသအတွင်း ကိုဗစ်–၁၉ ရောဂါအန္တရာယ် ကာကွယ်ထိန်းချုပ်နိုင်ရန် ပြည်သူများ နေ့စဉ် သွားလာလှုပ်ရှား ကိုင်တွယ်ကြသည့် နေရာများ၌ ပိုးသတ်ဆေးဖျန်းခြင်းကို ဧပြီ ၂ ရက် နံနက် ၉ နာရီက ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆေးဖျန်းခြင်းကို ကျိုင်းလပ်မြို့ အုပ်ချုပ်ရေးမှူး ဦးကျော်လင်းအောင်က ဦးဆောင်၍ ဌာနဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းကာ ကျိုင်းလပ်ဒေသအတွင်းရှိ ပြည်သူများ သွားလာလှုပ်ရှားမှုများသည့် ရုံးများ၊ လူဝင်လူထွက်များသည့် မြို့ဝင်လမ်းမကြီးနှင့် ဈေးဆိုင်ခန်းများ၌ ပိုးသတ်ဆေးများ ဖျန်းခဲ့ကြောင်း သိရသည်။ **ကျိုင်းလပ် (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာပစ္စည်းများ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပြည်သူများအား ပံ့ပိုးပေးသွားမည်

**နေပြည်တော် ဧပြီ ၂**

မြန်မာနိုင်ငံကြက်ခြေနီအသင်း တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကြက်ခြေနီအသင်းခွဲအသီးသီးရှိ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ရောဂါထိန်းချုပ်ရေးဆိုင်ရာပစ္စည်းများကိုလည်း ကြက်ခြေနီဌာနခွဲများမှတစ်ဆင့် ပြည်သူများအား ပံ့ပိုးပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အသိပညာပေးပိုစတာ၊ စတစ်ကာ ကပ်ခြင်း၊ စနစ်တကျ လက်ဆေးနည်း သရုပ်ပြခြင်း၊ အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် လက်သန့်ဆေးရည်များ ဖြန့်ဝေခြင်း၊ ဗီနိုင်းဆိုင်းဘုတ်များကို လမ်းဆုံ၊ လမ်းခွများတွင် စိုက်ထူခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်း၊ လက်ကိုင်လော်စပီကာဖြင့် ရပ်ကွက်များထဲတွင် အသိပေးနှိုးဆော်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းကို ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းကာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သိရသည်။

ကြက်ခြေနီစေတနာလုပ်အားရှင်များအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးဆောင်ရွက်ရာတွင် ရောဂါကူးစက်ခြင်းမခံရစေရေးနှင့် စနစ်တကျ ဆောင်ရွက်နိုင်စေရေး နည်းပြနှင့် ဆင့်ပွားသင်တန်းများ ပို့ချပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် အသုံးပြုရန် အသိပညာပေးပိုစတာ ၉၂၇၀၊ စတစ်ကာ ၇၄၆၀၊ လက်သန့်ဆေးရည် ၉၁၄ ဘူး၊ Surgical Mask ၁၂၃၀၀၊ N 95 mask ၇၂၀ တို့ကို ပြည်နယ်/တိုင်းဒေသကြီးကြက်ခြေနီ ကြီးကြပ်မှုကော်မတီများ၏ ကြီးကြပ်မှုဖြင့် ဒေသအသီးသီးရှိ ကြက်ခြေနီအသင်းခွဲများသို့ ဖြန့်ဖြူးပေးထားပြီး ပြည်သူများဆီအရောက် ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်**

## နမ့်ခမ်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရန်ပုံငွေပေးအပ်ခြင်းနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

**နမ့်ခမ်း ဧပြီ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့တွင် ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ် ထိန်းချုပ် ကုသနိုင်ရေးအတွက် ရန်ပုံငွေပေးအပ်ခြင်းနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၁၀ နာရီတွင် နမ့်ခမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နမ့်ခမ်းမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်က နမ့်ခမ်းမြို့၌ ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မူဆယ်ခရိုင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီစိန်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားလာခြင်း မရှိစေရေးအတွက် ပွဲလမ်းသဘင်များ၊ သင်တန်းများ၊ ရိုးရာပွဲတော်များ၊ ရာသီပွဲတော်များနှင့် လူစုဝေးစည်ကားခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြို့နယ်အဆင့် ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် ရန်ပုံငွေများအတွက် လုပ်ငန်းရှင်များက ပူးပေါင်းပါဝင်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် နမ့်ခမ်းမြို့တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ကုသနိုင်ရေးအတွက် မြို့နယ်ပညာရေးဌာနက အလှူငွေကိုးသိန်းကျော်နှင့် လုပ်ငန်းရှင်များ၊ အလှူရှင်များက နှာခေါင်းစည်း ခြောက်ထောင်နှင့် လက်ဆေးဂျယ်ဘူး ၁၂၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဘဦး(ပြန်/ဆက်)**

## မြောင်းမြတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**မြောင်းမြ ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်ပွဲကို ဧပြီ ၂ ရက် နံနက် ၁၀ နာရီက မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်း၌ ကျင်းပသည်။

မြောင်းမြမြို့၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးတွင် အသုံးပြုရန်အတွက် မတ် ၂၅ ရက်မှ ယနေ့အထိ လှူဒါန်းငွေကျပ် ၂၉၆ သိန်းကျော်နှင့် အပူချိန်တိုင်းသာမိုမီတာ တစ်ခု၊ လက်အိတ် နှစ်ဘူး၊ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းများ လက်ခံရရှိထားကြောင်း သိရသည်။

အဆိုပါ အလှူငွေများကို CB Bank တွင် (0059600100053023)ဖြင့် ဘဏ်အကောင့်ဖွင့်လှစ်ကာ အဆိုပါ ဘဏ်အကောင့်မှနေ၍လည်း တိုက်ရိုက်ထည့်ဝင်နိုင်ကြောင်း သိရသည်။ မြောင်းမြမြို့နယ်အတွင်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများမှာ ယနေ့အထိ ၂၃၃ ဦး ပြန်လည်ဝင်ရောက်ခဲ့ကြောင်း ၊ ၎င်းတို့အထဲမှ ၂၂ ဦးမှာ မိမိသဘောဆန္ဒအလျောက် Facility Quarantine Centre အဖြစ် ဆောင်ရွက်ထားရှိသော မြောင်းမြမြို့နယ် ရှုခင်းသာကျေးရွာ စွမ်းအားပရိယတ္တိတောရကျောင်း၌ ယာယီစောင့်ရှောက်ထားရှိပြီး ၎င်းတို့အတွက် စားဝတ်နေရေးကိစ္စများကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**အောင်မင်း(မြောင်းမြ)**

❖စာမျက်နှာ ၁၆ မှ

**ကိုဝေလင်းအောင် (မြောင်းမြ)**

မြောင်းမြမြို့ ပရိယတ္တိစွမ်းအားတောရကျောင်းမှာ ဖွင့်လှစ်ထားတဲ့ Quarantine စင်တာမှာ စေတနာ့ဝန်ထမ်း ဆောင်ရွက်နေပါတယ်။ Quarantine စင်တာက ၂၇ ရက်နေ့ က စဖွင့်တယ်။

ကျန်းမာရေးဌာနကို ကူညီရာလည်းရောက်၊ ကိုယ့်မြို့ကိုလည်း ကာကွယ်ရာရောက်အောင် ကိုယ်တတ်နိုင်သလောက် ပါဝင်ကူညီတာပါ။

ကိုယ့်ကိုယ်ကိုယ်လည်း ကူးစက်မခံရအောင် Quarantine ထားတဲ့သူတွေနဲ့ အတတ်နိုင်ဆုံး ခြောက်ပေလောက်ခွာပြီး သူတို့လိုအပ်တာတွေ ဆောင်ရွက်ပေးတယ်။ သူတို့အတွက် စားစရာ၊ သောက်ဖို့ရေသန့်ပို့တာတွေ ဆောင်ရွက်ပေးရတယ်။ သူတို့အသုံးပြုပြီးတဲ့ စွန့်ပစ်ပစ္စည်းတွေ ဖျက်ဆီးပေးရတာတို့ ဆောင်ရွက်ပေးရပါတယ်။ သူတို့ကိုလည်း ပူးပေါင်းဆောင်ရွက်ဖို့ ညှိနှိုင်းရတာတွေရှိတယ်။ နားလည်အောင် ပြောပြရတာတွေရှိပါတယ်။

ကျွန်တော်တို့အဖွဲ့က မြောင်းမြမှာ ကရုဏာရှင်လူငယ်များအသင်းဆိုပြီး ဖွဲ့ထားပါတယ်။ ကိုဗစ်–၁၉ကိစ္စမှာ တစ်မြို့လုံးမှာရှိတဲ့ ပရဟိတအသင်းတွေကလည်း ဝိုင်းဝန်းပါဝင် လုပ်ကိုင်ကြပါတယ်။ မြောင်းမြမှာရှိတဲ့ ပရဟိတအသင်းတွေဆိုရင် ပြည်ပက ပြန်လာတဲ့သူတွေကို မြို့ဝင်ဂိတ်ကနေ လူနာတင်ကားနဲ့ မြို့အပြင် တစ်ဖက်ခြမ်းမှာရှိတဲ့ Quarantine Camp အထိ ပို့ဆောင်ပေးတာတွေရှိတယ်။ ပရိယတ္တိစွမ်းအား တောရကျောင်း Quarantine စင်တာမှာ လုပ်အားပေးတာ ကျွန်တော်တို့ မြောင်းမြကရုဏာရှင်လူငယ်များအသင်းသားရယ်၊ တက်ကြွလှုပ်ရှားသူ ပရဟိတသမားအချို့ရယ် ရှိနေပါတယ်။ ကူညီရာလည်းရောက်၊ ကိုယ့်မြို့ကိုလည်း ကာကွယ်ရာရောက်အောင် ကိုယ်တတ်နိုင်သလောက် ပါဝင်ကူညီတာပါ။

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | |
|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့်ဗဟိုကော်မတီ**



## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီသို့ စေတနာရှင် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များက အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၂**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ စေတနာရှင် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ တစ်ဦးချင်း အလှူရှင်များက အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့်ဗဟိုကော်မတီ အတွင်းရေးမှူး(၂) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက လက်ခံသည်။

**တတ်စွမ်းသမျှ လှူဒါန်းခြင်းဖြစ်**

ရှေးဦးစွာ အလှူရှင်များကိုယ်စား ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးကိုကိုကြီးက မိမိတို့အနေဖြင့် ကမ္ဘာ့ကပ်ရောဂါကိုဗစ်–၁၉ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေမှုများကို သိရှိရပြီး ယခုအထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ လူနာ ၂၀ တွေ့ရှိခဲ့သည်ကို သိရှိရပါကြောင်း၊ ကိုဗစ်–၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်ရေးအတွက် ပြည်သူ့အကျိုးကို ရည်မျှော်ပြီး ဌာနဆိုင်ရာများ၊ ပါတီများ၊ လူထုလူတန်းစားအသီးသီးအားလုံးက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း တတ်စွမ်းသမျှ လှူဒါန်းခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ လှူဒါန်းမှုအပေါ် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများ၏ လှူဒါန်းငွေများကို Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများကို ဖြစ်ပေါ်လာသည့် အခြေအနေအရပ်ရပ်နှင့် အညီ ပြင်ဆင်ဆောင်ရွက်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ ယခုလှူဒါန်းမှုများသည် ကိုဗစ်–၁၉ လူနာများကုသမှုပေးနိုင်ရန် ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ အတွက်လည်း အသုံးချသွားမည်ဖြစ်သဖြင့် ကိုဗစ်–၁၉ ဖြစ်စဉ်တွင်သာမက ရေရှည်အတွက်ပါ အကျိုးရှိစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလှူရှင်များ၏ ပေးအပ်လှူဒါန်းမှုများကို လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် သမဝါယမဘဏ်လီမီတက် (CB Bank) က ကျပ်သိန်း ၃၀၀၊ ဦးစိုးသိန်းနှင့် မိသားစု (Shwe Baho BRC Factory and Nyein Chan Thu Company) က ကျပ်သိန်း ၁၀၀၊ ဗဟိုသမဝါယမအသင်းနှင့် သမဝါယမအသင်းစုချုပ်များက ကျပ် ၁၃၀ ဒသမ ၈ သိန်း၊ ပြည်ပရောက်မြန်မာများနှင့် ပြည်တွင်းမှ စေတနာရှင်များက ကျပ် ၁၃၂ သိန်း၊ Luoyang Northern Ek Motorcycle Co.,Ltd. (Dayang Motorcycle China )က ကျပ်သိန်း ၆၀၊ ဦးကျော်ဇင်ထွန်း (Autumn Flower Co.,Ltd) က ကျပ် ၂၅ သိန်းနှင့် ပြည်သူ့ပါတီက ကျပ်သိန်း ၅၀ နှင့် တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ (PPE) အစုံ ၁၀၀ တို့ကို လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

## Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19)နှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၆ ရက်နေ့မှ ဧပြီလ ၂ ရက်နေ့ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်–

**COVID–19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း**

(၂၆.၃.၂၀၂၀)ရက်နေ့မှ (၂.၄.၂၀၂၀)ရက်နေ့ (၁၆:၃၀)နာရီအချိန်ထိ

| စဉ် | အလှူရှင်အမည် | ကျပ် (သိန်းပေါင်း) |
|---|---|---|
| ၁ | သမဝါယမဘဏ်လီမိတက်(CB Bank) | ၃၀၀.၀၀ |
| ၂ | ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း | ၁၅၀.၀၀ |
| ၃ | ပြည်ပရောက်မြန်မာများနှင့် ပြည်တွင်းမှ စေတနာရှင်များ | ၁၃၂.၀၀ |
| ၄ | ဗဟိုသမဝါယမအသင်းနှင့် သမဝါယမအသင်းစုချုပ်များ | ၁၃၀.၈၀ |
| ၅ | SWEETY HOME မိသားစု | ၁၀၀.၀၀ |
| ၆ | ဦးစိုးသိန်းနှင့်မိသားစု (Shwe Baho BRC Factory & Nyein Chan Thu Company) | ၁၀၀.၀၀ |
| ၇ | Luoyang Northern Ek Motorcycle Co.Ltd (Dayang Motorcycle China) | ၆၀.၀၀ |
| ၈ | ပြည်သူ့ပါတီ၊ ဦးကိုကိုကြီးနှင့်အဖွဲ့ | ၅၀.၀၀ |
| ၉ | ဦးကျော်ဇင်ထွန်း (Autumn Flower Co.Ltd) | ၂၅.၀၀ |
| ၁၀ | (၂၆–၃–၂၀၂၀)ရက်နေ့မှ (၃၁–၃–၂၀၂၀)ရက်နေ့ အများပြည်သူလှူဒါန်းငွေ | ၁၂၈၃.၅၀ |
| | **စုစုပေါင်း** | **၂၃၃၁.၃၀** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက် အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်–

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ**

## မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်ထုတ်ယူသူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဘားအံ ဧပြီ ၂**

ကရင်ပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လာရောက်ထုတ်ယူသူများ များပြားသည့် အားလျော်စွာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး၊ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်မှုများကို သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ဘားအံခရိုင်ဘဏ်ခွဲ၊ မြဝတီခရိုင်ဘဏ်ခွဲ၊ ကော့ကရိတ်မြို့နယ်ဘဏ်ခွဲ၊ လှိုင်းဘွဲမြို့နယ်ဘဏ်ခွဲ၊ ကြာအင်းဆိပ်ကြီးမြို့နယ်ဘဏ်ခွဲ၊ ဖာပွန်မြို့နယ်ဘဏ်ခွဲ၊ သံတောင်ကြီးမြို့နယ်ဘဏ်ခွဲနှင့် သံတောင်မြို့ဘဏ်ခွဲများတွင် ပင်စင်လာရောက်ထုတ်ယူသည့် အငြိမ်းစားဝန်ထမ်းများ၊ ပြည်သူများ၊ ဘဏ်ဝန်ထမ်းများအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး၊ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် စနစ်တကျလက်ဆေးခြင်းအသိပညာပေး၍ လက်သန့်ဆေးဖြင့် လက်ဆေးစေခြင်း၊ ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ဘဏ်ဖွင့်ရက် ညနေတိုင်းတွင် မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ ကလိုရင်းဆေးရည် (ပိုးသတ်ဆေးများ) ပက်ဖျန်းပေးခြင်း၊ ရုံးဝန်ထမ်းများအား နှာခေါင်းစည်းနှင့် လက်သန့်ဆေး အသုံးပြုကာကွယ်ခြင်းတို့ဖြင့် ကူးစက်ပြန့်ပွားမှုမရှိစေရေး အတွက် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်မှ ပဲဆီများအား ယခင်ဈေးနှုန်းအတိုင်း ရောင်းချပေး

**ညောင်ဦး ဧပြီ ၂**

ပြည်သူများစားသုံးဆီနှင့်ပတ်သက်၍ အဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် ညောင်ဦးမြို့နယ် သမဝါယမ အသင်းစုပိုင် ဆီစက်အနေဖြင့် ပဲဆီများကို ဈေးနှုန်း ပြောင်းလဲခြင်းမရှိဘဲ ယခင်ရောင်းချနေသည့် ဈေးနှုန်းအတိုင်း ရောင်းချပေးနေကြောင်း သိရသည်။

ညောင်ဦးမြို့နယ် သမဝါယမအသင်းစုအနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံစေရေးအတွက် အသင်းစုပိုင် အနော်ရထာဆီစက်ဖြင့် နေ့စဉ် ညောင်ဦးပဲဆီသန့် ပိဿာချိန် ၂၂၅ ပိဿာခန့် ထုတ်လုပ်လျက်ရှိပြီး လက်လီဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ရောင်းချပြီး လက်ကားဈေးနှုန်း အနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၅၉၀၀ နှုန်းဖြင့် ရောင်းချပေးကာ သမဝါယမအသင်းအချင်းချင်းကို တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချ ပေးနေကြောင်း၊ အများပြည်သူတို့အတွက် စိတ်အေး ချမ်းသာစွာ ဝယ်ယူစားသုံးနိုင်ရေး ယခင်ဈေးနှုန်း အတိုင်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပုံမှန်ဈေးနှုန်းအတိုင်း ရောင်းချ**

ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်မှထွက်ရှိသော ညောင်ဦးပဲဆီသန့် များကို ပုဂံညောင်ဦးမြို့နယ်အပြင် သမဝါယမ ဦးစီးဌာန(ရုံးချုပ်)၊ ကယားပြည်နယ် သမဝါယမ အသင်းစုချုပ်၊ မိုးကုတ်မြို့နယ် သမဝါယမအသင်းစု၊ ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစု၊ မဟာအောင် မြေမြို့နယ် သမဝါယမအသင်းစု၊ ကျောက်ပန်းတောင်း မြို့နယ် သမဝါယမအသင်းစုများသို့ ဈေးနှုန်း ပြောင်းလဲမှုမရှိဘဲ ပုံမှန်ဈေးနှုန်းအတိုင်း တင်ပို့ ရောင်းချလျက်ရှိကြောင်း ညောင်ဦးမြို့နယ် သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးငွေးက ပြောသည်။

**ရဲဝင်းနိုင်**
**(ညောင်ဦး)**

# တာချီလိတ်မြို့ စည်ပင်သာယာရေးဌာနမှ အခြေခံစားသောက်ကုန်များထောက်ပံ့

**တာချီလိတ် ဧပြီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ စည်ပင်သာယာရေးဌာနမှ ဌာနတွင်းရှိ အောက်ခြေဝန်ထမ်းများနှင့် နေ့စားဝန်ထမ်း များအား အခြေခံစားသောက်ကုန်များ ဖြစ်သော ဆန်၊ ဆီ၊ ဆားနှင့် မာမားခေါက်ဆွဲ ခြောက်များ နှစ်ပတ်စာကို ဧပြီ ၁ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မိုးခိုင်တို့က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကြိုတင် ကာကွယ်ခြင်းများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထား သော လိုက်နာရမည့်အချက်များကို အသိ ပညာပေးဟောပြောခဲ့ပြီး အခြေခံ စားသောက်ကုန်များ ထောက်ပံ့ပေးခဲ့သည်။



ယခုကဲ့သို့ထောက်ပံ့ခြင်းသည် ကမ္ဘာ့ ကပ်ရောဂါအဖြစ် ကူးစက်ပြန့်ပွားလျက် ရှိသော ကိုဗစ်-၁၉ ကြောင့် အရေးပေါ်ချိန် ဆိုက်ရောက်လာပါက အချိန်အတိုင်းအတာ တစ်ခုထိ စားသုံးနိုင်ရန်အတွက် ထောက်ပံ့ ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**

# လွိုင်လင်မြို့ ပြည်ထောင်စုလမ်းမကြီးအား နိုင်လွန်ကတ္တရာခင်း

**လွိုင်လင် ဧပြီ ၂**

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီး ပေါ်ရှိ မိုင်တိုင်အမှတ် (၁၇၂/၀) မှ (၁၇၃/၀) မိုင်အထိ လမ်းအရှည်တစ်မိုင်အား နေမင်းရောင်ကုမ္ပဏီက နိုင်လွန် ကတ္တရာခင်းခြင်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် လမ်းဦးစီးဌာနမှ ကြီးကြပ်နည်းပညာများအကူအညီပေး ပြီး လိုအပ်သောစက်ယန္တရားကို ဆောက်လုပ်ရေးဝန်ကြီး ဌာနက ပံ့ပိုးပေးထားကြောင်း လမ်းဦးစီးဌာန မြို့နယ် အင်ဂျင်နီယာ ဒေါ်ငွေးငွေးဝင်းထံမှ သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း၌ GAP စနစ်ဖြင့် စိုက်ပျိုးမည့် သီးနှံစိုက်ကေပေါင်း ၁၅၀၀ ကျော်ရှိ

**မန္တလေး ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(Good Agricultural Practices-GAP) စနစ်ဖြင့် စိုက်ပျိုးမည့် သီးနှံစိုက်ကေပေါင်း ၁၅၀၀ ကျော်ရှိနေကြောင်း စိုက်ပျိုးရေးဦးစီးဌာန(မန္တလေး)မှ ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်လွင်လွင်ထွန်းက ပြောသည်။

အဆိုပါ GAP စနစ်ဖြင့် စိုက်ပျိုးကြမည့် စိုက်ကေများမှာ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင် စသည့် ခရိုင်များရှိ မြို့နယ်များတွင် စုစုပေါင်းစိုက်ကေ ၁၅၉၆ ကေရှိပြီး စိုက်ပျိုးမည့် သီးနှံများ အနေဖြင့် လိမ္မော်၊ ဖရဲ(မိုး)၊ သရက်၊ ကြက်သွန်နီ၊ ငှက်ပျော၊ ခရမ်းချဉ်၊ ဆောင်းနေကြာ၊ ကော်ဖီ၊ မက္ကာဒေမီးယား၊ ကန်စွန်း၊ ငရုတ်၊ စပါး၊ ဂေါ်ဖီထုပ်၊ မြေပဲ(ဆောင်း)၊ ဖရဲ(နွေ)၊ စတော်ဘယ်ရီ၊ ကျွဲကော၊ နဂါးမောက်၊ လောင်ဂန်၊ မိုးကြိုပဲတီစိမ်း စသည့် သီးနှံအမျိုး အစားပေါင်း ၂၀ ရှိကြောင်း သိရသည်။

"တောင်သူတွေအနေနဲ့ သီးနှံတွေကို GAP နည်းစနစ်နဲ့ စိုက်ပျိုးတဲ့အတွက် ထွက်ရှိ လာတဲ့သီးနှံတွေကို ဈေးကွက်မှာ ခိုင်ခိုင်မာမာနဲ့ ယုံကြည်စိတ်ချစွာ ရောင်းချနိုင်မှာပါ။ စားသုံးသူတွေအနေနဲ့ကလည်း ကျန်းမာရေးနဲ့ညီညွတ်ပြီးတော့ ဘေးကင်းတဲ့ အစား အစာတွေကို ဝယ်ယူစားသုံးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် GAP စနစ်နဲ့ စိုက်ပျိုးခြင်းက တောင်သူရောပြည်သူအတွက်ပါ အကျိုးကျေးဇူးများစွာရရှိမှာဖြစ်တဲ့အတွက် GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့ နှစ်စဉ်ဆောင်ရွက်နေပါတယ် " ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတွင် မြို့နယ်များအလိုက် GAP စနစ်ဖြင့် စိုက်ပျိုးကြသည့် တောင်သူဦးရေမှာ ၁၅၀ ရှိပြီး ၎င်းတို့အား GAP အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးတက်ခြင်းမရှိ

**ဝမ်းတွင်း ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်း ဈေးများနှင့် ကုန်စုံဆိုင် များ ပုံမှန်ဖွင့်လှစ်ကာ ကုန်ဈေးနှုန်းတည်ငြိမ်စွာဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ်အနေဖြင့် မြို့နယ်အတွင်း ဈေးကြီးများဖြစ်သည့် ဝမ်းတွင်းဈေး၊ သဲတောဈေး၊ လျော်ပင်ဈေး၊ ရွာရှည်ဈေးတို့ ပုံမှန်ဖွင့်လှစ်ကာ ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်းများ ပုံမှန်အနေအထားရှိနေကြောင်း၊ ဈေးတက်ခြင်းများမရှိကြောင်း ဈေးဝယ်လာသူ (ဝမ်းတွင်း-၃) ရပ်ကွက်နေ ဦးသိန်းမြင့်က ပြောသည်။

အဆိုပါဈေးကြီးများသည် ငါးရက်တစ်ဈေးရောင်းချသော ဈေးများဖြစ် ပြီး အဆိုပါဈေးများသို့ သဲတော၊ ဝမ်းတွင်း၊ လိပ်တက်၊ ရေတွင်း၊ မကျီးတော၊ ရိုးရွာ၊ ညောင်အုပ်ဖီး၊ ရိုးစုံ၊ ဆူးပန်း၊ ဂုဏ်ရွာ၊ တောင်ဆည်၊ မင်းကုန်း၊ သဘွတ်ကုန်း၊ နေပူကုန်း၊ ဘုရားစု၊ အိုင်သာ၊ လျော်ပင်၊ ရွာတန်း၊ တမာကုန်း အစရှိသော ကျေးရွာများမှ လာရောက်ဝယ်ယူလျက်ရှိပြီး ဈေးကြီးနေ့တွင် ဆန်နှင့် စားသောက်ကုန်ပစ္စည်းဈေးများ ပုံမှန်ဈေးများဖြင့် ရောင်းဝယ် လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

**ငွေးလှိုင်(ဝမ်းတွင်း)**



# နယ်စပ်ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတားနှင့် အဆောက်အအုံများဆောင်ရွက်

**မယ်စဲ့ ဧပြီ ၂**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး နှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နယ်စပ်ဒေသဖွံ့ဖြိုးရေး) ရန်ပုံငွေများဖြင့် တင်ဒါအောင်မြင် သည့် ကုမ္ပဏီအသီးသီးမှ လမ်း၊ တံတားနှင့် အဆောက်အအုံ များကို ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁ ရက်က မြို့နယ်တည် ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေးလုပ်ငန်းကော် မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းရွှေတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြ သည်။

ယခုဘဏ္ဍာနှစ်အတွင်း မယ်စဲ့မြို့နယ်တွင် နမ့်ဟူးစာသင် ကျောင်းအဝင်လမ်း အရှည်ပေ ၁၁၀ ကွန်ကရစ်ခင်းခြင်း၊ ယင်းလမ်းပေါ်ရှိ Pipe Culvert တစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းနှင့် ပေ ၃၀ ပတ်လည် တန်းစီကွင်းဆောင်ရွက်ခြင်း လုပ်ငန်း၊ ဟိုဂျစ်စာသင်ကျောင်းအဝင်လမ်းအရှည်ပေ ၁၅၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ယင်းလမ်းပေါ်ရှိ Pipe Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပေ ၃၀ ပတ်လည် တန်းစီကွင်းဆောင်ရွက်ခြင်းလုပ်ငန်း၊ ဟိုဂျစ်-ဟိုဖ- လယ်တောမြေသားလမ်းပေါ်ရှိ Box Culvert ၁၃ စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်ရှိပေ ၄၀ ဘေလီတံတားနှစ်စင်း၊ ပေ ၃၀ ဘေလီတံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ မြို့နယ်ပညာရေးမှူးရုံးနှင့် အထက(မယ်စဲ့) တန်ဖိုးနည်းအိမ်ရာတည်ဆောက်ခြင်း လုပ်ငန်းများကို (နယ်စပ်ဒေသဖွံ့ဖြိုးရေး) ရန်ပုံငွေကျပ် ၁၃၁၈ ဒသမ ၁၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိနေပြီး အဆိုပါ လုပ်ငန်းများအားလုံး သတ်မှတ်ချိန်အတွင်း အရည်အသွေး ကောင်းမွန်စွာ ပြီးစီးရေးအတွက် သက်ဆိုင်ရာကော်မတီများ ပူးပေါင်း၍ စစ်ဆေးကြပ်မတ် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းက ပြောသည်။

**ဝတ်ရည်**
**(ပြန်/ဆက်)**



## ဂျက်စတင်ဘီဘာရဲ့ ၂၀၂၀ ဖျော်ဖြေပွဲများအားလုံး ရွှေ့ဆိုင်း

ကနေဒါလူမျိုးပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာဟာ လတ်တလောမှာတော့ ၂၀၂၀ ပြည့်နှစ်မှာ ပြုလုပ်ဖို့စီစဉ်ထားတဲ့ သူ့ရဲ့ဖျော်ဖြေပွဲတွေအားလုံး ရွှေ့ဆိုင်းကြောင်း ကြေညာခဲ့ပါတယ်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုတွေကြောင့် ယခုလို ဖျော်ဖြေပွဲတွေကို ရွှေ့ဆိုင်းခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ဧပြီ ၁ ရက်မှာ ဂျက်စတင်ဘီဘာဘက်ကနေ ဖျော်ဖြေပွဲတွေအားလုံး ရွှေ့ဆိုင်းလိုက်ကြောင်း ပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ နေရာပေါင်း ၄၅ နေရာမှာ ပြုလုပ်ဖို့ရာ စီစဉ်ထားတဲ့ အဆိုပါ နည်းလှည့်ဖျော်ဖြေပွဲတွေကို Changes လို့ အမည်ပေးထားပြီး ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုတွေကြောင့် ဖျော်ဖြေပွဲတွေကို ရွှေ့ဆိုင်းခဲ့တာ ဖြစ်ပါတယ်။

လာမယ့် မေလ ၁၄ ရက်မှာ စတင်ပြီး စက်တင်ဘာလအထိ ပြုလုပ်သွားဖို့ရာ ရည်ရွယ်ထားတဲ့ ဖျော်ဖြေပွဲအစီအစဉ်တွေကို ရွှေ့ဆိုင်းကာ ပြန်လည်ပြုလုပ်သွားမယ့်ရက်ကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးပါဘူး။ ဒီဖျော်ဖြေပွဲတွေအတွက် ဂျက်စတင်ဘီဘာနဲ့ သူ့ရဲ့အဖွဲ့သားတွေ အတော်လေးကြိုးစားပြင်ဆင်ခဲ့ပေမယ့် ပရိသတ်တွေရဲ့ကျန်းမာရေးဟာ အဓိကဖြစ်တာကြောင့် ယခုလို ရွှေ့ဆိုင်းခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ကနေဒါပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာဟာ လတ်တလောမှာ ဇနီးဖြစ်သူ ဟေလီဘော်ဝင်န်နဲ့အတူ ကနေဒါမှာ ရောက်ရှိနေပြီး နေအိမ်မှာပင် အသွားအလာကန့်သတ်နေထိုင်နေတဲ့ကာလအတွင်း ပရိသတ်တွေကို အွန်လိုင်းပေါ်ကနေတစ်ဆင့် တေးသီချင်းတစ်ပုဒ်ကို ဖျော်ဖြေခဲ့ပါတယ်။ နှစ်စဉ်ကျင်းပမြဲဖြစ်ပြီး ကြီးမားတဲ့ တေးဂီတဖျော်ဖြေပွဲတစ်ခုလည်းဖြစ်တဲ့ Coachella ဖျော်ဖြေပွဲ ရွှေ့ဆိုင်းခဲ့ရတာကြောင့် တေးဂီတဖျော်ဖြေပွဲတွေကို တောင့်တနေတဲ့ ပရိသတ်တွေအတွက် ဂျက်စတင်ဘီဘာက သူ့ရဲ့တေးသီချင်း Changes ကို ဖျော်ဖြေပေးခဲ့တာပါ။

ဂျက်စတင်ဘီဘာနဲ့ ဟေလီဘော်ဝင်န်တို့ဟာ လော့စ်အိန်ဂျလိစ်မှာ မနေတော့ဘဲ အမေရိကန်-ကနေဒါနယ်စပ်တွေကို မတ် ၁၈ ရက်က ပိတ်ခဲ့တာကြောင့် အဲဒီနေ့မတိုင်မီကတည်းက ကနေဒါမှာ ရောက်ရှိနေထိုင်ခဲ့တာ ဖြစ်ကြောင်းလည်း သိရပါတယ်။

## စစ်မှုထမ်းဆောင်မည့်သတင်းနှင့်ပတ်သက်ပြီး ပဲ့ခ်ဘိုဂန်း ငြင်းဆို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ပဲ့ခ်ဘိုဂန်းဟာ မကြာမီ စစ်မှုထမ်းဆောင်တော့မှာဖြစ်ကြောင်း အေဂျင်စီဘက်က ပြောကြားခဲ့ပြီး ဒီသတင်းအပေါ် မင်းသားဘက်က မှန်ကန်မှုမရှိကြောင်း ပြန်လည်ငြင်းဆိုခဲ့တယ်လို့ ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၃၁ ရက်မှာ အေဂျင်စီက ပဲ့ခ်ဘိုဂန်းအနေနဲ့ စစ်မှုထမ်းဆောင်တော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ပဲ့ခ်ဘိုဂန်းကတော့ သူ့အနေနဲ့ စစ်မှုထမ်းဆောင်ဖို့ရာ အကြောင်းကြားစာကို လက်ရှိအချိန်အထိ လက်ခံရရှိခဲ့ခြင်းမရှိသေးတာကြောင့် ဒီသတင်းဟာ မမှန်ကန်ဘူးလို့ ပြန်လည်ရှင်းလင်းခဲ့တယ်လို့ သိရပါတယ်။

မကြာသေးမီက ဒေသတွင်းမီဒီယာတစ်ခုက ပဲ့ခ်ဘိုဂန်းဟာ သူ့ရဲ့ရုပ်ရှင် Wonderland ရိုက်ကူးပြီးနောက် စစ်မှုထမ်းဆောင်တော့မှာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာပါ။ ၁၉၉၃ ခုနှစ်မှာ မွေးဖွားခဲ့တဲ့ ပဲ့ခ်ဘိုဂန်းဟာ အသက် ၂၇ နှစ်ပြည့်တော့မှာဖြစ်ပြီး သူ့အနေနဲ့ အချိန်ကျလာပါက စစ်မှုထမ်းဆောင်ဖို့ရာ တုံ့ဆိုင်းမနေဘဲ လုပ်ဆောင်သွားမှာဖြစ်ကြောင်း ပဲ့ခ်ဘိုဂန်းက အင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့ဖူးတယ်လို့လည်း သိရပါတယ်။



ပဲ့ခ်ဘိုဂန်းဟာ လက်ရှိမှာ ရုပ်သံဇာတ်လမ်းတွဲတစ်ခုနဲ့ ရုပ်ရှင်တစ်ကားမှာ ပါဝင်သရုပ်ဆောင်ထားပြီး သူ့ရဲ့ဇာတ်လမ်းတွဲသစ် Wonderland ကို ဧပြီလအတွင်း ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

## ဒူးဒဏ်ရာကြောင့် ဆေးရုံတက်နေရတဲ့ ဂိုအင်ဆောင်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဂိုအင်ဆောင်ဟာ လတ်တလောမှာ ဆေးရုံတက်ရောက်နေရပြီး ဒူးမှာရရှိထားတဲ့ဒဏ်ရာကြောင့် ယခုလို ဆေးရုံတက်ခဲ့ရတာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၂ ရက်မှာ ဂိုအင်ဆောင်ရဲ့ ဖျော်ဖြေရေးအေဂျင်စီက မင်းသားဟာ ဒူးနာတာကြောင့် ဆေးရုံတက်ရောက်နေကြောင်း၊ သာမန်ဒဏ်ရာမျိုးသာဖြစ်ပြီး ခွဲစိတ်ကုသရခြင်းမရှိကြောင်းနဲ့ မကြာမီမှာ ဆေးရုံဆင်းတော့မှာဖြစ်ကြောင်း တစ်ပါတည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဂိုအင်ဆောင်ဟာ မကြာသေးမီက မိုဂါဒစ်ရှူးလို့ ယာယီအမည်ပေးထားတဲ့ ရုပ်ရှင်မှာ ပါဝင်ခဲ့ပြီး လတ်တလောခံစားနေရတဲ့ ဒူးနာဝေဒနာဟာ ရုပ်ရှင်ရိုက်ကူးရေးကြောင့်တော့ မဟုတ်ကြောင်းလည်း အေဂျင်စီက ဆိုပါတယ်။

မိုဂါဒစ်ရှူးဟာ ၁၉၉၀ ပြည့်နှစ်တွေအတွင်း ဆိုမာလီအလယ်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်အတွင်း မြောက်ကိုရီးယားနဲ့ တောင်ကိုရီးယား သံတမန်တွေ လွတ်မြောက်ရေးကြိုးပမ်းခဲ့ပုံတွေကို ရိုက်ကူးထားတာဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ဂိုအင်ဆောင်နဲ့အတူ ကင်မ်ယန်ဆွတ်နဲ့ ဟဲဂျွန်ဟိုတို့က တွဲဖက်ပါဝင်ထားကြောင်းလည်း သိရပါတယ်။

## Star Wars သရုပ်ဆောင် အန်ဒရူးဂျက်ခ် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကြောင့် ကွယ်လွန်

ကျော်ကြားတဲ့ ဟောလိဝုဒ်ရုပ်ရှင်တွေဖြစ်တဲ့ Star Wars ရုပ်ရှင်တွေရဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ အန်ဒရူးဂျက်ခ်ဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကာ လတ်တလောမှာ ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ခံစားခဲ့ရတဲ့ အန်ဒရူးဂျက်ခ်ဟာ မတ် ၃၁ ရက်က စိန့်ပီတာဆေးရုံမှာ ကွယ်လွန်ခဲ့တာဖြစ်ပြီး ကွယ်လွန်ချိန်မှာ အသက် ၇၁ နှစ်ရှိပြီဖြစ်ကြောင်းလည်း သိရပါတယ်။ မင်းသား ကွယ်လွန်သွားကြောင်းကို သူ့ရဲ့ကိုယ်စားလှယ်က ကွယ်လွန်ခဲ့တဲ့နေ့မှာပင် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။



## ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီး ကွယ်လွန်ခဲ့သူ အဒမ်စလက်စင်ဂျာအတွက် အမှတ်တရစကားများ တွမ်ဟန့်စ်ရေးသားဖော်ပြ

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာခဲ့တဲ့ တွမ်ဟန့်စ်ဟာ အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရပြီး ကွယ်လွန်ခဲ့သူ တေးသံရှင် အဒမ်စလက်စင်ဂျာအတွက် အမှတ်တရစကားတွေကို သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ရာ အဒမ်စလက်စင်ဂျာကွယ်လွန်မှုနဲ့ပတ်သက်ပြီး မှတ်မှတ်ရရ ရေးသားဖော်ပြခဲ့ကြတဲ့ နာမည်ကျော်ကြယ်ပွင့်တွေအနက် တစ်ယောက်ဖြစ်ကြောင်း မစ်ရာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဒမ်စလက်စင်ဂျာဟာ လတ်တလောမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် ကွယ်လွန်ခဲ့ပြီး သူကွယ်လွန်ချိန်မှာ အသက် ၅၂ နှစ်အရွယ်သာ ရှိသေးတာဖြစ်ပါတယ်။ အဒမ်စလက်စင်ဂျာ ကွယ်လွန်ခဲ့တဲ့အပေါ် တွမ်ဟန့်စ်က သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ အလွန်ဝမ်းနည်းမိကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် သူက သူတို့ရဲ့ရုပ်ရှင် ထုတ်လုပ်ရေးဖြစ်တဲ့ ပလေးစတုန်းဟာ အဒမ်စလက်စင်ဂျာရှိတာကြောင့်သာ တည်ရှိနေတာဖြစ်ကြောင်းနဲ့ သူ လုပ်ဆောင်ပေးခဲ့တဲ့အရာတွေအတွက် အမှတ်တရ ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

အခြားသော နာမည်ကျော် ဒီဂျေပညာရှင်တစ်ဦးဖြစ်သူ မာ့ခ်ရွန်ဆင်ကလည်း အဒမ်စလက်စင်ဂျာ ကွယ်လွန်ခဲ့တဲ့အပေါ် ဝမ်းနည်းမိကြောင်း ရေးသားဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။

## ပရိသတ်ရှေ့အရောက်ပြန်လာဖို့ ပြင်ဆင်နေတဲ့ GOT7

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ GOT7 ဟာ မကြာမီမှာ ပရိသတ်ရှေ့ အရောက်ပြန်လာဖို့ရာ စီစဉ်ထားကြောင်း လတ်တလောမှာ အေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၂ ရက်မှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအင်တာတိန်းမန့်က GOT7 ဟာ တေးသီချင်းသစ်တွေကို ပြင်ဆင်နေပြီး ဧပြီလကုန် ဒါမှမဟုတ် မေလ အစောပိုင်းမှာ ပရိသတ်ရှေ့ အရောက်ပြန်လာဖို့ရာ စီစဉ်ထားကြောင်း ပြောကြားခဲ့ပါတယ်။



## အသွားအလာ ကန့်သတ်ခံထားရတဲ့ကာလကို ကျော်ဖြတ်နေတဲ့ အဲရစ်နမ်

တောင်ကိုရီးယားပေါ့ပ်ကြယ်ပွင့် အဲရစ်နမ်ဟာ လတ်တလောမှာ အသွားအလာကန့်သတ်ခံထားရတဲ့ကာလအတွင်း နေအိမ်မှာပင် ကောင်းမွန်စွာနေထိုင်နေကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဲရစ်နမ်က အသွားအလာ ကန့်သတ်နေထိုင်စဉ်အတွင်း နေအိမ်မှာပင်နေရတာကို ပျင်းရိမိကြောင်း သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် သူ့ရဲ့ ဖုန်းနံပါတ်အမှန်ကို တွစ်တာပေါ်မှာ ရေးသားဖော်ပြခဲ့ကာ ပရိသတ်တွေနဲ့ မက်ဆေ့ချ်တွေ အပြန်အလှန်ပေးပို့ရင်း အဆိုပါ နေ့ရက်တွေကို ဖြတ်သန်းနေကြောင်းလည်း သိရပါတယ်။



အေးပြည့်-စုစည်းသည်

# ဂန့်ဂေါမြို့အဝင်ကားလမ်းဆုံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးစစ်ဆေး

**ဂန့်ဂေါ ဧပြီ ၂**

ဂန့်ဂေါမြို့အဝင် လမ်းဆုံဂိတ်တွင် ဖြတ်သန်းမောင်းနှင်သည့် မော်တော်ယာဉ်ဖြင့်လိုက်ပါသည့် ခရီးသည်များ၊ ဆိုင်ကယ်များပါ ခရီးသည်များ ကျန်းမာရေးစစ်ဆေးခြင်း၊ စောင့်ရှောက်ခြင်းတို့ကို ဂန့်ဂေါမြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျန်းမာရေးဌာနတို့ ပူးပေါင်းအဖွဲ့သည် မတ် ၃၁ ရက် က ပြုလုပ်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကလေးမြို့၊ ဟားခါးမြို့နှင့် ဂန့်ဂေါမြို့သို့ အသွားအပြန်ကားများဖြင့် လိုက်ပါလာသည့် ခရီးသည်များအား ကိုယ်အပူချိန်စမ်းသပ်စစ်ဆေး၍ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးကာ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးခြင်း၊ ရောဂါဖြစ်ပွားမှုအား ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေပေးကြခြင်းဖြစ်သည်။

ထို့ပြင် အနောက်ဂန့်ဂေါကျေးရွာဂိတ်တွင်လည်း ကျန်းမာရေးစစ်ဆေးပေးကာ ခရီးသွားပြည်သူများ



အား အချိုရည်များနှင့် ရေသန့်ဘူးများပေးခြင်း၊ လုံခြုံကျေးရွာတွင် ထိုင်းနိုင်ငံမှပြန်ရောက်လာသည့် ပြည်သူတစ်ဦးအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အချိုရည်များနှင့် ရေသန့်ဘူးများပေးခြင်းအပြင် ဂန့်ဂေါမြို့ ညနေဈေးတွင်လည်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **စိန်ကျော်**

# ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂**

နေပြည်တော် ဥတ္တရသီရိရပ်ကွက်အတွင်းရှိ ရွှေသဇင်ဈေးတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဧပြီ ၁ ရက်က ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဦး၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဈေးဝယ်လာသူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ လက်ဆေးပုံအဆင့်ဆင့်နှင့် နှာခေါင်းစည်းအသုံးပြုနည်းများအား ရှင်းလင်းပြောကြားခြင်းနှင့် လက်တွေ့ဆောင်ရွက်စေခြင်းတို့ကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **အောင်ကို(ပြန်/ဆက်)**

# ကနေဒီဆင်ထိန်းသိမ်းရေးစခန်း ယာယီပိတ်ထား

**ခိုင်ကမ်း ဧပြီ ၂**

ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့အနီးတွင် ဖွင့်လှစ်ထားသည့် ကနေဒီဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတွင် ကိုဗစ် - ၁၉ ရောဂါအန္တရာယ်ထိန်းချုပ်နိုင်ရန် ခရီးသွားဝင်ရောက်မှု ယာယီပိတ်ထားလိုက်ပြီဖြစ်ကြောင်း ချင်းပြည်နယ် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းမှ သိရသည်။

ကနေဒီဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို မတ် ၂၄ ရက်မှစတင်၍ ယာယီပိတ်ထားခြင်းဖြစ်သည်။

အဆိုပါဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က ချင်းပြည်နယ် တီးတိန်မြို့နယ် ဆီးယင်းကြိုးဝိုင်းအကွက် အမှတ်(၁၃၈)တွင် ဆင်အထီးလေးကောင်နှင့် ဆင်အမသုံးကောင် စုစုပေါင်း ခုနစ်ကောင်တို့ဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား**

# ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ကြိုတင်ထားရှိ

**နမ့်ဆန် ဧပြီ ၂**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ အရေးပေါ်လူနာရှိလာပါက တာဝန်ကျကျန်းမာရေးဝန်ထမ်းများအတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ အဆင်သင့်ရှိစေရန်နှင့် စနစ်တကျဝတ်ဆင်နည်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ကုသရေးဦးစီးဌာန လက်ထောက်မြို့နယ်ဆရာဝန် ဒေါက်တာကျော်နိုင်စိုးနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဥက္ကဋ္ဌ ဦးကျားတီနှင့် တပ်ဖွဲ့ဝင်များ၊ နမ့်ဆန်မြို့ရှိ လူမှုကူညီရေးအသင်းသားများက မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

နမ့်ဆန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ အရေးပေါ်လူနာရှိလာပါက ကြိုတင်ပြင်ဆင်ထားမှုအနေဖြင့် အကာအကွယ်၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ အရန်သင့် အစုံ ၃၀ ခန့်ထားရှိပြီး အဆိုပါဝတ်စုံ စနစ်တကျဝတ်ဆင်နည်းနှင့် ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ကိုင်တွယ်ရမည့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုကူညီရေးအဖွဲ့သားများကို ရောဂါပိုးမကူးစက်နိုင်ရန် ဆောင်ရွက်ရမည့် စနစ်တကျကာကွယ်ရေးနည်းလမ်းများကို မြို့နယ်လက်ထောက်ဆရာဝန်ကြီး ကျော်နိုင်စိုးက ပညာပေး ရှင်းပြသည်။

ထို့ပြင် ကိုဗစ်-၁၉ အရေးပေါ်လူနာရှိလာပါက လူနာနှင့်ထိတွေ့ခြင်း၊ သယ်ယူပို့ဆောင်ပေးမည့် စေတနာ့ဝန်ထမ်းများအဖွဲ့ကို ဖွဲ့စည်းပြီး မိမိတို့၏ သဘောဆန္ဒအလျောက် စာရင်းပေးထားသည့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် ၁၀ ဦး၊ လူမှုကူညီရေးအဖွဲ့များမှ ၁၀ ဦး ပေါင်း ၂၀ ခန့်ရှိကြောင်း သိရသည်။

နမ့်ဆန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရသူ လူနာမရှိသေးသော်လည်း အရေးပေါ်လူနာရှိလာပါက လူနာအားစောင့်ကြပ်ကြည့်ရှုကုသရေးသီးသန့်အခန်းပြင်ဆင်ထားရှိပြီး လူနာအတွက်လိုအပ်မည့် အကာအကွယ်ဝတ်စုံများ၊ ဆေးဝါးပစ္စည်းများကိုလည်း ကြိုတင်ပြင်ဆင်ထားလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သည့် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံမှာ လုံလောက်မှုမရှိသေးကြောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတက်ကြွလှုပ်ရှားသူ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။ **အောင်မိုး(ပြန်/ဆက်)**




**ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဧပြီ ၂ ရက် နံနက်ပိုင်းတွင် ပဲခူးဘူတာနှင့် ပဲခူးယာဉ်ဝင်းသစ်တို့တွင် တပ်မတော်သားများက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း လုပ်ဆောင်ကြစဉ်။** ဋ္ဌေးနိုင်(ပဲခူး)



# ပုသိမ်မြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ပုသိမ် ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့နှင့် ပုသိမ်မြို့ ကိုဗစ်-၁၉ သတင်းမှန်ဖြန့်ဝေရေးနှင့် ကူညီရေးအဖွဲ့တို့ ပူးပေါင်း၍ ဧပြီ ၁ ရက် နံနက်ပိုင်းမှစ၍ ပုသိမ်မြို့အဝင် တိုးဂိတ်မှ ကားများပေါ်တွင်ပါလာသော ခရီးသည်များအား ကိုယ်အပူချိန်များ တိုင်းတာခြင်း၊ ကိုယ်ရေးအချက်အလက်များ မှတ်တမ်းတင်ပြုစုခြင်းများ ဆောင်ရွက်ကြသည်။

နေ့လယ်ပိုင်းတွင် ဝင်ရောက်လာသော ကားများပေါ်မှ ခရီးသည်များအား ကိုယ်အပူချိန် တိုင်းတာရာတွင် ရာသီဥတုအပူရှိန်ကြောင့် ခရီးသည်အတော်များများသည် ကိုယ်အပူချိန်များ မြင့်တက်လျက်ရှိနေသဖြင့် ကိုယ်ပူချိန် မတိုင်းတော့ဘဲ ခရီးသည်၏ ကိုယ်ရေးအချက်အလက်များအား သေချာစွာ မှတ်တမ်းတင်ပြုစုထားရှိပြီး သက်ဆိုင်ရာနယ်မြေများသို့ ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# လှိုင်ကော်မြို့ သီရိမင်္ဂလာဈေးအတွင်း ပိုးသတ်ဆေးဖျန်း

**လှိုင်ကော် ဧပြီ ၂**

ကယားပြည်နယ် လှိုင်ကော်မြို့ သီရိမင်္ဂလာဈေးအတွင်း ဧပြီ ၂ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်း ဦးဆောင်သည့်ဝန်ထမ်းများက ဈေးအတွင်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကယားပြည်နယ်အတွင်း ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လှိုင်ကော်မြို့တော်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် သီရိမင်္ဂလာဈေးအတွင်းအပြင်၊ ဈေးဆိုင်တန်းများ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဈေးပိတ်သည့်ရက်များတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းလေး (ပြန်/ဆက်)**

# စေတနာ့ဝန်ထမ်းလူငယ်များအား သင်တန်းဖွင့်လှစ်သင်ကြားပေး

**မိတ္ထီလာ ဧပြီ ၂**

မိတ္ထီလာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းလူငယ်များအား မတ် ၃၁ ရက် ညနေ ၃ နာရီက မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီး၏ အစည်းအဝေးခန်းမ၌ သင်တန်းဖွင့်လှစ်သင်ကြားပေးသည်။

ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားစေရန်အတွက် မြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသည့်အပြင် ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ရပ်ကွက်ကျေးရွာများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အသိပညာပေးလုပ်ငန်းများနှင့် လူစည်ကားရာနေရာများတွင် ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရပ်ကွက်ကျေးရွာများတွင် တစုတစည်းတည်း ၁၄ ရက် ထားရှိပြီး အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်း၌ ရောဂါစောင့်ကြပ်ကြည့်ရှုသည့်နေရာ ၃၈ နေရာတွင် မတ် ၃၁ ရက်အထိ လူဦးရေ ၂၆၀ ရှိရာ အဆိုပါ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ မိမိတို့ တတ်စွမ်းသမျှ အားပေးမည်၊ ကူညီမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးဝန်ထမ်းနှင့် ပူးပေါင်းဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း၊ စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကိုသိရှိရန် ယခုလိုသင်တန်းဖွင့်၍ သင်ကြားပေးခြင်းဖြစ်ကြောင်း မိတ္ထီလာမြို့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်က ပြောသည်။

အဆိုပါသင်တန်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောင်ရန်၊ ရှောင်ရန်များ သိရှိစေရန်အတွက် မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာအိအိခင်၊ ဆေးဝါးကျွမ်းကျင်-၃ ဦးသန်းဋ္ဌေးနှင့် ဆေးလူမှုဆက်ဆံရေးမှူး ဒေါ်ခင်မာဇင်တို့က ပို့ချပေးခဲ့ပြီး ၎င်းသင်တန်းတွင် စေတနာ့ဝန်ထမ်း လူငယ် ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ယူအီးအက်ဖ်အေက ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ပြိုင်ပွဲများကို နောက်ထပ်အသိပေးချက် မထုတ်ပြန်ချိန်အထိ ရပ်ဆိုင်းထားမည်

ကမ္ဘာလုံးဆိုင်ရာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားနေမှုကြောင့် ယူအီးအက်ဖ်အေက ကြီးမှူးကျင်းပတဲ့ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ပြိုင်ပွဲများကို နောက်ထပ်အသိပေးချက် မထုတ်ပြန်ချိန်အထိ ရပ်ဆိုင်းထားမှာဖြစ်တယ်လို့ ဥရောပဘောလုံးအဖွဲ့ချုပ်က ကြေညာထားပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲဟာ ၁၆ သင်းအဆင့် ပထမအကျော့သာ ကျင်းပရသေးပြီး ယူရိုပါလိဂ်ကလည်း အလားတူအဆင့်သာ ရှိနေသေးတာဖြစ်ပါတယ်။

ယူရို ၂၀၂၀ ပြိုင်ပွဲရဲ့ play-off ပွဲစဉ်တွေအပါအဝင် ဇွန်လအတွင်း ယှဉ်ပြိုင်သွားဖို့ရှိနေတဲ့ နိုင်ငံတကာပွဲစဉ် အားလုံးကိုလည်း ၂၀၂၁ ခုနှစ်အထိ ရွှေ့ဆိုင်းခဲ့တာဖြစ်ပြီး ယူရို ၂၀၂၁ အမျိုးသမီးပြိုင်ပွဲတွေကိုလည်း ရွှေ့ဆိုင်းခဲ့တယ်လို့ သိရပါတယ်။ ယူရို ၂၀၂၀ ပြိုင်ပွဲအတွက် play-off ကစားရမယ့် အသင်းတွေကတော့ မြောက်အိုင်ယာလန်၊ အိုင်ယာလန်နဲ့ စကော့တလန်တို့ပဲဖြစ်ပါတယ်။

ဥရောပဘောလုံးအဖွဲ့ချုပ်ရဲ့ အဖွဲ့ဝင် ၅၅ နိုင်ငံတို့ဟာ မေ ၁ ရက်မှာ အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပြီး အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲကိုလည်း အနည်းဆုံး မေ ၃၀ ရက်အထိ ရွှေ့ဆိုင်းလိုက်တယ်လို့သိရပါတယ်။ ပရီမီယာလိဂ် ကလပ်အသင်းတွေဖြစ်တဲ့ မန်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ ချန်ပီယံလိဂ်ပြိုင်ပွဲကစားရဖို့ ကျန်ရှိနေပြီး မန်ယူအသင်း၊ ဝုလ်ဗ်ဟမ်တန်အသင်းနဲ့ စကော့တလန်ကလပ် ရိန်းဂျားအသင်းတို့ဟာ ယူရိုပါလိဂ်ပြိုင်ပွဲကစားရဖို့ ရှိနေသေးတာဖြစ်ပါတယ်။

ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်နဲ့ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွေရဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်တွေကို အရင်က မေလအတွင်းမှာ ကျင်းပဖို့စီစဉ်ခဲ့ပေမယ့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် အားလုံးကို ရွှေ့ဆိုင်းလိုက်တာဖြစ်ပါတယ်။




ယူအီးအက်ဖ်အေက ကြီးမှူးကျင်းပတဲ့ အခြားသောပြိုင်ပွဲတွေဖြစ်တဲ့ ၂၀၂၀ ပြည့်နှစ် မေလမှာ ကျင်းပဖို့ရှိတဲ့ ဥရောပအသက် ၁၇ နှစ်အောက် အမျိုးသား၊ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ ဇူလိုင်လမှာ ကျင်းပဖို့ရှိတဲ့ ဥရောပ အသက် ၁၉ နှစ်အောက် အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ စတဲ့ပြိုင်ပွဲတွေကိုလည်း ရွှေ့ဆိုင်းခဲ့တယ်လို့ သိရပါတယ်။ ဒါ့ပြင် ၂၀၂၀ ပြည့်နှစ် မေလမှာ ကျင်းပဖို့စီစဉ်ထားတဲ့ ယူအီးအက်ဖ်အေ ဖူဆယ်ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်တွေကိုလည်း နောက်တစ်ကြိမ် ကြေညာချက်မထုတ်ပြန်ချိန်အထိ ရွှေ့ဆိုင်းလိုက်တယ်လို့ သိရပါတယ်။

## အမျိုးသမီးယူရို ၂၀၂၁ ပြိုင်ပွဲကို ၂၀၂၂ ခုနှစ်တွင် ပြောင်းလဲကျင်းပမည်

၂၀၂၁ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှာ ကျင်းပဖို့ စီစဉ်ထားတဲ့ အမျိုးသမီးယူရို ၂၀၂၁ ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် နွေရာသီကာလမှာ ပြောင်းရွှေ့ကျင်းပဖို့ စီစဉ်လိုက်ပြီဖြစ်ပါတယ်။

အမျိုးသား ယူရို ၂၀၂၀ ပြိုင်ပွဲနဲ့ တိုကျိုအိုလံပစ်ပြိုင်ပွဲတွေကို ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ၂၀၂၁ ခုနှစ်အထိ ရွှေ့ဆိုင်းလိုက်ပြီးနောက် အမျိုးသမီး ယူရို ၂၀၂၁ ပြိုင်ပွဲကို ရွှေ့ဆိုင်းလိုက်တာဖြစ်ပါတယ်။ ဥရောပနိုင်ငံ သုံးနိုင်ငံဖြစ်တဲ့ အင်္ဂလန်အသင်း၊ နယ်သာလန်အသင်းနဲ့ ဆွီဒင်အသင်းတို့ဟာ အိုလံပစ်ပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့အသင်းတွေပဲဖြစ်ပါတယ်။ ဥရောပဘောလုံးအဖွဲ့ချုပ်ရဲ့ အဖွဲ့ဝင် ၅၅ နိုင်ငံပါဝင်တဲ့ အစည်းအဝေးတစ်ရပ်ကနေ အခုလို အမျိုးသမီး ယူရို ၂၀၂၁ ပြိုင်ပွဲကို ရွှေ့ဆိုင်းလိုက်တာပဲ ဖြစ်ပါတယ်။

## ဘာစီလိုနာအသင်းက ဂရစ်ဇ်မန်းကို ထွက်ခွာခွင့်ပြုပြီး နေမာကို ပြန်လည်စာချုပ်ခေါ်ယူရန် မျှော်လင့်လျက်ရှိ

ဘာစီလိုနာအသင်းဟာ အခုနှစ်နွေရာသီဈေးကွက်အတွင်းမှာ တိုက်စစ်မှူးနေမာကို ပြန်လည်ခေါ်ယူဖို့အတွက် တိုက်စစ်မှူးဂရစ်ဇ်မန်းကို အသင်းကနေ ထွက်ခွာခွင့်ပြုဖို့ မျှော်လင့်လျက်ရှိတယ်လို့ သိရပါတယ်။ ဘာစီလိုနာအသင်းဟာ ဂရစ်ဇ်မန်းကို တစ်ရာသီကြာပြီးနောက် ထွက်ခွာခွင့်ပြုဖို့ ပြင်ဆင်လျက်ရှိပြီး တိုက်စစ်မှူးဟောင်း နေမာနဲ့ အင်တာမီလန် တိုက်စစ်မှူး မာတီနက်ဇ်တို့ကို ခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါ တယ်။

ဘာစီလိုနာ အသင်းအနေနဲ့ ဂရစ်ဇ်မန်းရဲ့တန်ဖိုးကို ပေါင် ၈၈ သန်း (ယူရိုသန်း ၁၀၀) သတ်မှတ်ထားပြီး ပီအက်စ်ဂျီအသင်းကတော့ နေမာရဲ့ တန်ဖိုးကို ပေါင် ၁၃၅ သန်း(ယူရိုသန်း ၁၅၀)သတ်မှတ်ထားတာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းက ဂရစ်ဇ်မန်းကို ပြီးခဲ့တဲ့ နွေရာသီဈေးကွက်အတွင်းက အက်သလက်တီကို မက်ဒရစ်အသင်းဆီကနေ ယူရိုသန်း ၁၂၀ နဲ့ ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။




ဂရစ်ဇ်မန်းဟာ အခုနှစ် ဘောလုံးရာသီမှာ လာလီဂါပွဲစဉ် ၂၆ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးရှစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး နေမာဟာ ၂၀၁၇ ခုနှစ်က ဘာစီလိုနာအသင်းကနေ ပီအက်စ်ဂျီအသင်းဆီ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးပေါင် ၁၉၈ သန်း (ယူရို ၂၂၂)သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။




## မန်ယူအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းက ဟာလန်းကို ပေါင် ၆၃ သန်းဖြင့် ခေါ်ယူဖို့ ပြင်ဆင်နေ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းဟာ ဒေါ့မွန်အသင်းရဲ့ အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်တဲ့ ဟာလန်းကို ပြောင်းရွှေ့ကြေးပေါင် ၆၃ သန်းနဲ့ စာချုပ်ချုပ်ဆို ခေါ်ယူနိုင်ရေးအတွက် ပြင်ဆင်လျက်ရှိပြီး လက်ရှိမှာ ဟာလန်းကို ရရှိရေးအတွက် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အပြိုင် ကြိုးပမ်းနေတယ်လို့သိရပါတယ်။

တိုက်စစ်မှူးဟာလန်းကတော့ ဇန်နဝါရီဈေးကွက်အတွင်းက ပြောင်းရွှေ့ကြေးပေါင် ၁၈ သန်းနဲ့ ဒေါ့မွန်အသင်းဆီ ရောက်ရှိလာခဲ့တာဖြစ်လို့ ဒေါ့မွန်အသင်းမှာ နောက်ထပ်တစ်ရာသီကြာ ဆက်လက်ကစားဖို့ မျှော်လင့်ထားတာဖြစ်ပါတယ်။

မန်ယူအသင်းဟာ တိုက်စစ်မှူးဟာလန်းကို ဆဲလ်ဘတ်အသင်းမှာ ရှိနေစဉ်ကတည်းက ခေါ်ယူဖို့ စီစဉ်ခဲ့တာဖြစ်ပြီး ဒေါ့မွန်အသင်းရဲ့ နောက်ထပ်တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဂျာဒန်ဆန်ချိုကိုလည်း လာမယ့်နွေရာသီဈေးကွက်အတွင်းမှာ ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

အသက် ၁၉ နှစ်အရွယ်ရှိ တိုက်စစ်မှူးဟာလန်းဟာ ဥရောပထိပ်တန်းကလပ်တွေကို သွင်းဂိုးတွေသွင်းယူပြီး သူ့ရဲ့ခြေစွမ်းကိုလည်း ဒေါ့မွန်အသင်းနဲ့အတူ ပြသနိုင်ခဲ့ပါတယ်။ ဟာလန်းဟာ ဒေါ့မွန်အသင်းနဲ့အတူ ၁၁ ပွဲမှာ ၁၂ ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် အခုနှစ် ဘောလုံးရာသီမှာ ဒေါ့မွန်အသင်းနဲ့ ဆဲလ်ဘတ်အသင်းတို့အတွက် စုစုပေါင်း ၃၃ ပွဲ ပါဝင်ကစားပေးထားကာ သွင်းဂိုး ၄၀ အထိသွင်းယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ ဇန်နဝါရီဈေးကွက်အတွင်းက မခေါ်ယူနိုင်ခဲ့လို့ နွေရာသီဈေးကွက်အတွင်း ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကလည်း အခုနှစ်ဘောလုံးရာသီမှာ တိုက်စစ်ပိုင်းက ဂိုးရဖို့ရုန်းကန်နေရတာကြောင့် ဟာလန်းကို ခေါ်ယူဖို့ပစ်မှတ်ထားတာဖြစ်ပါတယ်။

ဒေါ့မွန်အသင်းကလည်း တိုက်စစ်မှူးဟာလန်းကို အနည်းဆုံး ဘောလုံးရာသီတစ်ရာသီကြာအထိ ဂျာမန်မြေမှာ ဆက်ထားရှိဖို့ စီစဉ်နေပြီး အဓိကဂိုးပေါက်ခြိမ်းခြောက်နိုင်စွမ်းရှိတဲ့ တိုက်စစ်မှူးနှစ်ဦးထဲက ဂျာဒန်ဆန်ချိုကိုတော့ လာမယ့်အပြောင်းအရွှေ့ဈေးကွက်အတွင်းမှာ ဆုံးရှုံးရဖွယ်ရှိနေတာဖြစ်ပါတယ်။

အင်္ဂလန်တောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ ချန်ပီယံလိဂ်မှာ နှစ်ဂိုးသွင်း၊ နှစ်ဂိုးဖန်တီးပေးထာ သလို ဘွန်ဒက်လီဂါမှာလည်း ၂၃ ပွဲမှာ ဂိုးဖန်တီးမှု ၁၆ ကြိမ်နဲ့ သွင်းဂိုး ၁၄ ဂိုးသွင်းယူပေးထားတာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ဂျာဒန်ဆန်ချိုနဲ့ ဟာလန်းတို့ကို ခေါ်ယူနိုင်ခဲ့မယ်ဆိုရင် လက်ရှိအသင်းရဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ ရက်ရှ်ဖို့ဒ်၊ မာရှယ်၊ ဂရင်းဝုဒ်တို့နဲ့အတူ တိုက်စစ်ပိုင်းကို အကောင်းဆုံးပုံဖော်နိုင်မယ်လို့ နည်းပြဆိုးရှားက ယုံကြည်ထားတာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

---

**✻ အမျိုးသမီးမှ**

ပြိုင်ပွဲဝင် ခုနစ်သင်းသာရှိခဲ့သော်လည်း နောက်ပိုင်းတွင် ရှစ်သင်းအထိ တိုးမြင့်လာခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈-၂၀၁၉ ရာသီတွင် အား/ကာသိပ္ပံအသင်း၊ မြဝတီအသင်း၊ သစ္စာအားမာန်အသင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း၊ ဖွဲကပင်အသင်း၊ YREO အသင်း၊ ဂန္ဓမာအသင်းနှင့် တက္ကသိုလ်အသင်း စုစုပေါင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ရာသီနှင့် ၂၀၁၇-၂၀၁၈ ရာသီတွင် မြဝတီအသင်းက ဗိုလ်စွဲခဲ့ပြီး ၂၀၁၈-၂၀၁၉ ရာသီတွင် အားကာသိပ္ပံအသင်း ဗိုလ်စွဲခဲ့သည်။ ပြိုင်ပွဲဝင်အသင်းများတွင် ဝန်ကြီးဌာနများမှ ဖွဲ့စည်းထားသည့် အသင်းများပြားပြီး ပုဂ္ဂလိကအဖြစ် ဖွဲကပင်တစ်သင်းသာ ပါဝင်နေသည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ပထမဆုံးတာဝန်ယူကျင်းပရမည့် မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ပြိုင်ပွဲကျင်းပရန် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများ ရေးဆွဲနေပြီး ပရိုပုံစံဖြင့် ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

သို့သော် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်တွင်းပြိုင်ပွဲများကျင်းပမှုကို ရပ်ဆိုင်းထားရပြီး အမျိုးသမီးလိဂ်ပြိုင်ပွဲ ကျင်းပရန်စီစဉ်ထားမှုကိုလည်း ရပ်ဆိုင်းထားရသည်။ လက်ရှိအနေအထားအရ ယခင်ကျင်းပရန် စီစဉ်ထားသည့် နှစ်လယ်ပိုင်းတွင် ကျင်းပနိုင်ဖွယ်မရှိဘဲ နှစ်ကုန်ပိုင်းမှသာ အစောဆုံး ကျင်းပနိုင်ဖွယ်ရှိနေသည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းများများဖြင့် ကျင်းပနိုင်ရန် ဆောင်ရွက်နေသလို မြန်မာ့အမျိုးသမီးဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် လူငယ်မျိုးဆက်သစ်ကစားသမားများ ထွက်ပေါ်လာရန်အတွက်ပါ ရည်ရွယ်ကျင်းပသွားမည်ဖြစ်သည်။

နောက်ဆုံးကျင်းပသည့် ၂၀၁၈-၂၀၁၉ ရာသီတွင် အသင်းပေါင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အသင်းအချို့ နုတ်ထွက်ရန်ရှိသလို အသင်းသစ်များလည်း ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိသောကြောင့် ပြိုင်ပွဲဝင်မည့်အသင်းများကို ပြန်လည်အတည်ပြုရမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - စိုးညွန့်**

---

**❍ ကျောဖုံးမှ**

ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှ ထုတ်ပေးမည့်ချေးငွေ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်ကို မတ် ၂၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ချေးငွေလျှောက်ထားလွှာများအား သတ်မှတ်ပုံစံဖြင့် မတ် ၃၀ ရက်မှ ဧပြီ ၉ ရက်အတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးများတွင် လက်ခံပေးလျက်ရှိရာမှ ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်၍ အွန်လိုင်းမှတစ်ဆင့် https://umfccicovid19loan.mitcloud.com သို့ ဝင်ရောက်၍ လွယ်ကူလျင်မြန်စွာဖြင့် လျှောက်ထားနိုင်ပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု ကြိုတင်ကာကွယ်ရေးအတွက် လာရောက်လျှောက်ထားသူများ တစ်နေရာတည်းတွင် အများအပြား စုစည်းနေခြင်းမရှိစေရေးအတွက်လည်းကောင်း၊ လျှောက်ထားသူများအနေဖြင့် မိမိနေအိမ်၊ မိမိရုံးခန်းမှ သက်သာစွာဖြင့် လျှောက်ထားနိုင်စေရေးအတွက်လည်းကောင်း ရည်ရွယ်ကာ ချေးငွေလျှောက်ထားလွှာများအား လက်ရှိလက်ခံပေးနေသည့် နေရာများအပြင် Online မှလည်း လက်ခံဆောင်ရွက်ပေးခြင်းဖြစ်သည်။

ထို့အပြင် COVID-19 Fund မှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားခြင်းကို ဧပြီ ၉ ရက်အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးများသို့ လူကိုယ်တိုင်လာရောက်၍ သတ်မှတ်လျှောက်လွှာပုံစံများ ဖြည့်သွင်းလျှောက်ထားခြင်းကိုသော်လည်းကောင်း၊ Online မှတစ်ဆင့် လျှောက်ထားခြင်းကိုသော်လည်းကောင်း နည်းစနစ်နှစ်မျိုးစလုံးဖြင့် လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး Viber၊ Hot Lines၊ Email များဖြစ်သည့် 09-677727403၊ 09-677727404၊ 09-6777727405၊ covid-19@umfcci.com.mm တို့ကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

**ကိုထက်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး လုပ်ရှားမှုမြင်ကွင်း



ဧပြီ ၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ပေါ် မြို့မဈေးရှိ ဈေးဆိုင်ခန်းများတွင် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်း ဆောင်ရွက်စဉ်။ မြင့်သိန်းစိုး(ပြန်/ဆက်)



ဧပြီ ၂ ရက်က မွန်ပြည်နယ် မုဒုံမြို့တွင် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ စနစ်တကျ ဝတ်ဆင်နည်း လက်တွေ့သင်ကြား ပို့ချပေးစဉ်။ အောင်မျိုးသူ(ပြန်/ဆက်)



ဧပြီ ၁ ရက်က ပင်လောင်းမြို့ အဝင်တွင် ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား အပူချိန်တိုင်းတာစစ်ဆေးခြင်း ဆောင်ရွက်စဉ်။ ခွန်အောင်(နောင်တရား)

ဧပြီ ၂ ရက်က ပင်လောင်းမြို့နယ် အမှတ်(၁)အထက၌ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းခံရသည့် ပြည်သူများအတွက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက လက်သန့်ဆေးရည်နှင့် အချိုရည်ဘူးများ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)





ဧပြီ ၁ ရက်က ရမည်းသင်းမြို့နယ်အတွင်းရှိ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းခံရသည့် ပြည်သူများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက အားပေးစကားပြောကြားစဉ်။ ဇော်ဝင်းအောင်(ရမည်းသင်း)



ဧပြီ ၂ ရက်က ကရင်ပြည်နယ် ကျိုက်ဒုံမြို့အဝင်တွင် ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား အပူချိန်တိုင်းတာစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ သန်းထွန်းနိုင်(ပြန်/ဆက်)



ဧပြီ ၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ပြည့်ကုဋေဆောက်လုပ်ရေး ကုမ္ပဏီက ကိုဗစ်-၁၉ ကာလအတွင်း ဆေးရုံအဖြစ် အသုံးပြုနိုင်ရန် လှူဒါန်းထားသည့် ပြည့်သီဟဟိုတယ်ကို တွေ့ရစဉ်။ မိုးသောက်(ရွှေဘို)

ဧပြီ ၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၅ စုံအား အလှူရှင်များက ပေးအပ်လှူဒါန်းစဉ်။ ယမင်း(ရွှေဦးမြေ)



ကြေးမုံ



## ရန်ကုန်-သန်လျင်တံတားနှင့် မြို့မဈေးကြီး ပိတ်မည်ဆိုသည့်သတင်း ကောလာဟလသတင်းသာဖြစ်

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ရန်ကုန်-သန်လျင်တံတားနှင့် မြို့မဈေးကြီးတို့အား ပိတ်မည်ဆိုသည့်သတင်းမှာ ကောလာဟလသတင်းဖြစ်ကြောင်း သန်လျင်မြို့နယ် အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်ထံမှ ဧပြီ ၂ ရက် နံနက်ပိုင်းက သိရသည်။

သန်လျင်မြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများနေအိမ်များ၌သာ နေပေးရန်နှင့် စားသောက်ကုန်များဝယ်ယူရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များက ပူးပေါင်းပြီး အိမ်အရောက် အခမဲ့ပို့ဆောင်စနစ်ဖြင့် ကူညီပေးလျက်ရှိ ကြောင်း သိရသည်။

သန်လျင်မြို့နယ်တွင် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကိုလည်း သတ်မှတ်နေရာများတွင် ၁၄ ရက် စောင့်ကြည့်မှုများအား ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအဖွဲ့များ၊ ရောဂါထိန်းချုပ်ကုသရေး အထောက်အကူပြုကော်မတီများက လိုအပ်သောကုသရေး၊ စားသောက်ရေး၊ နေထိုင်ရေးတို့ကို ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က သန်လျင်မြို့နယ်ရှိ သဘာဝတရားရိပ်သာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ကျန်းမာရေးဌာနနှင့် အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများပါဝင်သော အဖွဲ့များဖွဲ့စည်းကာ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် သန်လျင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများအား ထိရောက်စွာ လက်တွေ့အကောင်အထည်ဖော်ဆောင်နေသော အထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းလုပ်ဆောင်နေပြီး ပြည်သူများကလည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သော ကာကွယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးလုပ်ငန်းများအတွက် အလှူငွေများကိုလည်း ပါဝင်လှူဒါန်းပေးသလို ဌာနဆိုင်ရာ၊ လူမှုရေး အသင်းအဖွဲ့၊ ပရဟိတအဖွဲ့များကလည်း ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အစွမ်းကုန်ကြိုးစားဆောင်ရွက်နေကြောင်း ပြောကြားသည်။

သန်လျင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အတည်ပြုလူနာ ယနေ့အထိမရှိသေးကြောင်းနှင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ပညာပေးရေးလုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ ပူးပေါင်းဆောင် ရွက်နေကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**





## ဟံသာဝတီမြို့ဟောင်း ကျုံးတူးဖော်မှုနှင့် ကျုံးပတ်လမ်းတူးဖော်နေမှု ကြည့်ရှုစစ်ဆေး

**ပဲခူး ဧပြီ ၂**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဧပြီ ၁ ရက် ညနေ ၅ နာရီက ပဲခူးမြို့တွင် ဟံသာဝတီမြို့ဟောင်း ကျုံးတူးဖော်မှုနှင့် ကျုံးပတ်လမ်းအတွင်း/အပြင် တူးဖော်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပဲခူးတိုင်းဒေသကြီးညွှန်ကြားရေးမှူးနှင့် လုပ်ငန်းတာဝန်ယူဆောင်ရွက်နေသည့် Maung San KS Co.,Ltd. မှ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဇော်တို့က ကျုံးတူးဖော်မှုနှင့် ကျုံးပတ်လမ်းအတွင်း/အပြင် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြသသည်။

ဟံသာဝတီမြို့ဟောင်းအနောက်မြောက်ထောင့် မြို့ရိုးတူးဖော်မှုအမှတ် BGO-2 မှ မုတ္တမတံခါး(ကျောက်တွင်းကုန်းလမ်းဆုံ)အထိ ကျုံးအတွင်းရှိ အမှိုက်များ၊ ဒိုက်များအား ဆယ်ယူခြင်း၊ အကျယ် ပေ ၂၁၀၊ အနက် ၁၀ ပေဖြစ်အောင် ကျုံးအား ပြန်လည်တူးဖော်ခြင်းအပြင် အရှည်ပေ ၃၂၅၀ ရှိ ကျုံးအတွင်းပတ်လမ်းနှင့် အပြင်ကျုံးပတ်လမ်းတို့အား မြေသားလမ်းအဖြစ်ဖော်ဆောင်ကာ အတွင်းကျုံးပတ်လမ်းအား ဂဝံလမ်းအဖြစ်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဟံသာဝတီမြို့ရိုးတူးဖော်မှုကုန်းအမှတ်BGO-1(သိန္နီတံခါးပေါက်အနီး)၊ BGO-2 ဟံသာဝတီမြို့ရိုး အနောက်မြောက်ထောင့်၊ BGO-3 လင်းဇင်းတံခါးပေါက်တို့ကို တူးဖော်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့သည့်အပြင် တူးဖော်မှုကုန်းအမှတ် BGO-1 မှ BGO-2 အထိ ကျုံးတူးဖော်ခြင်း၊ ကျုံးအတွင်း/အပြင် ကျုံးပတ်လမ်းအား ဂဝံလမ်းကြမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တူးဖော်မှုကုန်းအမှတ် BGO-1 နှင့် BGO-2 အကြားရှိ မြို့ရိုးအား တူးဖော်ထိန်းသိမ်းခြင်းလုပ်ငန်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှစေလွှတ်သည့် တူးဖော်မှုနှင့် ထိန်းသိမ်းရေးလုပ်ငန်း လက်တွေ့ဆောင်ရွက်ခဲ့ဖူးသော အတွေ့အကြုံရှိသည့် ဝန်ထမ်းများနှင့်အတူ တင်ဒါအောင် Victor Wealth ကုမ္ပဏီတို့မှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဆိုပါ BGO-1 နှင့် BGO-2 အတွင်းရှိ ဟံသာဝတီမြို့ဟောင်းကျုံးကို အဆင့်မြှင့်တင် ထိန်းသိမ်းခြင်း၊ အတွင်း/အပြင်ကျုံးပတ်လမ်းကို Public Area (အများပြည်သူ အပန်းဖြေရန်နေရာ) အပါအဝင် ထိန်းသိမ်းခြင်းလုပ်ငန်းကို Emerald Lake ကုမ္ပဏီမှ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အငြိမ်းစားယူထားကြသည့် အရာရှိကြီးများနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## တောင်ဒဂုံစက်မှုဇုန် (၂) ၌ အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေး



**ရန်ကုန် ဧပြီ ၂**

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် ညီနောင်အသင်းများ ဖြစ်ကြသည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ တောင်ဒဂုံစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီတို့နှင့်ပူးပေါင်း၍ ဧပြီ ၁ ရက် ညနေပိုင်းက တောင်ဒဂုံစက်မှုဇုန်(၂) စီမံခန့်ခွဲရေးရုံးရှေ့၌ အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် တောင်ဒဂုံစက်မှုဇုန်အတွင်းရှိ ပြည်သူများထံသို့ ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးရာတွင် ဆန်ငါးပြည်ပါ အိတ်ရေ ၉၀၀၊ ဆား အထုပ်ရေ ၁၀၀၀၊ ဆီဘူးအကြီး၊ အသေး စုစုပေါင်း ၁၅၀၀ ခန့်တို့ကို ဆန်တစ်ပြည်လျှင် ကျပ် ၁၀၀၀၊ ဆားတစ်ထုပ်လျှင် ကျပ် ၁၀၀၊ ဆီတစ်ဘူးလျှင် အနည်းဆုံး ကျပ် ၁၀၀၀ မှ ငါးပိဿာတစ်ဘူးလျှင် ကျပ် ၁၄၅၀၀ အထိ ရောင်းချပေးခဲ့သည်။

ရောင်းချပေးခဲ့သည့်ဆန်အမျိုးအစားမှာ ရက် ၉၀ ဆန်ဖြစ်ပြီး ဆီအမျိုးအစားများမှာ ရာသက်ပန်နေကြာဆီ၊ စားသုံးဆီ၊ Mitra နေကြာဆီ ၊ Dyanas နေကြာဆီ၊ Goody နေကြာဆီနှင့် Goody ဟင်းသီးဟင်းရွက်ဆီ စသည်တို့ဖြစ်ပြီး ယင်းသို့ ရောင်းချပေးရာတွင် လာရောက်ဝယ်ယူသည့် ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မည့်အန္တရာယ်မှ ကင်းဝေးစေရန်အတွက် တစ်ဦးချင်း ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် သန့်စင်စေခြင်း၊ သုံးပေအကွာမှ တန်းစီဝယ်ယူစေခြင်းတို့ဖြင့် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည်။

လတ်တလော ကိုဗစ်-၁၉ ရောဂါ အရေးကြောင့် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ဆားများ ဈေးကွက်အတွင်း ပြတ်လပ်ခြင်းမရှိစေရန်နှင့် ဈေးနှုန်းကြီးမြင့်ခြင်းမရှိစေရန်အတွက် ညှိနှိုင်းထိန်းသိမ်းရန် ရည်ရွယ်၍ သက်သာသောနှုန်းထားဖြင့် ယခုကဲ့သို့ လိုက်လံရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

**ကိုထက်**

■

## ကလေးမြို့ပေါ်လူစည်ကားရာလမ်းမကြီးများနှင့် အထင်ကရနေရာများအား ပိုးသတ်ဆေးဖျန်း

ကလေး ဧပြီ ၂
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေး အတွက် ကလေးမြို့ပေါ် လူစည်ကားရာလမ်းမကြီးများနှင့် အထင်ကရနေရာများ အား ပိုးသတ်ဆေးဖျန်းခြင်းကို မတ် ၃၁ ရက်က လူအသွားအလာနည်းသော ည ၁၀ နာရီတွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ခရိုင်အဆင့် လုပ်ငန်းဆောင်ရွက်ရေးကော်မတီနှင့် ကလေးခရိုင်စီမံခန့်ခွဲမှု ကော်မတီ၏ဦးဆောင်မှုဖြင့် ကလေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေး ကော်မတီ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်း၍ ကလေးမြို့တွင်း ဗိုလ်ချုပ်လမ်းမကြီး၊ ဘုရင့်နောင်(နတ်ချောင်း)လမ်း၊ မြို့ထွက်ကလေးဝလမ်း၊ ပင်လုံလမ်းမတော်လမ်း၊ မီးခွက်ဈေး၊ လေယာဉ်ကွင်း၊ ပင်မယာဉ်ရပ်နားစခန်း၊ ကားလေးကွင်း၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ မြန်မာစီးပွားရေးဘဏ်၊ နိုင်ငံခြားမှရောက်လာကြသော သံသယရှိသူများအား ၁၄ ရက် စောင့်ကြပ်ကြည့်ရှုရာ သီတဂူအာရောဂျဒါနဆေးရုံတော်ကြီးနှင့် ကျောက်ဂူတောရဘုန်းတော်ကြီးကျောင်း၊ လူစည်ကားရာ ရုံးနေရာများကို မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်ဖြင့် ပိုးသတ်ဆေး လိုက်လံပက်ဖျန်းပေးခဲ့ကြသည်။

ကလေးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ မြို့အဝင်အထွက် အထူးစောင့်ကြပ်စစ်ဆေးခြင်းများကို နေ့ညမပြတ်ဆောင်ရွက် လျက်ရှိပြီး သံသယလူနာများကို ၁၄ ရက် စောင့်ကြည့်ကာ ဧပြီ ၂ ရက် နံနက် ၈ နာရီအထိ ကျန်းမာရေးစစ်ဆေးရန်ရောက်လာသူ အမျိုးသား ၁၄၆ ဦး၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၁၇၄ ဦးတို့ကို Community Base Quarantine အဖြစ် စောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကြီး**

## ညောင်လေးပင်မြို့နယ်အတွင်းရှိ ဘူတာရုံ၊ ဈေး၊ အလုပ်ရုံတို့၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများ စစ်ဆေး



ညောင်လေးပင် ဧပြီ ၂
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မြို့နယ် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ဘူတာရုံ၊ ဈေး၊ အလုပ်ရုံတို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများ ကို ဧပြီ ၁ ရက် နံနက်ပိုင်းက စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ရှေးဦးစွာ မြို့နယ် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှ ကြည်နှင့်အဖွဲ့ဝင်များသည် ညောင်လေး ပင်ဘူတာသို့ သွားရောက်ခဲ့ပြီး ကိုဗစ် -၁၉ ကာကွယ်ရေးဆောင်ရွက် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုက်နာဆောင်ရွက်ရန် အချက်များ ပြောကြားခဲ့သည်။ ထို့နောက် ဈေးအနီး တွင် ရောင်းချနေသော စားသောက်ဆိုင် များနှင့် လက်ဖက်ရည်ဆိုင်များကို ပါဆယ်စနစ်ဖြင့် ရောင်းချမှု ရှိ၊ မရှိ စစ်ဆေးပြီး ခုံများဖြင့် ခင်းကျင်းရောင်း ချနေသောဆိုင်များကို ဆက်လက် ရောင်းချခြင်းမပြုရန်နှင့် ညွှန်ကြား ချက်အတိုင်း တစ်ပြေးညီ ပါဆယ်စနစ် ဖြင့်သာရောင်းချရန် အသိပညာပေး ပြောကြားသည်။

ဆက်လက်၍ ပွန်တန်ဆာမြို့ ဘူတာဝင်းအတွင်း စစ်ဆေးပြီးနောက် ဘူတာအနီးရှိ ရန်ကုန်- မန္တလေး မီးရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း၊ ပဲခူး- ညောင်လေးပင် လမ်းပိုင်းတွင် တာဝန်ယူဆောင်ရွက် နေသည့် ကုမ္ပဏီမှဝန်ထမ်းများ၏ လုပ်ငန်းခွင်၊ အိမ်ရာနေထိုင်မှုတို့တွင် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေး ပြီး လူဦးရေနှင့်ကိုက်ညီအောင် လက်ဆေးဘေစင် များများထားပေး ရန်၊ မကြာခဏ စနစ်တကျ လက်ဆေး ပေးရန်၊ အခန်းလေဝင်လေထွက် ကောင်းပြီး နေရောင်ခြည်ရရန်၊ တစ်ဦး နှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ထားပြီး အလုပ်လုပ်ပေးရန်၊ အမှိုက် များ စနစ်တကျစွန့်ပစ်ရန် စသည့် လိုက်နာရမည့်အချက်များကို တာဝန်ရှိ သူများအား မှာကြားခဲ့သည်။

ညောင်လေးပင်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ သည်။ မတ် ၃၁ ရက် စာရင်းအရ နေရပ် ပြန်လာသူ ၁၂၈၅ ဦးရှိပြီး သက်ဆိုင်ရာ မြို့၊ ကျေးရွာများတွင် စာသင်ကျောင်း များ၌ ၁၄ ရက် စောင့်ကြည့်ရေးစခန်း များ ဖွင့်လှစ်ပြီး သီးသန့်နေရာခွဲကာ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

**သက်လွင် (ညောင်လေးပင်)**

## ကိုဗစ် - ၁၉ ကာကွယ်ရေး အလှူငွေများပေးအပ်

ဂန့်ဂေါ ဧပြီ ၂
ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများစုပေါင်း၍ ယနေ့ ညနေ ၄ နာရီက ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့်ကော်မတီရုံးတွင် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းအောင်၊ ဒုတိယဦးစီးမှူး ဒေါ်နုနုဆွေ တို့က ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့်ကော်မတီဝင် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင် က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လှူဒါန်းပွဲသို့ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိ သူများနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် ကော်မတီဝင်များ တက်ရောက်ကြသည်။ **စိန်ကျော်**






**"အမွေပြတ်စွန့်လွှတ်ခြင်း"**

မောင်ဘုန်းထက်စိုး[၁၂/မရက(နိုင်)၁၂၃၅၇၁]သည် မိဘများ အားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်သည်။ (၎င်းနှင့်ပတ်သက် သည့် ကိစ္စအဝဝအား လုံးဝဖြေရှင်း ပေးမည်မဟုတ်ပါ)

**မိဘများ**
**ဦးစိုးမြင့်**
**[၁၂/မရက(နိုင်)၀၉၀၈၈၅]**
**ဒေါ်မြင့်မြင့်ထွေး**
**[၁၂/မရက(နိုင်)၀၉၀၇၆၄]**

**သွေးသည် အသက်**



# စီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားခြင်းကို အွန်လိုင်းမှ စတင်ဆောင်ရွက်နိုင်ပြီ

**ရန်ကုန် ဧပြီ ၂**

ကိုဗစ်-၁၉ ရောဂါ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားခြင်းကို အွန်လိုင်းမှ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ကုန်သည်/စက်မှုအသင်းချုပ်၏ထုတ်ပြန်ကြေညာချက်အရ သိရသည်။ **စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ○**

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၂**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျ ထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ဧပြီ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့) တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီလ ၁၂ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရှိုးပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီလ ၁၅ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ကြာသပတေးနေ့) တိုင်း ထုတ်ဝေသည့် ရခိုင်ရွှေမြေအချပ်ပိုကို ဧပြီလ ၁၆ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့) တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာအချပ်ပိုကို ဧပြီလ ၁၆ ရက်နေ့တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီလ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**



၂၀၁၈-၂၀၁၉ ဘောလုံးရာသီ အမျိုးသမီးလိဂ် ပွဲစဉ်တစ်ခုအား တွေ့ရစဉ်။

# အမျိုးသမီးလိဂ်ပြိုင်ပွဲကို ယခုနှစ်တွင် ကျင်းပနိုင်ရန် ဆောင်ရွက်နေ

**ရန်ကုန် ဧပြီ ၂**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် အမျိုးသမီးလိဂ်ပြိုင်ပွဲကို ယခုနှစ်တွင် ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ယခင်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးလိဂ်ကော်မတီက တာဝန်ယူကျင်းပခဲ့သော်လည်း ယခုနှစ်မှစတင်ကာ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ပြောင်းလဲ တာဝန်ယူကျင်းပမည်ဖြစ်သည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး သုံးရာသီ ကျင်းပပြီးစီးထားပြီဖြစ်သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမဆုံးကျင်းပ သည့်ရာသီတွင် **စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✻**

# မိုးကောင်းဘူတာ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မိုးကောင်း ဧပြီ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကချင်ပြည်နယ် မိုးညှင်းခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မိုးကောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များနှင့် လက်သန့်ဆေးများဖြန့်ဝေခြင်းကို မိုးကောင်း ဘူတာ၌ ယနေ့နံနက် ၁၀ နာရီတွင် ဆောင်ရွက်သည်။

ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒု-ဦးစီးမှူး ဒေါ်ရင်ငြိမ်းအေးနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သဲယုဇာနှင့် အဖွဲ့ဝင်များက တာဝန်ရှိသူများနှင့်အတူ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး ပိုစတာများ၊ ဗီနိုင်းများကို ပြည်သူများ မြင်နိုင်မည့်နေရာများ၌ကပ်ပြီး ရထား စီးနင်းမည့် ခရီးသည်များ၊ ရထား ဆိုက်ရပ်စဉ် ရထားပေါ်မှ ခရီးသည် များ၊ဈေးဆိုင်များအား အသိပညာပေး လက်ကမ်းစာစောင်နှင့် လက်သန့် ဆေးရည်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဆက်လက်ဆောင်ရွက်**

အလားတူ လွဲလော၊ လွဲဆွန်း၊ မန်ပင်၊ ကြာအင်း-၂ နှင့် ကြာအင်းရွာမ ကျေးရွာများတွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**



## ကြေးမုံ ယနေ့ ဖတ်စရာ


**ကိုရိုနာဗိုင်းရပ်စ်ရောဂါအတွက် အသက်ရှူ အထောက်အကူပြု ကိရိယာများ ထုတ်လုပ်ရန် အမေရိကန်မော်တော်ကား ကုမ္ပဏီများ ကြိုးပမ်း**

စာမျက်နှာ » ၁၁

**ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းဖောက်ဖျက်သူများအား သေနတ်ဖြင့် ပစ်သတ်မည်ဟု သမ္မတ ဒူတာတေး ပြောကြား**

စာမျက်နှာ » ၁၂

**ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ညမထွက်ရအမိန့် ထိုင်းဝန်ကြီးချုပ် ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၁၃


ကြေးမုံ အထူးဂျာနယ်

နိုင်ငံတော်အစိုးရ၏

**ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ**

## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာအချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၃၊ ၂၀၂၀ (သောကြာနေ့)

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များ

ရှင်မင်း၊ ဓာတ်ပုံ - ကေကေ

မြန်မာနိုင်ငံမှ မြို့ပေါင်း ၃၃၀ ကျော်ကို စနစ်ကျသောမြို့ပြ Urban Planning အဖြစ် အကွက်ချတည်ဆောက်ပြီးဖြစ်သည့် မြို့များဖြစ်စေရန်၊ မြန်မာနိုင်ငံရှိ ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန်နှင့် ကီလိုမီတာ ၄၂၀၀၀ ကျော်ရှိ လမ်းများကို ASEAN Class III (၁၈ ပေအကျယ် ကတ္တရာလမ်း/ကွန်ကရစ်လမ်း) အဆင့် အနည်းဆုံး ရောက်ရှိရန်၊ တံတားအားလုံး ၂၄ ပေအကျယ် နှစ်လမ်းသွား RC သံကူကွန်ကရစ်တံတား/ PC ကြိုတင်အားဖြည့် ကွန်ကရစ်တံတား/ သံပေါင်တံတားအဆင့် အနည်းဆုံးရောက်ရှိရန်တို့ကို ၂၀၃၀ ပြည့်နှစ် နောက်ဆုံးထားကာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်သွားမည့် လမ်း၊ တံတားနှင့် မြို့ပြဆိုင်ရာ ရည်မှန်းချက်များဖြစ်သည်။

ထိုသို့ တစ်နိုင်ငံလုံး အတိုင်းအတာအရ လမ်း၊ တံတားနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် စတုတ္ထ (၁)နှစ်တာကာလအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းတို့ကို တွေ့ဆုံမေးမြန်းခဲ့သည် -

**ဦးဟန်ဇော်**
**(ပြည်ထောင်စုဝန်ကြီး၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန)**

**မေး။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့ လုပ်ငန်းဆောင်ရွက်ရာမှာ ချမှတ်ထားတဲ့ မူဝါဒ၊ ရည်မှန်းချက်နဲ့ တာဝန်ဝတ္တရားတွေ၊ မဟာဗျူဟာ၊ နည်းဗျူဟာတွေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ပြည်သူတစ်ရပ်လုံးရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် မြင့်မားလာစေဖို့အတွက် လမ်းတွေ၊ တံတားတွေနဲ့ လူနေထိုင်ဖို့ အဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ တိုင်းဒေသကြီး /ပြည်နယ်တွေအလိုက် လမ်း၊ တံတားနဲ့ မြို့ပြဒေသတွေ အချိုးညီ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ မြန်မာနိုင်ငံရဲ့ GDP တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုတဲ့ သယ်ယူပို့ဆောင်ရေးစရိတ်ကို အနည်းဆုံး လျှော့ချနိုင်ဖို့၊ သွားလာမယ့် အချိန်အတိုဆုံး ဆောင်ရွက်နိုင်ရေးအတွက် လမ်း၊ တံတားတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းနဲ့ အတားအဆီးတွေ ဖယ်ရှားဖို့၊ နိုင်ငံသားတွေအားလုံး လူနေမှုဘဝမြင့်တင်စေမယ့် သင့်လျော်ကောင်းမွန်တဲ့ အိမ်ရာတွေမှာ နေထိုင်နိုင်ဖို့၊ ကျေးလက်လမ်း၊ တံတားတွေ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးဖို့နဲ့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့တို့ ဖြစ်ပါတယ်။

**မေး။ ။ ရည်မှန်းချက်နဲ့ တာဝန်တွေကို ပြောပြပေးပါ။**

ဖြေ။ ။ ရည်မှန်းချက်နဲ့ တာဝန်ဝတ္တရားတွေက ၂၀၃၀ ပြည့်နှစ်မှာ လက်ရှိ ကီလိုမီတာ ၄၂၀၀၀ ကျော်ရှိ လမ်းတွေကို ASEAN Class III (၁၈ ပေအကျယ် ကတ္တရာလမ်း/ကွန်ကရစ်လမ်း)အဆင့် အနည်းဆုံးရောက်ရှိဖို့၊ ၂၀၃၀ ပြည့်နှစ်မှာ တံတားတွေအားလုံး ၂၄ ပေအကျယ် နှစ်လမ်းသွား RC သံကူကွန်ကရစ်တံတား/PC ကြိုတင်အားဖြည့် ကွန်ကရစ်တံတား/သံပေါင်တံတားအဆင့် အနည်းဆုံး ရောက်ရှိဖို့ ဖြစ်ပါတယ်။

၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံက မြို့ပေါင်း ၃၃၀ ကျော်ကို စနစ်ကျသော မြို့ပြ Urban Planning အဖြစ် အကွက်ချတည်ဆောက်ပြီးဖြစ်တဲ့ မြို့တွေဖြစ်ဖို့နဲ့ ဒီမြို့တွေမှာ အစိုးရပိုင်းနဲ့ ပုဂ္ဂလိကပိုင်းဆိုင်ရာတွေက တည်ဆောက်မယ့် အိမ်ခန်းပေါင်းတစ်သန်း တည်ဆောက်ပြီးစီးဖို့၊ ၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရှိ ကျေးရွာတွေအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းနဲ့ နိုင်ငံတွင်းက ကျေးလက်လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေးသွားလာနိုင်တဲ့

အထူးကဏ္ဍ [ ခ] သို့ »»



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်

**၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံက မြို့ပေါင်း ၃၃၀ ကျော်ကို စနစ်ကျသော မြို့ပြ Urban Planning အဖြစ် အကွက်ချတည်ဆောက်ပြီးဖြစ်တဲ့ မြို့တွေ ဖြစ်ဖို့နဲ့ ဒီမြို့တွေမှာ အစိုးရပိုင်းနဲ့ ပုဂ္ဂလိကပိုင်း ဆိုင်ရာတွေက တည်ဆောက်မယ့် အိမ်ခန်းပေါင်း တစ်သန်း တည်ဆောက်ပြီးစီးဖို့ ...**



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် လပွတ္တာ-မြောင်းမြ-အိမ်မဲ လမ်းပေါ်ရှိ ပင်လယ်လေးမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားသည့် လပွတ္တာတံတား(ပင်လယ်လေး) ကိုတွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ကျေးလက်လမ်းတွေအဖြစ် အသုံးပြုနိုင်ဖို့အတွက် နှစ်စဉ်အဆင့်မြှင့်တင် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

အလားတူ ၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံအတွင်းက ကျေးလက်လမ်း စုစုပေါင်းမိုင် ၅၅၀၀၀ ကျော်ရှိတဲ့အနက် Class A အဆင့်ရှိ လမ်းမိုင် ၂၅၆၀၀ ကျော်ကို ၁၂ ပေအကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း၊ Class B အဆင့်ရှိ လမ်းမိုင် ၁၇၀၀၀ ကျော်ကို ၁၂ ပေအကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်လမ်း၊ Class C အဆင့်ရှိ လမ်းမိုင် ၁၂၄၀၀ ကျော်ကို ၁၂ ပေအကျယ် ကျောက်လမ်း သို့မဟုတ် အမာခံလမ်းအဖြစ် ဆောင်ရွက်သွားဖို့ ပါဝင်ပါတယ်။

**မေး။ ။ မဟာဗျူဟာ၊ နည်းဗျူဟာတွေကို ဘယ်လိုထားရှိပြီး လုပ်ငန်းဆောင်ရွက်တယ်ဆိုတာလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ နိုင်ငံတော်ရန်ပုံငွေ (Government Budget)နဲ့ အကောင်အထည်ဖော် ဆောင်ရွက်တာ၊ လုပ်ငန်းတွေအနက် ဖြစ်နိုင်ခြေရှိတဲ့ လုပ်ငန်းတချို့ကို Public Private Partnership(PPP) စနစ်နဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်တာ၊ နိုင်ငံတကာအကူအညီ Development Partner တွေဖြစ်တဲ့ JICA၊ ADB၊ WB၊ KOICA နဲ့ TICA စတဲ့ အဖွဲ့အစည်းတွေနဲ့ အလှူရှင်တွေရဲ့ ကူညီထောက်ပံ့ငွေ (Grant)/ ချေးငွေ(Loan) တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**မေး။ ။ ဥပဒေစည်းမျဉ်းတွေ ရေးဆွဲဆောင်ရွက်လျက်ရှိတဲ့ အခြေအနေတွေကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းတွေ(Myanmar National Building Code–MNBC)ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး UN – Habitat နဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့ ပူးပေါင်းဆောင်ရွက်သလို ဆက်နွယ်ဝန်ကြီးဌာနတွေနဲ့ အစိုးရအဖွဲ့အစည်းတွေရဲ့ ပံ့ပိုးကူညီမှုနဲ့ ၂၀၁၆ ခုနှစ်မှာ အင်္ဂလိပ်ဘာသာနဲ့ ပြုစုနိုင်ခဲ့ပြီး ရုံးသုံးစာ(မြန်မာစာ)အဖြစ် ဘာသာပြန်ဆိုခြင်းကို ၂၀၂၀ ပြည့်နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါတယ်။

အဆောက်အအုံ ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(Building Construction Industry Development Law) (BCID Law)(မူကြမ်း)ကို ၂၀၁၈ ခုနှစ်မှာ စတင်ရေးသားပြုစုခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတွေကို သဘောထားမှတ်ချက် တောင်းခံဆောင်ရွက်ခဲ့ရာမှာ အပြီးသတ်မှတ်ချက်ကို ရရှိထားပြီးဖြစ်ပါတယ်။

ဥပဒေပိုင်းအနေနဲ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်မှာ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေ၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၇ ရက်မှာ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေနဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်မှာ ထပ်မံပြင်ဆင်တဲ့ နည်းဥပဒေတွေကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။ အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း)နဲ့ အမျိုးသားအဆင့် မြို့ပြစီမံကိန်း ဥပဒေ(မူကြမ်း)တွေကို အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

အဓိက စီမံကိန်းကြီးတွေဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှာ New Mandalay Resort City စီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှာ Eco Green City စီမံကိန်းနဲ့ Korea–Myanmar Industrial Complex (KMIC) စီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်မှာ Smart District နဲ့ ရေဝေးဇုန်နှင့် ရတနာ တန်ဖိုးမျှတအိမ်ရာ စီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)မြို့နယ်မှာ Yangon Amata Smart and Eco City စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ နောက်ပိုင်းမှာလုပ်ငန်းတွေကို ကိုယ်တိုင်မဆောင်ရွက်တော့ဘဲ(Regulatory Body) ထိန်းသိမ်းကွပ်ကဲသောအဖွဲ့ ဖွဲ့စည်းပြီး လိုအပ်တဲ့ စည်းမျဉ်း/စည်းကမ်းတွေနဲ့အညီ နည်းပညာပိုင်းနဲ့ အရည်အသွေးပိုင်းတွေ မှန်ကန်ပြည့်မီဖို့ ကြပ်မတ်ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိပြီး အဂတိကင်းရှင်းစွာနဲ့ လုပ်ငန်းတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆောက်လုပ်ရေး လုပ်ငန်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေက တာဝန်ယူဆောင်ရွက်သွားဖို့ စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ အစိုးရရဲ့ စတုတ္ထ (၁)နှစ်တာကာလအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုတွေကို ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာကျော်လင်း**
**(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း

**မေး။ ။ ဆောက်လုပ်ရေး ဝန်ကြီးဌာနကနေ စတုတ္ထ (၁)နှစ်တာအတွင်း ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေနဲ့ ဆောင်ရွက်ဆဲလုပ်ငန်းတွေကို အရင်ဆုံးသိပါရစေရှင့်။**

ဖြေ။ ။ ပထမဦးစွာ ကျွန်တော်တို့ဝန်ကြီးဌာနက အဆောက်အဦ ဦးစီးဌာနရဲ့ လုပ်ငန်းတွေကို ပြောပြချင်ပါတယ်။ အဆောက်အဦ ဦးစီးဌာနရဲ့ လုပ်ငန်းတာဝန်တွေက မြန်မာတစ်နိုင်ငံလုံးမှာ ဆောင်ရွက်နေတဲ့ အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အားလုံး စံချိန်စံညွှန်းပြည့်မီရေး၊ အရည်အသွေးကောင်းမွန်ရေးနဲ့ အချိန်မီပြီးစီးရေးတို့နဲ့ပတ်သက်ပြီး လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ညွှန်ကြားချက်တွေ ထုတ်ပြန်ဖို့ အဆောက်အဦ ဦးစီးဌာနရဲ့ လုပ်ငန်းတာဝန်တွေ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး အဆောက်အဦ ဦးစီးဌာနအနေနဲ့ တစ်နိုင်ငံလုံး အတိုင်းအတာအရ စံချိန်စံညွှန်းတွေ တစ်ပြေးညီဖြစ်ဖို့၊ လက်ရာလက်သားတွေနဲ့ အရည်အသွေးတွေ ကောင်းမွန်ဖို့အတွက် အဆောက်အအုံ ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (Building Construction Industry Development Law) (BCID–Law) ကို ရေးဆွဲတင်ပြထားပါတယ်။ ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုပြီးရင် BCID–Law ဟာ တစ်နိုင်ငံလုံး အတိုင်းအတာအရ လွှမ်းခြုံပြီး စံချိန်စံညွှန်းတွေကို တစ်ပြေးညီထုတ်ပြန်သွားဖို့ ရှိပါတယ်။

ဒီနေရာမှာ BCID–Law ကို အတည်ပြုပြီးတဲ့အချိန်မှာ လက်ကိုင်ပြုရမယ့် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းတွေ Myanmar National Building Code (MNBC) ကို UN–Habitat အကူအညီနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့ ပူးပေါင်းရေးဆွဲတာ အင်္ဂလိပ်ဘာသာနဲ့ ပြုစုတာပြီးနေပါပြီ။ မြန်မာဘာသာပြန်နေတာလည်း ၉၅ ရာခိုင်နှုန်းလောက် ပြီးနေပြီဖြစ်တဲ့အတွက် မကြာခင်မှာ ကျွန်တော်တို့ တစ်နိုင်ငံလုံးကို ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။

ဒါ့ပြင် ကျွန်တော်တို့ BCID–Law ထွက်လာပြီးရင် ဆောက်လုပ်ရေးလုပ်ငန်းတွေ လက်ကိုင်ထားရမယ့် ဆောက်လုပ်ရေး၊ မီးသတ်၊ ဘေးကင်းလုံခြုံရေးတွေနဲ့ ပတ်သက်တဲ့ Manual တွေရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ကိုရီးယားနိုင်ငံ KOICA ရဲ့ အကူအညီနဲ့ ရေးဆွဲပြီး ဖြစ်ပါတယ်။ BCID–Law ထွက်လာပြီးရင် ညွှန်ကြားချက်တွေထုတ်ပြန်ဖို့ အတွဲလိုက်ပြုစုထားပြီး ဖြစ်ပါတယ်။



ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တည်ဆောက်သည့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးကို တွေ့ရစဉ်။

**မေး။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ISO ဓာတ်ခွဲခန်းက ဘယ်လိုအပိုင်းကို စစ်ဆေးပေးတယ်ဆိုတာလည်း သိပါရစေရှင့်။**

ဖြေ။ ။ အဆောက်အဦဦးစီးဌာနမှာ ဓာတ်ခွဲခန်းရှိပါတယ်။ ဒီဓာတ်ခွဲခန်းမှာ အဆောက်အဦ အရည်အသွေးစစ်ဆေးခြင်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ အခုဆိုရင် ဓာတ်ခွဲခန်းကလည်း ISO/ IEC 17025 : 2017 ရရှိပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ISO က 9001 Quality Management System နဲ့ ပတ်သက်ပြီး ရတာများပါတယ်။ အခု အဆောက်အဦ အရည်အသွေး စစ်ဆေးတာနဲ့ ပတ်သက်ပြီး ISO/ IEC 17025:2017 က ပထမဦးဆုံးရတာ ဖြစ်ပါတယ်။

တစ်နိုင်ငံလုံး အတိုင်းအတာအရ ရေရှည်မှာ အဆောက်အဦတွေ အရည်အသွေး တစ်ပြေးညီဖြစ်ဖို့၊ အရည်အသွေးကောင်းမွန်ဖို့နဲ့

အထူးကဏ္ဍ [ ဂ ] သို့ »»»



ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်နှင့် ဒလမြို့နယ်တို့ကို ရန်ကုန်မြစ်အား ဖြတ်သန်း၍ ဆက်သွယ်တည်ဆောက်နေသော မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

အချိန်မီပြီးစီးဖို့ လမ်းညွှန်ချက်တွေကို ဆက်လက်ထုတ်ပြန်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ လမ်းဦးစီးဌာနနဲ့ တံတားဦးစီးဌာနရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်းမှာ ဆောင်ရွက်ခဲ့တာတွေကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ စတုတ္ထ (၁)နှစ်တာကာလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ လမ်းလုပ်ငန်းတွေနဲ့ ပြီးခဲ့တဲ့ သုံးနှစ်တာကာလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ လမ်းလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ပြောတဲ့အခါ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ပြောချင်ပါတယ်။

ပထမဦးဆုံး ကချင်ပြည်နယ်မှာ လမ်းမိုင်ပေါင်း ၂၀၀၀ ကျော်ရှိပါတယ်။ ဒီ ၂၀၀၀ ကျော်အနက် ကတ္တရာလမ်း/ကွန်ကရစ်လမ်း မဟုတ်တာက ၂၆ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ကျန်တဲ့ ၇၄ ရာခိုင်နှုန်းက ကတ္တရာလမ်း/ကွန်ကရစ်လမ်းနဲ့ ရာသီမရွေးသွားလာလို့ရတဲ့ လမ်းတွေဖြစ်ပါတယ်။

ထူးခြားချက်အနေနဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ် - ပူတာအိုလမ်းဆိုရင် မိုင်ပေါင်း ၂၂၀ ရှိပါတယ်။ အရင်တုန်းက ကမ္ဘာကျော်ဗွက်တန်းလမ်းဆိုပြီး သုံးညအိပ်၊ လေးညအိပ် သွားခဲ့ရတဲ့ ခရီးလမ်းတွေ ဖြစ်ပါတယ်။ မိုးရာသီဆိုရင် လမ်းပြတ်တောက်သွားပါတယ်။ ဒီလိုဆိုးရွားတဲ့ အခြေအနေက သုံးနှစ်တာကာလအတွင်းမှာ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်ပြီးစီးလို့ လာမယ့်မေလမှာ ဆောင်ရွက်ပြီးစီးမှု အထိမ်းအမှတ်ဖွင့်ပွဲကို ဆောင်ရွက်သွားဖို့ စီစဉ်လျက်ရှိပါတယ်။ အခုလို လမ်းကောင်းမွန်သွားပြီဖြစ်တဲ့အတွက် မြစ်ကြီးနားကနေ မနက် ၆ နာရီသွားရင် ပူတာအိုကို ညနေ ၆ နာရီဆို ရောက်ပါတယ်။ နေ့ချင်းရောက်သွားလာနိုင်နေပါပြီ။ ပူတာအိုကနေ အထက်ဆက်သွားရင် ခါကာဘိုရာဇီတောင်ခြေမှာ ပန်နန်းဒင်မြို့၊ ဒီကနေဆက်သွားရင် နောင်မွန်မြို့၊ ဒီမြို့တွေကို အရင်က လေးညအိပ်လောက် သွားရပါတယ်။ ခြေကျင်ခရီးပဲရှိတဲ့ နေရာတွေဖြစ်ပါတယ်။ အခုဆိုရင် ကားလမ်းပေါက်သွားပြီး ဒီလမ်းပေါ်က တံတားတွေ တည်ဆောက်ပြီးဖြစ်တဲ့အတွက် အခုဆိုရင် ပူတာအိုကနေ ပန်နန်းဒင်နဲ့ နောင်မွန်မြို့တွေကို နေ့ချင်းပြန်သွားလို့ ရပါပြီ။

မြစ်ကြီးနား-ဗန်းမော်လမ်းဆိုရင် အရင်က လမ်း၊ တံတားတွေမကောင်းတော့ တစ်နေ့ကုန်သွားရတဲ့ ခရီးလမ်းတွေ ဖြစ်ပါတယ်။ အခုဆိုရင် မြစ်ကြီးနားကနေ ဗန်းမော်ကို နှစ်နာရီနဲ့သွားနိုင်ဖို့ ရည်ရွယ်ပြီး ကတ္တရာလမ်း/ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ရွှေဘို-မြစ်ကြီးနား လမ်းပိုင်းတစ်ခုလုံးကို ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းပြီး ဒီလမ်းပိုင်းပေါ်က တံတားတွေကို ကွန်ကရစ်တံတားတွေအဖြစ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ကယားပြည်နယ်မှာ စုစုပေါင်း လမ်းမိုင် ၅၀၀ ကျော်ရှိတဲ့အနက် လမ်းရဲ့ ၈၀ ရာခိုင်နှုန်းအထိကို ကတ္တရာလမ်း/ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျန် ၂၀ ရာခိုင်နှုန်းကို ကတ္တရာလမ်း/ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ဖို့ ကျန်ပါတယ်။ ရာသီမရွေး လမ်းအဖြစ်က ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကယားပြည်နယ်က ကန္တာရဝတီတံတားဖွင့်ပွဲကို စတုတ္ထ(၁)နှစ်တာကာလအတွင်းမှာ ကျင်းပခဲ့ပါတယ်။ ကယားပြည်နယ်မှာ သုံးနှစ်တာကာလအတွင်း လိုအပ်နေတဲ့ လမ်း၊ တံတားတွေကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကရင်ပြည်နယ်မှာရှိတဲ့ လမ်းမိုင်ပေါင်း ၈၀၀ ကျော်အနက် ၂၀ ရာခိုင်နှုန်းကို ကတ္တရာလမ်း/ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ဖို့ ကျန်ပါတယ်။ လမ်းရဲ့ ၈၀ ရာခိုင်နှုန်းအထိကို ကတ္တရာလမ်း/ ကွန်ကရစ်လမ်းနဲ့ ရာသီမရွေး သွားလာလို့ရတဲ့ လမ်းတွေအဖြစ် အဆင့်မြှင့်တင်ပြီး ဖြစ်ပါတယ်။ ကရင်ပြည်နယ်မှာ



အဆောက်အဦဦးစီးဌာနမှ အဆောက်အဦအရည်အသွေး စစ်ဆေးခြင်း ဓာတ်ခွဲခန်းကို တွေ့ရစဉ်။

ထူးခြားတာက ထိုင်းနိုင်ငံနဲ့ အဓိကကုန်သွယ်တဲ့ ပြည်နယ်တစ်ခုဖြစ်တဲ့အတွက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး တိုးတက်မှုဟာ မြန်မာနိုင်ငံရဲ့ကုန်သွယ်စီးပွားတိုးတက်ဖို့နဲ့ ဆက်နွှယ်နေပါတယ်။ ဒါကြောင့် ကရင်ပြည်နယ် မြဝတီမြို့မှာ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီတံတားနဲ့ ဆက်စပ်နေတဲ့ အိန္ဒူ-ကော့ကရိတ်လမ်းပိုင်းရှိပါတယ်။ အိန္ဒူ-ကော့ကရိတ်လမ်းပိုင်းကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ရဲ့ ချေးငွေဒေါ်လာသန်း ၁၂၀ နဲ့ အဆင့်မြှင့်တင် ဆောင်ရွက်နေပါတယ်။ လာမယ့်ပွင့်လင်းရာသီမှာ ပြီးစီးအောင် တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒီလမ်းပိုင်းပြီးသွားရင် ဘားအံကနေ မြဝတီအထိ လမ်းပန်းဆက်သွယ်ရေးဟာ တိုးတက်ဖွံ့ဖြိုးလာတော့မှာ ဖြစ်ပါတယ်။ ဒါ့ပြင် ဒီလမ်းပေါ်မှာ ကော့ကရိတ်တံတား ရှိပါတယ်။ ဒီကော့ကရိတ်တံတားကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) အကူအညီနဲ့ အရင်ကြိုးတံတားအဖြစ်ကနေ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

ချင်းပြည်နယ်မှာ လမ်းမိုင်ပေါင်း ၁၃၀၀ ကျော်ရှိတဲ့အနက် ကတ္တရာလမ်း/ကွန်ကရစ်လမ်း မဟုတ်တာ ၁၆ ရာခိုင်နှုန်းပဲ ရှိပါတော့တယ်။ လေးနှစ်တာကာလအတွင်း ၈၄ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ချင်းပြည်နယ်နဲ့ပတ်သက်ပြီး အစိုးရတက်လာကတည်းက ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖို့ အလေးပေးမှာကြားထားတာ ရှိပါတယ်။ ဒါကြောင့် ဒီပြည်နယ် နှစ်ခုရဲ့ လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေး(၁) အနေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ချင်းပြည်နယ်ရဲ့ မြောက်ဘက်အစွန် ကျီခါးနဲ့ တွန်းဇံမြို့ကို သွားမယ်ဆိုရင် လမ်းမှာ နှစ်ညအိပ်၊ သုံးညအိပ် သွားရပါတယ်။ တောင်ဘက်အစွန်ဖြစ်တဲ့ ပလက်ဝမြို့ကို သွားမယ်ဆိုရင် အချိန်တော်တော်ယူရပါတယ်။ ဒီလိုအခြေအနေကနေ အခုလေးနှစ်တာကာလအတွင်းမှာ မြောက်ဘက်အစွန်ဆုံး ကျီခါးကနေ တောင်ဘက်အစွန်ဆုံး တွန်းဇံမြို့အထိ ကားလမ်းပေါက်အောင် ဖောက်လုပ်နိုင်ခဲ့ပါတယ်။

**ချင်းပြည်နယ်မှာ လေယာဉ်ကွင်း တည်ဆောက်နေတဲ့ ဖလမ်းမြို့ကို ဗဟိုပြုပြီး ဖလမ်း-ဟားခါးလမ်း၊ ဖလမ်း-ရိဒ်၊ ဖလမ်း-တီးတိန်စတဲ့ လမ်းပိုင်းတွေကို ကတ္တရာလမ်း / ကွန်ကရစ်လမ်းဖြစ်အောင် လေးနှစ်တာကာလအတွင်း ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ အခု ကလေး-ဖလမ်း-ဟားခါးလမ်း ၁၂၄ မိုင်ကို ကမ္ဘာ့ဘဏ်(World Bank)ချေးငွေနဲ့ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိ**

ချင်းပြည်နယ်မှာ လေယာဉ်ကွင်း တည်ဆောက်နေတဲ့ ဖလမ်းမြို့ကို ဗဟိုပြုပြီး ဖလမ်း-ဟားခါးလမ်း၊ ဖလမ်း-ရိဒ်၊ ဖလမ်း-တီးတိန်စတဲ့ လမ်းပိုင်းတွေကို ကတ္တရာလမ်း/ကွန်ကရစ်လမ်းဖြစ်အောင် လေးနှစ်တာကာလအတွင်း ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ အခု ကလေး-ဖလမ်း-ဟားခါးလမ်း ၁၂၄ မိုင်ကို ကမ္ဘာ့ဘဏ်(World Bank)ချေးငွေနဲ့ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်။ အခုဆိုရင် ဖြစ်နိုင်စွမ်း တိုင်းတာမှုတွေကို ဆောင်ရွက်နေပါပြီ။ မကြာခင် အဆင့်မြှင့်တင်သွားတော့မှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးမှာ လမ်းမိုင် ၂၈၀၀ ကျော်အနက် ၉၅ ရာခိုင်နှုန်းကို ရာသီမရွေးလမ်းတွေအဖြစ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အထူးပြောချင်တာက လဟယ်မြို့ကို အရင်က သွားဖို့ခက်ခဲပါတယ်။ အခုဆိုရင် လဟယ်နဲ့ ခန္တီးက သုံးနာရီခွဲနဲ့ ခရီးပေါက်အောင် ကားလမ်းဆောင်ရွက်ပြီးပါပြီ။ လဟယ်ဆိုတာ ဝေးလံတဲ့ဒေသတစ်ခု မဟုတ်ပါဘူး။ ပြီးတော့ လေရှီးကိုသွားတဲ့ ၄၂ မိုင်ခရီးကိုလည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး ဖြစ်ပါတယ်။ နန်းယွန်းမြို့ကို အရင်က ကချင်ပြည်နယ်ကနေ သွားရတာဖြစ်ပါတယ်။ အခု လေးနှစ်တာကာလအတွင်းမှာ နန်းယွန်းကို ကားလမ်းဖောက်လုပ်ပြီးသွားပါပြီ။ နွေရာသီဆိုရင် လဟယ်နဲ့ နန်းယွန်းက နေ့ချင်းပြန် သွားလို့ရပါတယ်။ မိုးရာသီမှာ တစ်ဆင့်နားပြီး သွားရတဲ့ အနေအထားပါ။ စစ်ကိုင်းတိုင်းဒေသကြီးထဲက တခြားနေရာတွေမှာ လမ်းပန်းဆက်သွယ်ရေးကောင်းဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ရေဦးမြို့ ဒေသခံတွေ လိုလားနေတဲ့ မူးမြစ်ကူးတံတား(ရေဦး)ကိုလည်း တည်ဆောက်နေပါပြီ။

တနင်္သာရီတိုင်းဒေသကြီးမှာ လမ်းမိုင်ပေါင်း ၁၇၀၉ မိုင်ရှိတဲ့အနက် ကတ္တရာလမ်း/ကွန်ကရစ်လမ်း မဟုတ်တဲ့ လမ်းက ၁၆ ရာခိုင်နှုန်းပဲ ရှိပါတော့တယ်။ အရင်က ထားဝယ်-

အထူးကဏ္ဍ [ ဃ ] သို့ »»»



ချင်းပြည်နယ် ပလက်ဝမြို့နယ် ပလက်ဝ-မတူပီ လမ်းပေါ်ရှိ ကုလားတန်မြစ်ကူးတံတား(ပလက်ဝ)တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။



ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တည်ဆောက်သည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

ကော့သောင်းကို နှစ်ညအိပ်သွားရပေမယ့် အခုနေ့ချင်းပေါက် ခရီးရောက်နေပါပြီ။ လမ်းရဲ့ တချို့နေရာတွေမှာ AC လမ်းအဆင့်အထိ မြှင့်တင်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်နေတဲ့ ၁၆ ရာခိုင်နှုန်းက အဓိကလမ်းပိုင်းကနေ ထိုင်းနိုင်ငံကို ဆက်သွယ်တဲ့ လမ်းတိုလေးတွေ ကျန်နေခဲ့တာပါ။ ဒါကိုလည်း ဆက်ပြီး အဆင့်မြှင့်တင်သွားမှာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ ဆောက်လုပ်နေတဲ့ တံတား သုံးစင်းရှိပါတယ်။ သမုတ်လွတ်လွတ်၊ ပုလုံးတုံးတုံးနဲ့ တနင်္သာရီတံတားတို့ ဖြစ်ပါတယ်။ ဒီတံတား သုံးစင်းလုံးကို ၂၀၂၀ ပြည့်နှစ်အတွင်းမှာ အပြီးတည်ဆောက်သွားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွက် လိုအပ်နေတဲ့ တံတားတွေအားလုံး တည်ဆောက်ပြီး ဖြစ်သွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအနေနဲ့ လမ်းမိုင်ပေါင်း ၁၃၄၂ မိုင်အနက်မှ ၅ ရာခိုင်နှုန်းပဲ ကတ္တရာလမ်း/ကွန်ကရစ်လမ်းမဟုတ်တဲ့ လမ်းတွေ ဖြစ်ပါတယ်။ ကျန်တာတွေက ကတ္တရာလမ်း/ကွန်ကရစ်လမ်းတွေ ဖြစ်ပါတယ်။ အမာခံလမ်းတွေအဖြစ် ဖောက်လုပ်ပြီးသားဖြစ်ပါတယ်။ အဓိက ပဲခူးတိုင်းဒေသကြီးမှာ ဆောင်ရွက်နေတာက ပဲခူးအနောက်ခြမ်း ပြည်နဲ့ အရှေ့ခြမ်း တောင်ငူကို ဆက်သွယ်တဲ့ ရိုးမဖြတ်လမ်းကို ဖောက်လုပ်နေပါပြီ။ ရိုးမဖြတ်လမ်း ၇ လမ်း ရှိပါတယ်။ ဒါကြောင့် ရိုးမဖြတ်လမ်းတွေ တိုးတက်ဖို့ အဲဒီလမ်းပေါ်က တံတားတွေ RC ဖြစ်ဖို့လည်း ဆောင်ရွက်နေတာရှိပါတယ်။

မကွေးတိုင်းဒေသကြီးမှာ လမ်းမိုင် ၂၀၀၀ ကျော်ရှိတဲ့အနက် ၉၉ ရာခိုင်နှုန်းအထိ ရာသီမရွေးလမ်း၊ ကတ္တရာလမ်းတွေအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပါပြီ။ မြေသားလမ်းအဖြစ်နဲ့က ၁ ရာခိုင်နှုန်းလောက်ပဲ ကျန်ခဲ့တာပါ။ ဒါကို ရာသီမရွေးလမ်းအဖြစ် အဆင့်မြှင့်တင်သွားမှာ ဖြစ်ပါတယ်။ ဒီလမ်းနဲ့အတူ လိုအပ်နေတဲ့ မုန်းချောင်းတံတားကိုလည်း RC အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သရက်-အောင်လံ ဧရာဝတီမြစ်ကူး တံတားကို မကွေးတိုင်းဒေသကြီးမှာ စတင်တည်ဆောက်နေပါပြီ။

မန္တလေးတိုင်းဒေသကြီးမှာ ၃ ရာခိုင်နှုန်းလောက် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖို့ ကျန်နေပါတယ်။ ဒီနှစ်ထဲမှာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးက တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှု အချက်အချာကျတဲ့အတွက်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ကောင်းဖို့ကိုလည်း အဓိကထား ဆောင်ရွက်နေပါတယ်။ မွန်ပြည်နယ်ကလည်း ထိုင်းနိုင်ငံနဲ့ ဆက်စပ်နေတဲ့အတွက် ပြည်နယ်လမ်းတွေ ကောင်းမွန်အောင် ဆောင်ရွက်နေသလို ပြည်နယ်တံတားတွေဖြစ်တဲ့ အတ္တရံတံတားနဲ့ ဇာသပြင်တံတားတွေကို အဆင့်မြှင့်တင် ဆောင်ရွက်နေပါတယ်။

**မေး။ ။ နိုင်ငံတော်အကြီးအကဲတွေ မှာကြားထားတဲ့ ဦးစားပေးပြည်နယ်ဖြစ်တဲ့ ရခိုင်ပြည်နယ်မှာ ဆောင်ရွက်နေတာတွေကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ ရခိုင်ပြည်နယ်ဆိုရင် ဦးစားပေး ဆောင်ရွက်ဖို့ မှာကြားထားတဲ့ ပြည်နယ်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ဝင်ပေါက်လမ်းမကြီးတွေရှိပါတယ်။ အရင်က ရန်ကုန်ကနေ ငပလီကို ၁၂ နာရီလောက် သွားရပါတယ်။ အခုလေးနှစ်တာအတွင်းမှာ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၈ နာရီနဲ့ ငပလီကိုရောက်တဲ့ အနေအထားဖြစ်နေပါပြီ။ မင်းဘူးကနေ အမ်းကို အရင်က ၁၈ နာရီလောက်သွားရပေမယ့် အခုဆိုရင် ၁၀ နာရီလောက်နဲ့ ကားလမ်းကနေ သွားလာနိုင်နေပါပြီ။ ဒီလမ်းပေါ်မှာရှိတဲ့ တံတားတွေ အားလုံးကိုလည်း RC အဆင့်မြှင့်တင်လျက်ရှိပါတယ်။ အငူမော်ကနေ မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောအထိ လမ်းအားလုံးကို ကွန်ကရစ်လမ်းအဖြစ် UEHRD အစီအစဉ်နဲ့ အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ မေယုတောင်ကျော်လမ်း လေးလမ်းကိုလည်း လေးနှစ်အတွင်း လမ်းပေါက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

**မေး။ ။ ကျန်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက စတုတ္ထ (၁)နှစ်တာအတွင်း ဆောင်ရွက်ခဲ့တာတွေကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ ကျန်တဲ့ ရှမ်း၊ ရန်ကုန်နဲ့ ဧရာဝတီတို့က လမ်းတံတားတွေ ဖွံ့ဖြိုးတိုးတက်အောင် ပြီးခဲ့တဲ့လေးနှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးမှာ ပုသိမ်တံတားကို လာမယ့်ဇွန်လမှာ ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်နေပါတယ်။ မြောင်းမြတံတားသစ်နဲ့ လပွတ္တာတံတားတို့ကို ဖွင့်လှစ်ပြီးပါပြီ။ ရွှေလောင်းကြိုးတံတားကို RC တံတားအဖြစ် အဆင့်မြှင့်တင်နေပါပြီ။ ဝါးခယ်မတံတားကို ဖွင့်လှစ်နိုင်ဖို့ စီစဉ်နေပြီး စော်ကဲတံတားနဲ့ ကျွန်းပြသာဒ်တံတားတွေ ဆက်လက်ပြီး ဖွင့်လှစ်သွားဖို့ရှိပါတယ်။ ဒါက လမ်း၊ တံတားတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်ချက်တွေပါ။ လမ်း၊ တံတား နဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ကာလအတွင်းမှာ ထူးထူးခြားခြား တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ ။ ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနဲ့ ပတ်သက်ပြီး ဆောင်ရွက်ခဲ့တာရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ။ ။ ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်မှာ ယာဉ်မတော်တဆမှုတွေ ဖြစ်ပွားတာ ရှိပါတယ်။ ဒီလိုဖြစ်ပွားတာတွေအတွက် လမ်းနဲ့ပတ်သက်ပြီး ပြည်သူတွေကြားမှာ သတင်းဖြစ်ပေါ်ခဲ့တာလည်း ရှိပါတယ်။ ၂၀၁၆ ခုနှစ်အထိ လမ်းအသုံးပြုတဲ့ ယာဉ်အစီးရေ ၃၀၀၀ ကျော်လောက်ရှိပြီး တစ်နှစ်လုံးမှာ ယာဉ်မတော်တဆမှု ၇၀၀ ကျော် ဖြစ်ပွားခဲ့ပါတယ်။ လူသေဆုံးမှု ၁၇၀ ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်တွေအတွင်းမှာ အဆင့်မြှင့်တင်ခဲ့တာ ရှိပါတယ်။ လမ်းလယ်ကျွန်းတွေကို အမြင့်ကနေ နိမ့်အောင် ဆောင်ရွက်လိုက်တဲ့အတွက် လမ်းလယ်ကျွန်းကို ပွတ်ပြီးဖြစ်တဲ့ ယာဉ်တိမ်းမှောက်မှုတွေ အများကြီးလျော့သွားပါတယ်။

အခု ကတ္တရာလမ်းကနေ AC ခင်းတဲ့ လမ်းတွေ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်အတွင်းမှာ ယာဉ်အစီးရေ ၅၀၀၀ လောက် ဖြတ်သန်းသွားလာခဲ့ရာမှာ ယာဉ်မတော်တဆမှု ၅၀၀ ခန့် ဖြစ်ပွားခဲ့ပါတယ်။ ယာဉ်စီးရေတိုးလာပေမယ့် ယာဉ်တိုက်မှုက ၇၀၀ ကနေ ၅၀၀ ကို လျော့ကျသွားသလို ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုက ၁၀၈ ယောက်အထိ လျော့ကျသွားပါတယ်။ ဆက်လက်ပြီး အမြန်လမ်းအဆင့်မြှင့်တင်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဝန်ကြီးဌာနရဲ့ ဦးစီးဌာနတစ်ခုဖြစ်တဲ့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ဆောင်ရွက်မှုက ဘာတွေဖြစ်မလဲ။**

ဖြေ။ ။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ လုပ်ငန်းက မြို့ပြစီမံကိန်းတွေ အဓိက ရေးဆွဲတာပါ။ ဒီလိုမြို့ပြစီမံကိန်း ရေးဆွဲတဲ့နေရာမှာ ဒီနှစ်ထဲ မြို့ပေါင်း ၂၀ မြို့ရဲ့ စီမံကိန်းတွေ ရေးဆွဲနိုင်ခဲ့ပါတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး မြို့ပြဖွံ့ဖြိုးရေး ကိစ္စတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အိမ်ရာတွေအနေနဲ့ စတုတ္ထ(၁)နှစ်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာ အခန်းပေါင်း ၁၁၄၄ ခန်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ အခန်းပေါင်း ၆၇၆ ခန်းကို အကောင်အထည်ဖော်တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဝန်ထမ်းအိမ်ရာအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဝန်ထမ်းအခန်းပေါင်း ၂၅၃၈ ခန်း တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမှာ ဝန်ထမ်းအငှားအိမ်ရာဆိုပြီး အခန်းပေါင်း ၆၇၆ ခန်းကို တည်ဆောက်ပြီး ဝန်ထမ်းတွေကို နေရာချထားပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ကိုရီးယားနိုင်ငံ Land and Housing Corporation(LH)နဲ့ ပူးပေါင်းပြီး Korea Myanmar Industrial Complex (KMIC) ဆိုပြီး ဆောင်ရွက်နေတာရှိပါတယ်။

**မေး။ ။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ စတုတ္ထ (၁)နှစ်တာကာလအတွင်း ကျေးလက်လမ်း ဖော်ဆောင်ခဲ့မှုနဲ့ ပတ်သက်ပြီး ပြောပြပေးပါဦးရှင်။**

ဖြေ။ ။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ကျေးလက်လမ်းမိုင်ပေါင်း ၅၅၀၀၀ ကျော်ရှိတဲ့အနက် ၂၀၃၀ ပြည့်နှစ်မှာ ရာခိုင်နှုန်းအားဖြင့် ၉၀ ရာခိုင်နှုန်းကို ရာသီမရွေးလမ်း၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်းတွေအဖြစ် ဆောင်ရွက်ဖို့အတွက် Class A – B – C ခွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ် ဧပြီလ ၁၇ ရက်က နိုင်ငံတော်သမ္မတကြီးရဲ့ နှစ်သစ်ကူးမိန့်ခွန်းမှာ ကျေးလက်လမ်းမိုင်ပေါင်း ၆၀၀ ခန့် ဖောက်လုပ်ပေးမယ်လို့ ပြောကြားခဲ့တာရှိပါတယ်။

ဒီလို နိုင်ငံတော်သမ္မတကြီးရဲ့ ပြောကြားမှုအပေါ် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျောက်လမ်း ၄၆၄ မိုင်နဲ့ ဂဝံလမ်း ၁၀၆၈ မိုင် စုစုပေါင်း ၁၅၃၂ မိုင်၊ ပြီးတော့ ကွန်ကရစ်လမ်းမိုင် ၁၀၀၀ ဆောင်ရွက်ပေးမယ်ဆိုတဲ့နေရာမှာ ကွန်ကရစ်လမ်းပေါင်း ၃၅၁ မိုင်၊ ကတ္တရာလမ်း ၃၇၄ မိုင် စုစုပေါင်း ၇၂၅ မိုင်၊ ဒီနှစ်ခုပေါင်း မိုင်ပေါင်း ၁၆၀၀ ဆိုပြီး သမ္မတကြီးက ဆောင်ရွက်ဖို့ ပြောတဲ့အပေါ် ၂၂၅၇ မိုင် ဆောင်ရွက်ပြီးစီးခဲ့တဲ့အတွက် လျာထားချက်ထက် ၆၅၇ မိုင် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ စတုတ္ထ(၁)နှစ်တာအတွင်းမှာ ကွန်ကရစ်တံတား အစင်း ၅၄၀၊ သစ်သားတံတား ၂၂ စင်း၊ ဘေလီကြိုးတံတား ၁၇ စင်း၊ ရေကျော်ကြိုးတံတားပေါင်း ၈၆ စင်းနဲ့ Box Culvert အစင်း ၁၄၁၀ ကို တည်ဆောက်ခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနမှာရှိတဲ့ ဦးစီးဌာန ၅ ခု အနေနဲ့ သက်ဆိုင်ရာ ကဏ္ဍအလိုက် လမ်း၊ တံတားနဲ့ မြို့ပြအိမ်ရာတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ။



မွန်ပြည်နယ် မော်လမြိုင်-ကျိုက်မရောလမ်းပိုင်းကို တွေ့ရစဉ်။